# အစိမ်းသရဲတစ္ဆေမှတ်ပြိတ္တာများနှင့်

# ပဗ္ဗာဇနိယကမ္မဝါစာအစွမ်း

ချိဝေဝိရ (ဓမ္မာစရိယ၊ သီအော)



## စုန်း (၇) မျိုးရှိသတဲ့

✽ ✽ ✽

ခြေစုန်း(ရှာသူ)၊ ခေါင်းစုန်း(နဖားတပ်)၊

ကိုယ်စုန်း(ဆင်ကွပ်)၊ မောက်လုံးစုန်း (စုန်း)၊

မောက်ပြားစုန်း (ရှာသမီး)၊ အိန့်တလိန်စုန်း (ဇော်ဂနီ)၊

ကဝေမြောက်စုန်း(ကဝေ) စသည်... စသည်...

တို့၏ အကြောင်းများ...

- ပူးခြင်း၊ ကပ်ခြင်းဆိုရာ၌ တစ္ဆေသရဲတို့သည် အရဏ်တက် လင်းအားကြီးချိန်၊ မွန်းတည့်ချိန်၊ နေဝင်ရီတရောအချိန်၊ နွားရိုင်းသွင်းချိန်၊ သန်းခေါင်ယံအချိန်များတွင် ကျက်စားသွားလာတတ်ပြီး ပူးတတ်၊ ကပ်တတ်၊ ခြောက်လှန့်တတ်သည်။

- တွေ့မြင်ဖူးသူတို့က ခေါင်းကြီးက ပုတ်လောက်၊ မျက်လုံးကြီးက လင်ကွင်းလောက်၊ ကိုယ်ခန္ဓာက ထန်းပင်လောက်၊ လျှာက တစ်တောင်လောက် ထွက်နေသည်။ အမွေးများက စုတ်ဖွားကြီး စသည်ဖြင့် ပြောဆိုကြသည်။

- ဖုတ်ဝင်သူအိပ်ရာအောက်၌ ဩဇာရွက်ခင်းခြင်း၊ ဘုရားအင်္ဂတေခင်းခြင်း၊ ခေါင်းအုံးအောက် လှံဖိနပ်ထိုးခြင်း၊ လက်ဖွဲ့ချည်ပေးခြင်း၊ ပရိတ်ကမ္မဝါစာ ရွတ်ဖတ်၍ နှင်ထုတ်ခြင်း စသည်...စသည်...

# အစိမ်းသရဲ တစ္ဆေ ဖုတ်ပြိတ္တာ
# များနှင့်
# ပဗ္ဗာဇနီယကမ္မဝါစာအစွမ်း

တက္ကသိုလ်သျှင်သီရိ (ဓမ္မာစရိယ၊ ဘီအေ)

---

ဖြန့်ချိရေး ◆ မြတ်ပန်းရဂုံစာပေ
အမှတ် ၉၁၉၊ ၅၂ ရပ်ကွက်၊ ဧရာ ၆ လမ်း
မြောက်ဥက္ကလာပ၊ ရန်ကုန်မြို့။

စာမူခွင့်ပြုချက် ● ၉၄/၉၆(၁၁)
မျက်နှာဖုံးခွင့်ပြုချက် ● ၆၃/၉၆(၁၂)
ထုတ်ဝေသည့်ကာလ ● ၁၉၉၇-ခု၊ ဖေဖော်ဝါရီလ
ထုတ်ဝေသည့်အကြိမ် ● ပထမအကြိမ်
အုပ်ရေ ● ၅၀၀
မျက်နှာဖုံးပန်းချီ ● ရွှေစိုးဟန်
မျက်နှာဖုံးကာလာခွဲ ● *SANN SCANGRAPHICS*
ကွန်ပျူတာစာစီ ● မျိုးမော်ကွန်ပျူတာ
(ဖုန်း - ၂၇၇၄၅၆)

## ထုတ်ဝေသူ

မောင်ရဲမြင့် (မြဲ ၀၁၀၄၉)၊ တက်လမ်းစာပေ၊
အမှတ်- ၉၆၇၊ ပဒေသာရပ်၊ ဈေးဘွားကြီးကုန်း၊ အင်းစိန်မြို့နယ်။

## ပုံနှိပ်သူ

ဦးကျော်ဌေး (မြဲ ၀၂၇၇၃)၊ ရွှေဇင်ကျော်ပုံနှိပ်တိုက်၊
အမှတ်- ၂၅၁၊ ၃၉-လမ်း၊ ရန်ကုန်မြို့။

## မျက်နှာဖုံးပုံနှိပ်သူ

ဦးကျော်စိန် (မြဲ ၀၂၉၀၉)၊ ကျောက်စိမ်းအော့ဖ်ဆက်၊
အမှတ်-၁၇၁၊ ၃၃-လမ်း၊ ရန်ကုန်မြို့။

---

တန်ဖိုး -ခြောက်ဆယ့်ငါးကျပ်

✤ မင်းကွန်းအာလယ်တောရဆရာတော် အမေး။

❖ မန်လည်ဆရာတော် အဖြေ။

မေး။ ။ ပြောကြချင်၊ လောကတွင် တစ္ဆေရှိသတဲ့။ ဆွေသိပုံလား။ သိပါချင် ရှိပါလျှင် တစ္ဆေဆိုတဲ့ သည်ပုဂ္ဂိုလ်ကောင်သရုပ်ကို ကျမ်းအုပ်လို့ကြား။

ဖြေ။ ။ ပြောပြချင် လောကတွင် တစ္ဆေရှိသည်ဟု နှံ့သိကျော်ကြား။ မျိုးတူဆွေ၊ သည် တစ္ဆေ ရှိမည်မဟုတ်ပါဘူး။ မြေဖုတ်ကို တစ္ဆေ ပြောကြတယ်၊ လောကလူများ။

## မြတ်ပန်းရုံစာပေတိုက်တွင် ရရှိနိုင်သော

## စာရေးဆရာ တက္ကသိုလ်သျှင်သီရိ (မွေ့စရိယာ၊ ဘီအေ) ၏

## စာအုပ်ကောင်းများ


၁။ ကိုယ်တွေ့ဖြစ်ရပ်မှန် သစ္စာတန်ခိုးတော်များ ........ ၃၀ ကျပ်

၂။ ရဟန္တာဟူသည် (တတိယအကြိမ်) ............. ၆၀ ကျပ်

၃။ ငရဲဟူသည် (ဒုတိယအကြိမ်) .................. ၆၅ ကျပ်

၄။ လင်ကောင်းတစ်ယောက် ကျောက်ကောင်းတစ်စေ့ ... ၆၅ ကျပ်

၅။ သေရွာပြန်တို့၏ ဖြစ်ရပ်မှန်ဘဝအတွေ့အကြုံများ
(တတိယအကြိမ်) ......................... ၆၅ ကျပ်

၆။ မွေးပုံ့သင်းထုံ မြတ်သီလဂုဏ် (ဒုတိယအကြိမ်) ... ၆၀ ကျပ်

၇။ လာခြင်းကောင်း၍ ပြန်ခြင်းချမ်းမြေ့ပါစေ .......... ၆၅ ကျပ်

၈။ ဤသည်မိန်းမ ဣတ္ထိဝတ် .................... ၆၀ ကျပ်

**ယာရ**

၉။ အစိမ်းသရဲ တစ္ဆေ ဖုတ်ပြိတ္တာများနှင့်
ပဗ္ဗာဇနိယကမ္မဝါစာအစွမ်း .................. ၆၅ ကျပ်

**ဆက်သက်ရှိ**

၁၀။ ဗုဒ္ဓဂုဏာမြတ်ဂါထာ ........................ ၆၀ ကျပ်

၁၁။ လူနတ်ပြဟ္မာဟူသည် ...................... ၇၅ ကျပ်

၁၂။ ရကြပါစေ အမှုဝေခဲ် ........................ ၆၅ ကျပ်

# အမှာစာ

ယမန်နှစ်က မြန်မာနှစ်သစ်ကူး၊ နှစ်ဆန်း(၁)ရက်နေ့ ညနေတွင် စာရေးသူနေထိုင်သော မြောက်ဥက္ကလာပမြို့နယ် (၈)ရပ်ကွက်၊ သုနန္ဒာ (၃)လမ်းတွင် နှစ်ဆန်း(၁)ရက် အန္တရာယ်ကင်း ပရိတ်ရွတ်ပွဲ ကျင်းပပါသည်။

ဤနှစ်သစ်ကူး နှစ်ဆန်း(၁)ရက် အန္တရာယ်ကင်းပရိတ် ရွတ်ပွဲသည် မြန်မာနိုင်ငံအနှံ့ ဗုဒ္ဓဘာသာဝင်တို့သည် နှစ်သစ်၌ အန္တရာယ်ကင်း ဘေးရှင်းပြီး ကျန်းမာချမ်းသာစွာ လုပ်ကိုင် နေထိုင်စားသောက်နိုင်ရေးအတွက် လည်းကောင်း၊ ရောဂန္တရ ကပ်၊ သတ္ထန္တရကပ်၊ ဒုဗ္ဘိက္ခန္တရကပ်ဟူသော ကပ်(၃)ပါး မကပ် ရောက်ရေးအတွက် လည်းကောင်း ရည်ရွယ်ပြီး အန္တရာယ် ကင်း ပရိတ်ရွတ်ဖတ်ကြလေ့ ရှိကြပါသည်။

ဤပရိတ်ရွတ်ပွဲတွင် သင်္ကြန်ပရိတ်ရေအိုးနှင့် ပရိတ် ချည်တို့သည် မရှိမဖြစ် ပါရသောပစ္စည်းဝတ္ထုများ ဖြစ်သလို ရဟန်းသံဃာတော်များကလည်း ပရိတ်ရွတ်ဖတ်ပြီးလျှင် ဇမ္ဗူဇ နိယကမ္ဘဝါစာကို မရွတ်မဖြစ် သဘောဖြင့် ရွတ်ဖတ်လေ့ ရှိကြသည်။

## ပဋ္ဌာနနိယကမ္မဝါစာအစွမ်း

ပဋ္ဌာနနိယကမ္မဝါစာ ရွတ်ဖတ်ခြင်းသည် ရပ်ရွာ၊ ရပ်ကွက်အတွင်းရှိ လူတို့အား ဖမ်းစား၊ ခြောက်လှန့်ဒုက္ခပေးတတ်သော အစိမ်းသရဲ တစ္ဆေ၊ ဖုတ်၊ ပြိတ္တာ၊ မြေဘုတ်ဘီလူးစသည်တို့ မနေရအောင် မနှောက်ယှက်ရအောင် နှင်ထုတ်ပေးခြင်းသဘောကို အားလုံးက သဘောပေါက် နားလည်ထားကြပါသည်။

စာရေးသူတို့ရပ်ကွက် အန္တရာယ်ကင်းပရိတ်ရွတ်ပွဲတွင် လမ်းအကျိုးဆောင် လူငယ်တစ်စုက ပရိတ်ရွတ်ပွဲအပြီး ညနေနေဝင်ရီတရောအချိန်တွင် အိမ်တိုင်းက သံပုံးများတီးကြရန် ပြောကြားကြပါသည်။ ထိုသို့ပြောကြားသည့်အတွက် လမ်းထဲရှိ ကလေးသူငယ်များက ညနေမိုးချုပ်စအချိန်တွင် သံပုံးများ ဆူညံစွာ တီးခတ်ကြပါသည်။

ဤသည်မှာ အစိမ်းသရဲ၊ တစ္ဆေ၊ ဖုတ်၊ ပြိတ္တာများကို နှင် ထုတ်ခြင်းဟု နားလည်ထားကြပါသည်။

ထိုကိစ္စများနှင့် ပတ်သက်၍ လမ်းမိဘတစ်ဦးဖြစ်သော စာရင်းစစ်ရုံးမှ စာရင်းစစ်အရာရှိ ဦးညွန့်ဝင်းက စကားစပ်ရင်း–

"ဆရာဦးကိုကိုမြိုင် ကျွန်တော်တို့ ဗုဒ္ဓဘာသာတွေဟာ ယခုလို နှစ်သစ်ကူးမှာ ဘာပြုလို့ ပဋ္ဌာနနိယကမ္မဝါစာကို ရွတ်ပါသလဲ၊ ဒီ ကမ္မဝါစာက ဒီအချိန်ကြမှဘဲ ရွတ်ရသလား၊

အခြားအချိန်တွေမှာကော မရွတ်ရဘူးလား”ဟု မေးလာပါသည်။

စာရေးသူက လွယ်လွယ်ကူကူပင်–

“ရပ်ကွက်ထဲ၊ လမ်းထဲမှာ မှီခိုနေတဲ့ အစိမ်းသရဲတစ္ဆေ၊ ဘီလူးတွေ မနေရအောင်၊ လူတွေကို ဒုက္ခမပေး၊ အန္တရာယ်မပြုရလေအောင် ဒီကမ္မဝါစာနှင့် နှင်ထုတ်ကာပါ၊ နှစ်သစ်ကူးမှာ အန္တရာယ်ကင်းဖို့အတွက် ဒီပုဂ္ဂိုလ်တွေကို နှင်ထုတ်ရာမှာ ဒီကမ္မဝါစာကို ဆရာတော်၊ သံဃာတော်တွေက အသုံးပြုကြတယ်”ဟု အဖြေပေးလိုက်မိပါသည်။ သူက စာရင်းစစ်ပီပီ မေးခွန်းတစ်ခု ထပ်တက်လာပါသည်။

“ဒီလိုဆို ဒီကမ္မဝါစာ ရွတ်ပြီးရင် ဦးကိုကိုမြိုင်ပြောတဲ့ တစ္ဆေသရဲတွေ ထွက်သွားပြီး၊ ကမ္မဝါစာက သူတို့ကို နှင်ထုတ်ထားပြီးပြီ၊ အဲဒါ သံပုံးတီးထုတ်ဘို့ လိုသေးသလား”ဟု ထပ်မံ မေးလာပါသည်။

“မလိုတော့ပါဘူး၊ ဒါပေမဲ့ ရဟန်းသံဃာတွေက သံဃာအမိန့်နှင့် နှင်ထားသလို ကျွန်ုပ်တို့ လူတွေကလဲ မကြိုက်ကြောင်း သက်သေထပ်ပြတဲ့အနေနဲ့ ထပ်မံပြီး သဘောထားပြတဲ့အနေနဲ့ သံပုံးတီးထုတ်တာပေါ့ဗျာ”ဟု အဖြေပေးခဲ့ပါသည်။

## ပဋ္ဌာနနိယကမ္မဝါစာအစွမ်း

စာရေးသူသည် ထိုအဖြေကို သာမန်သဘော အဖြစ်မျှသာ ဖြေကြားခြင်း ဖြစ်ပါသည်။ ဦးညွန့်ဝင်းကလည်း ထပ်မံ စကားမဆက်တော့ပါ။

ဤသို့နှင့်ပင် ထိုကိစ္စ ဆွေးနွေးပြီးသွားပြီးနောက် မကြာခင်ပင် မိတ်ဆွေတစ်ဦးက မြောက်ဒဂုံတွင် မြေကွက်ရ၍ မြောက်ဒဂုံသည် ကွင်းကြမ်းသည်၊ ကွင်းပိုင်ရှိသည်၊ သူရထားသော မြေနေရာသည် သိုက်မလွတ်၊ မြေမသန့်၍ ဆရာတော် သံဃာတော်များ ပင့်ပြီး ပဋ္ဌာနနိယ ကမ္မဝါစာ ရွတ်ပြီးမှ အိမ်ဆောက်ရမည်ဟု ပြောပြသည်။

ထိုမိတ်ဆွေအိမ်တွင် သံဃာတော်များက ပဋ္ဌာနနိယ ကမ္မဝါစာ ရွတ်၍ နှင်ထုတ်ရာဝယ် နာနာဘာဝများ ထွက်သွားသည့် အခြေအနေနှင့် မနှင်ထုတ်မီ တစ်ညက သူတို့ကို ခြောက်လှန့်ပုံတို့ကို ပြောပြသည်။

စာရေးသူသည် ရဟန်းဘဝ ရှိစဉ်က ပထမစာရင်းစစ် ဦးညွန့်ဝင်း ဆွေးနွေးခဲ့သည့် နှစ်သစ်ကူး ပရိတ်ရွတ်ပွဲ၌ လည်းကောင်း၊ ယခု အိမ်ဆောက်ရာဝယ် မြေမသန့်၍ ပဋ္ဌာနနိယကမ္မဝါစာကို ရွတ်ဖတ်ပွဲ၌လည်းကောင်း၊ အိမ်သစ်တက် မင်္ဂလာတို့၌ လည်းကောင်း၊ မြေသန့်မင်္ဂလာတို့၌ လည်းကောင်း ပဋ္ဌာနနိယကမ္မဝါစာကို လိုက်၍ ရွတ်ဖတ်ဖူးပါသည်။

ထိုရွတ်ဖတ်စဉ်က ဤကမ္မဝါစာသဘောကို အလေး အနက် မစစ်ဆေး မစောကြောမိပါ၊ ဆရာအစဉ်အဆက် လက်ခံသဘောဖြင့် မိမိ၏သီလကိုသာ စင်ကြယ်စေပြီး ရွတ်ဖတ်ခဲ့ပါသည်။

ယခုအချိန်ဝယ် ထိုကမ္မဝါစာနှင့် ပတ်သက်၍ စိတ်ဝင် စားမိပါသည်။ ထိုကမ္မဝါစာသည် ဥပသမ္ပဒကံဆောင် ဥတ္တိ စတုတ္ထ ကမ္မဝါစာကဲ့သို့ပင် ဘုရားရှင်က ခွင့်ပြုထားခဲ့သော ကမ္မဝါစာလော၊ ဒါမှမဟုတ် သမ္ဗုဒ္ဓေဂါထာကဲ့သို့ ထင်ရှား သော ဆရာတော်တစ်ပါးပါးက စီစဉ်ထားခဲ့သလောဟု စော ကြော စုံစမ်း လေ့လာမိပါသည်။

မိမိပတ်ဝန်းကျင်ရှိ ဆရာကြီးများ၊ မထေရ်ကြီးများကို လည်း စုံစမ်းမေးကြည့်မိရပါသည်။ မိမိမေးခဲ့သမျှ သံဃာ တော်ထေရ်ကြီးများ၊ ဆရာကြီးများကမူ ဝိနည်းစူဠဝါ ပါရာ ဇိကဏ်လာ ပဗ္ဗာဇနီယကံကို နည်းမှီးပြီး ဤကမ္မဝါစာကို တီထွင်ခဲ့သည်ဟု အဖြေပေးခဲ့ကြပါသည်။

သာသနာဘယ်နှစ်က စခဲ့သလဲ၊ ဗုဒ္ဓသာသနာ စတင်ရာ အိန္ဒိယက စခဲ့သလား၊ မြန်မာပြည်သို့ ပိဋကတ် တော် စတင်သက်ဆင်းရာ သီရိလင်္ကာမှ စခဲ့သလား၊ ဒါမှ မဟုတ် မြန်မာပြည်က စတင် တီထွင်သုံးခဲ့သလား ဟူသော

## ပဋ္ဌာနနိုင်ကမ္မဝါတာအစွမ်း

သမိုင်းအစ ပြဿနာနှင့် ပတ်သက်၍ကား တိကျသောအဖြေ ကား မရခဲ့ပါချေ။

သို့အတွက် စာရေးသူသည် အခါနှင့်ရသလောက် သာသနာတော် ထွန်းကားပြန့်ပွားရေး ဦးစီးဌာနရှိ (ယခင် ဗုဒ္ဓ တက္ကသိုလ် စာကြည့်တိုက်) စာကြည့်တိုက်ရှိ ပေစာ၊ ပုရပိုက် စာများကို ရှာဖွေလေ့လာရပါသည်။ ကံအားလျော်စွာပင် ပေစာအချို့၌ ကမ္မဝါတနှင့် ပတ်သက်၍ ရှေးဆရာတော်ကြီးများ၏ အဆိုအမိန့်နှင့် မှတ်တမ်းအချို့ကို တွေ့ရှိရပါသည်။

စာရေးသူသည် ဤအဆိုအမိန့်များကို အမှီပြုပြီး ဤ **အစိမ်းသရဲတစ္ဆေ ဖုတ် ပြိတ္တာများနှင့် ပဋ္ဌာနနိုယ ကမ္မဝါတာအစွမ်း**စာအုပ်ကို ရေးသားတင်ပြရပါသည်။

သမိုင်းအထောက်အထားခိုင်လုံသော အဆိုအမိန့်များလည်း ရှိကောင်းရှိပါမည်။ စာရေးသူ လက်လှမ်းမမှီ မသိရှိရသေး၍ သိရှိရသမျှကိုသာ တင်ပြရခြင်း ဖြစ်ပါသည်။ သုတေသီများမှ ဆက်လက်တင်ပြရန်ကို မေတ္တာရပ်ခံအပ်ပါသည်။

စာရေးသူသည် ဤစာအုပ်၌သိစေလိုသော စေတနာမှာ ဗုဒ္ဓဘာသာ တရားတော်အရ အပါယ်လေးဘုံရှိသည်၊ အပါယ်လေးဘုံတွင် ပါသော ပြိတ္တာမျိုးနွယ်၊ တစ္ဆေသရဲ

သင်းကွဲပြီတ္တာ၊ မြေဖုတ်ဘီလူးတို့သည် အမှန်ရှိသည်။ ထို ပုဂ္ဂိုလ်များသည် လူတို့ကို အထူးသဖြင့် ရတနာသုံးပါး မမြဲသူ တို့ကို လစ်လျှင် လစ်သလို ဝင်ရောက်နှိပ်စက် ဖမ်းစား တတ်သည်။ အန္တရာယ်ဒုက္ခ ပေးတတ်သည်။

ထိုဒုက္ခပေးမှုတို့ကို သံဃာတော်များ၏ အာဏာစက် ဖြင့် ဖယ်ရှားနိုင်သည်။ သံဃာတော်များ အာဏာစက်ဖြင့် ဖယ်ရှား၍ရသော ကမ္မဝါစာ ရှိသည်။ ပရိတ်ကဲ့သို့ အစွမ်း ထက်သော ဤပဗ္ဗာဇနီယကမ္မဝါစာကို အသုံးပြုရသည်ကို သိစေလိုခြင်း ဖြစ်ပါသည်။

တဖန် ဗုဒ္ဓဘာသာဝင်တို့သည် ထိုသရဲတစ္ဆေများမှာ မနှောက်ယှက် ဖမ်းစား အန္တရာယ်မပြုနိုင်အောင် ရတနာ သုံးပါး မြဲရန် လိုသည်။

ဤသို့သော စေတနာဖြင့် ဤစာအုပ်ကို ရေးသား ပြုစုရပါသည်။ ဤစာအုပ် ဖြစ်မြောက်ရေးအတွက် ဆွေးနွေး ခဲ့သော မိတ်ဆွေများနှင့် ဤစာအုပ်ကို အရှုံးအမြတ် ပဓာန မထားဘဲ သာသနာပြုစိတ်ဓာတ်ဖြင့် ကြိုးကြိုးစားစား ထုတ် ဝေသော မြတ်ပန်းရဂုံစာပေမှ ဦးအောင်ကျော်ထူးတို့ကို လည်းကောင်း၊ လက်နှိပ်စက် ကူညီရိုက်ပေးသော သာသနာတော် ထွန်းကားပြန့်ပွားရေးဦးစီးဌာနမှ အငယ်တန်း

# ပဋ္ဌာနနိဿယကမ္မဝါစာအခွမ်း

လက်ရေးတိုမမြင့်မြင့်သန်း အားလည်းကောင်း၊ လိုအပ်သော စာများကို ဝိုင်းဝန်းကူညီပေးသော သမီးများ ဖြစ်ကြသည့် မခင်သူဇာ၊ မစန္ဒာမြင့်ကိုလည်းကောင်း အထူးကျေးဇူး တင်ရှိကြောင်း မှတ်တမ်းပြုအပ်ပါသည်။

တက္ကသိုလ်သျှင်သီရိ
ဦးကိုကိုမြိုင် ဓမ္မာစရိယ၊ ဘီအေ
အမှတ်(စ)၊ ၅၅၊ သုနန္ဒာ(၃)လမ်း
စ-ရပ်ကွက်၊ မြောက်ဥက္ကလာပ

# မာတိကာ

အကြောင်းအရာ　　　　　　　　　　　　စာမျက်နှာ


အမှာစာ


## အခန်း(၁)

## နှင်ထုတ်ခြင်း ပဗ္ဗာဇနီယကမ္မဝါစာ ဟူသည်


ကမ္မဝါစာ ၁

ပန်ကြားမှုဖြင့် ပြီးသော ကိစ္စများ ၂

ဘုရားရှင်လက်ထက် ပဗ္ဗာဇနီယ(နှင်ထုတ်ခြင်း)ဒေသနာ အစ ၆

ခရီးသွားရဟန်းနှင့် ဒါယကာ ၏ မေတ္တာ ရပ်ခံချက် ၇

ဘုရားရှင်၏ လမ်းညွှန်ချက် ၁၁

အဂ္ဂသာဝကနှစ်ပါး သွားရောက်နှင်ထုတ်ခြင်း ၁၄

အကျင့်မကောင်း–ပြန်မကျင့်ကြ အဿဇိပုနဗ္ဗသုက

ရဟန်းဆိုးများ ၁၄

ရဟန်းဆိုးတို့ကို နှင်ထုတ်ပြီ ၁၅

မတရားသော နှင်ထုတ်နည်းကံ (၁၂) မျိုး ၂၀

တရားသော ကံ (၁၂)မျိုး ၂၃

ပဗ္ဗာဇနီယကံ ပြုထိုက်သော ကံ (၁၄)မျိုး ၂၃

ပဋ္ဌာဒေနိယကံကျင့်အပ်သော ဝတ် (၁၈)မျိုး ၂၆
နှင်ထုတ်ခြင်း(ပဋ္ဌာဒေနိယကံ)ကို မငြိမ်းစေအပ်သော
အကြောင်း (၁၈)မျိုး ၂၈
ပဋ္ဌာဒေနိယကံ ငြိမ်းစေပုံ ၂၉

## အခန်း(၂)

## မြန်မာ နိုင်ငံနှင့် ပဋ္ဌာဒေနိယကမ္မဝါစာ

ရာမညတိုင်း သာသနာ့သမိုင်းအစ ၃၃
ပဋ္ဌာဒေနိယကမ္မဝါစာ အစ သထုံပြည်က ၃၇
ကျွန်စစ်မင်းကြီးနန်းတည်မြေသန့်စင်ပဋ္ဌာဒေနိယကမ္မဝါစာပင် ၃၈
အင်းဝနတ်စက်ရောင်ဆရာတော်ပဋ္ဌာဒေနိယကမ္မဝါစာပေါ် ၃၉
မန္တလေးပလိပ်ရောဂါဘေးနှင့် ပဋ္ဌာဒေနိယကမ္မဝါစာ ၄၀
မင်းကိုယ်ချည် ၄၂

## အခန်း(၃)

## ပဋ္ဌာဒေနိယကမ္မဝါစာ

ပဋ္ဌာဒေနိယကမ္မဝါစာ အမိန့်တော်ပြန်တမ်း ၄၄
ပဋ္ဌာဒေနိယကမ္မဝါစာ ဖတ်ကြားခြင်း ၅၅
အိမ်ရှင်တို့ စစ်မေးခြင်း ၅၇
ပဋ္ဌာဒေနိယကမ္မဝါစာဖတ်နည်းသင်္ကေတ ၅၉
ပဋ္ဌာဒေနိယကမ္မဝါစာ ၆၁

# အခန်း(၄)

## လူကိုဖမ်းစားတတ်သူများ


| | |
|---|---|
| ပဗ္ဗာဇနိယကမ္မဝါစာပါ အစိမ်းတစ္ဆေများစွာ | ၆၃ |
| ဘီလူး | ၆၅ |
| ဂန္ဓဗ္ဗနတ် | ၆၆ |
| စုန်း (၇)မျိုး | ၆၈ |
| ကုမ္ဘဏ်ရက္ခိုက် | ၇၀ |
| နဂါး | ၇၃ |
| အစိမ်းသရဲတစ္ဆေမြေဖုတ်ဘီလူးကျတ်များ | ၇၅ |
| အစိမ်းသရဲတစ္ဆေတို့၏ အဆင့်အတန်း | ၇၆ |
| တစ္ဆေသရဲ | ၇၇ |
| တစ္ဆေခြောက်ခြင်းအကြောင်း | ၇၉ |
| ကိုယ်ထင်ပြခြင်း | ၈၀ |
| အနံ့ပေးခြင်း | ၈၁ |
| ပူးကပ်ခြင်း | ၈၁ |
| ဖုတ်ဝင်ခြင်း | ၈၂ |
| ဖုတ်ဝင် မြန်မာတို့အယူအဆ | ၈၂ |
| စုန်း၊ တစ္ဆေသရဲ ပူးကပ်နိုင်မှု | ၈၂ |

(၃)

## အခန်း(၅)

### အစိမ်းသရဲတစ္ဆေနှင့် ပဗ္ဗာဇနိယကမ္မဝါစာ အဖြစ်အပျက်များ


လူသေကဲ့သို့နေသော မယ်ပုညဝတီဝတ္ထု ၈၅
၁၅–ရက်ကြာလျှင် သေတော့မည်ဟု ဆရာဝန်က
ပြောသော ဒေါ် ယုံဝတ္ထု ၈၆
ဆရာ(၅)ယောက် လက်လွှတ်ခဲ့သော မအေးမေဝတ္ထု ၈၇
သရဲ(၅)ယောက် အိမ်ပေါ် ကဆင်းသွားသည်ကို
မြင်ရသော မဂွမ်းဝတ္ထု ၈၈
သရဲက အစာတောင်းသော မယ်ညွှာဝတ္ထု ၈၉
ငွေ ၄၀၀ ကျော် ကုန်သော မောင်လိမ်ရွှေဝတ္ထု ၉၀
(၇)ရက်တိုင်တိုင် လက်မောင်းကိုက်သော မကြင်စံဝတ္ထု ၉၁
ဆရာဝန်ကျွန်တော် နှင့်ပဗ္ဗာဇနိယကမ္မဝါစာ အတွေ့အကြုံ ၉၃
ပဗ္ဗာဇနိယကမ္မဝါစာဖြင့် ကယ်ခဲ့ရသော နန်းအေးကြည် ၁၁၆
ပဗ္ဗာဇနိယကမ္မဝါစာနှင့် ကျတ်သရဲနီရဲ ၁၁၇
ပုဏ္ဏားကတိုက်နှင့် ပဗ္ဗာဇနိယကမ္မဝါစာ ၁၂၆
ပဗ္ဗာဇနိယကမ္မဝါစာနှင့် ကညင်ပင်ဖုတ်သရဲ ၁၄၀
ပရိတ်နှင့်ပဗ္ဗာဇနိယကမ္မဝါစာ အကျိုးကျွန်မဂုဏ်ယူမိသည် ၁၄၈
ထူးဆန်းထွေလာ ပဗ္ဗာဇနိယကမ္မဝါစာ ကိုယ်တွေ့ဖြစ်ရပ်မှန် ၁၅၄
ဖုတ်တစ္ဆေကပ်ကျွန်မအမေဘဝ ပဗ္ဗာဇနိယကမ္မဝါစာနှင့်
နှင်ချရ ၁၆၂

# အခန်း (၁)

## ၁။ နှင်ထုတ်ခြင်း(ပဗ္ဗာဇနီယ)ကမ္မဝါစာ ဟူသည်

### ကမ္မဝါစာ

ကမ္မဝါစာဟူသည် ကံကြီးကံငယ်ကို ပြုသောကာလ၌ ရွတ်ဆိုအပ်သောစကား ဖြစ်ပါသည်။

- ကမ္မဝါစာ၌ (ကမ္မ+ဝါစာ)ကံကို ရွတ်ဆိုကြောင်း စကား၊ ကံကိုပြုသောအခါ ရွတ်ဆိုအပ်သော စကားဟူရာ၌ ကမ္မအရ ကံ(၄)မျိုး ခွဲခြားထားပါသည်။

(၁) အပလောကနကံ = ပန်ကြား၍ ပြုလုပ်ကြောင်းဖြစ်သောကံ၊ ဥပစာရသိမ်၌ တည်သော သံဃာတော်ကို သုတ်သင်၍ ဆန္ဒပေးထိုက်သော ရဟန်းတို့၏ ဆန္ဒကိုဆောင်၍ ညီညွတ်သော သံဃာ၏ အလိုအားဖြင့်

သုံးကြိမ် ပန်ကြားစေ၍ ပြုအပ်
သောကံ ဖြစ်သည်။

**ပန်ကြားမှုဖြင့် ပြီးသောကံစုများ**

(က) သံဃာဘောင်သို့ သွင်းခြင်း၊
(ခ) သံဃာ့ဘောင်မှ နှင်ထုတ်ခြင်း၊
(ဂ) ရှင်လောင်းကို ဆံရိတ်ပေးခြင်း၊
(ဃ) ဗြဟ္မဒဏ်ပေးခြင်း၊
(င) ကံဟူ၍ မှတ်သားအပ်သော အဘိဝန္ဒိယ စသော ကမ္မလက္ခဏာ၊

ဤဆိုအပ်သောကံတို့တွင် ဥပမာအားဖြင့် ကဏ္ဍကသာမဏေကဲ့သို့ ဒဏ်ပေးသောအားဖြင့် ထုတ်သောသူကို တဖန် သံဃာဘောင်သို့ ပြန်သွင်းခြင်း ဖြစ်သည်။

သံဃာဘောင်မှ နှင်ထုတ်ခြင်းမှာ ကဏ္ဍကသာမဏေကဲ့သို့ ဒဏ်မှုပေးခြင်းအားဖြင့် သံဃာဘောင်မှ နှင်ထုတ်ခြင်း ဖြစ်သည်။

ဗြဟ္မဒဏ်ပေးခြင်း ဆိုသည်မှာ ဆန္နရဟန်းအား ပေးသော ဒဏ်မျိုး ဖြစ်သည်။ ဤဆန္နရဟန်းသည် သူပြောလိုရာ စကားကို ပြောနိုင်၏၊ သို့သော် ရဟန်းတို့က ထိုဆန္နရဟန်းကို ဘာမျှ မပြောဆိုဘဲ မဆုံးမဘဲ မတားမြစ်ဘဲ နေခြင်း ဖြစ်သည်။

– ကံဟူ၍ မှတ်သားအပ်သော အဘိဝန္ဒိယ စသော ကမ္မလက္ခဏာဆိုသည်မှာ ဘိက္ခုနီမတို့အား ပေါင်ကို လှန်ပြ ခြင်း စသော အပါသာဒိကရဟန်းတို့အား ဘိက္ခုနီမတို့က ရှင်းရဟန်းတို့ကို ရှိမခိုးထိုက်ကြောင်း ရှိမခိုးကြန်ှင့်ဟု ပြုထား သော အမှုကိစ္စမျိုး ဖြစ်သည်။

ဤ (၅)ပါးသော အကျိုးကိစ္စတို့ကို ပြီးစီးစေနိုင်သည်။

(၂) ဥတ္တိကံ = သုဏာတုမေ အစရှိသည်ဖြင့် သံဃဂိုဏ်း ပုဂ္ဂိုလ်တို့ကို သိစေခြင်း ဖြစ်သည်။

(ညီညွတ်သောသံဃာ၏အလိုအားဖြင့် ဉတ်တစ်ကြိမ် ရွတ်ဖတ်၍ ပြုအပ်သောကံ ဖြစ်သည်။)

ဥတ္တိကံဖြင့် ပြီးသောကိစ္စမှာ–

(က) ရဟန်းလောင်းကို သံဃာဘောင်သို့ သွင်းခြင်း၊

(ခ) ရဟန်းဆိုးတို့ကို နှင်ထုတ်ခြင်း၊

(ဂ) ဥပုသ်ပြုခြင်း၊

(ဃ) ပဝါရဏာပြုခြင်း၊

(င) ရဟန်းတော်ကိုဆုံးမရန် မိမိကိုယ်ကို သမုတ်ခြင်း၊

(စ) စွန့်အပ်သောသပိတ်၊ သင်္ကန်း စသည်တို့ကို ပြန်လည်၍ ပေးအပ်ခြင်း၊

(ဆ) အာပတ်ကို ခံယူခြင်း၊

(ဇ) ပဝါရဏာငင်ခြင်း၊

(၈) တစ်ခုသော အဓိကရုဏ်းကို မျက်ဖြင့် ဖုံးလွှမ်း သကဲ့သို့ ဖုံးလွှမ်း၍ ငြိမ်းစေခြင်းဟု ဆိုအပ်သော ကံဟူ၍ မှတ်သားအပ်သော ကမ္မလက္ခဏာ၊

ဤ (၉)ပါးသော အမှုကိစ္စ ပြီးစီးစေနိုင်ပါသည်။

(၃) ဉတ္တိဒုတိယကံ = ဉတ်လျှင် နှစ်ခုမြောက်သောကံ ဖြစ်သည်။

ညီညွတ်သောသံဃာ၏အလိုဖြင့် ဉတ်တစ်ကြိမ် ကမ္မဝါစာတစ်ကြိမ် ရွတ်ဖတ်၍ ပြုအပ်သောကံ ဖြစ်သည်။

(က) သပိတ်လှန်ခြင်း၊

(ခ) သပိတ်မှောက်ခြင်း၊

(ဂ) သိမ်သမုတ်ခြင်း၊

(ဃ) ကထိန်သင်္ကန်းပေးခြင်း၊

(င) ကထိန်နှုတ်ခြင်း၊

(စ) ကျောင်းနေရာကို ကြားခြင်း၊

(ဆ) ဝိနည်းသိက္ခာပုဒ်ကို မသိချင်ယောင် ဆောင်ခြင်း ကြောင့် မောဟနဂ္ဂံသို့တင်ခြင်းဟု ဆိုအပ်သော ကမ္မလက္ခဏာ ဤ(၇)ပါးသောကိစ္စတို့ကို ပြီးစေ နိုင်ပါသည်။

(၄) ဥက္ခိတ္တပုဋ္ဌကံ = ဥတ်လျှင်လေးကြိမ်မြောက်သောကံ ဖြစ်သည်။
ညီညွတ်သောသံဃာ၏ အလိုအားဖြင့် ဥတ် တစ်ကြိမ်၊ ကမ္မဝါစာ (၃)ကြိမ်တို့ဖြင့် ရွတ်ဖတ်၍ ပြုအပ်သောကံ ဖြစ်သည်။

ဥက္ခိတ္တပုဋ္ဌကံဖြင့် ပြီးသောကိစ္စများမှာ–

(က) ပဗ္ဗာဇနီယစသောကံ (၇)ပါးတို့ကို ငြိမ်းစေသည်၏ အစွမ်းဖြင့် နှင်ထုတ်ခံရသော ရဟန်းကို သံဃာဘောင်သို့ သွင်းခြင်း၊

(ခ) ပဗ္ဗာဇနီယစသောကံ(၇)ပါးတို့ကို ပြုပြင်ခြင်းကြောင့် သံဃာ့ဘောင်မှ နှင်ထုတ်ခြင်း၊

(ဂ) ဘိက္ခုနောဝါဒကသမ္မုတိ ပေးခြင်း၊

(ဃ) ပရိဝါသ်မာနတ်ပေးခြင်း၊

(င) ပရိဝါသ်နေသောရဟန်းအား အရင်းသို့ဝင်သည်၏ အစွမ်းဖြင့် နှိပ်ခြင်း၊

(စ) အရိဋ္ဌရဟန်းကဲ့သို့သော ရဟန်းအား ဥက္ခိတ္တာနုဝတ္တက စသော ဥတ်ကမ္မဝါစာဖြင့် ဆုံးမခြင်း၊

(ဆ) ရဟန်းဟူ၍ သမုတ်ခြင်း၊ မာနတ္တရဟန်းကို သံဃာဘောင်သို့ သွင်းခြင်း စသောကံဟူ၍ မှတ်အပ်သော ကမ္မလက္ခဏာ။

## ဘုရားရှင်လက်ထက် ပဗ္ဗာဇနိယ (နှင်ထုတ်ခြင်း) ပြဿနာအစ

ဘုရားရှင်သည် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ သီတင်းသုံးနေချိန် ဖြစ်သည်။

ထိုအချိန်တွင် ဆဗ္ဗဂ္ဂီအသိုင်းအဝိုင်းဝင်ဖြစ်သော အဿဇိနှင့် ပုနဗ္ဗသုက ရဟန်းတို့သည် ကီဋာဂိရိ၌ ကျောင်းထိုင်ဆရာတော်များ ဖြစ်ကြပြီး တပည့်ရဟန်းများစွာနှင့် နေသည်။

ထိုရဟန်းများသည် အရှက်အကြောက် မရှိကြချေ။ ပန်းများကို စိုက်ပျိုးကြသည်။ ပွင့်လာသောပန်းတို့ကို ပန်းကုံး၊ ပန်တံ၊ ပန်းလက်ကောက်၊ ဦးဆောက်ပန်း၊ နားသွပ်ပန်းတို့ကို ပြုလုပ်ကြကာ အမျိုးသမီးများကို ပေးကြသည်။

ထိုအမျိုးသမီးများကို ပန်းကုံး စသည်တို့ကို ပေးပြီး ထိုအမျိုးသမီးများနှင့်အတူ ခွက်တစ်ခုထဲ၌ အစားအစာ အတူတူ နှိုက်စားကြလေ့ ရှိကြသည်။ သောက်ရေခွက်တစ်ခွက်ထဲ အတူသောက်ကြသည်။ အတူတူထိုင်ကြသည်။ ကုတင်ညောင်စောင်း၌ အတူတူအိပ်ကြသည်။ စောင်အခင်း အတူတူခင်း အတူတူခြုံအိပ်ကြလေ့ ရှိသည်။

အခါမဲ့၌ စားသောက်ကြသည်။ ပန်းနံ့သာတို့ကိုလည်း လိမ်းကျံကြသည်။ ကချေသည်မများ တီးမှုတ်သူများ

နှင့်လည်း အတူတူ ရောနှောကာ ကခုန်သီဆို တီးမှုတ်ကြ သည်။ ကပွဲအလယ်၌ ဒုကုဋ္ဌသက်န်းကို ခင်းကာ "နှမ ဤ နေရာ၌ ကခုန်ကြလော့"ဟု ဆိုကာ ကစေသည်။ ပြီးလျှင် ကောင်းချီးသြဘာလည်း ပေးကြသည်။

ဤသို့ဖြင့် အကျင့်ဆိုးအမျိုးမျိုးတို့ကို ပြုလုပ်ကျင့်ကာ နေကြသည်။

## ခရီးသွားရဟန်းနှင့် ဒါယကာ၏မေတ္တာရပ်ခံချက်

တစ်နေ့သောအခါတွင် ကာသိတိုင်းဇနပုဒ်မှ ဝါကျွတ် ပြီး၍ ဘုရားရှင်ကို ဖူးမျှော်ရန် သာဝတ္ထိသို့ ထွက်လာသော ရဟန်းတစ်ပါးသည် ထိုရွာသို့ ရောက်လာသည်။ ထိုရဟန်း သည် နံနက်ချိန် သင်္ကန်းကို ကောင်းမွန်စွာ ဝတ်ရုံပြီးလျှင် ကြည်ညိုဖွယ်ဆောင်သော အသွင်ဖြင့် ကိင္ဍာဂိရိသို့ ဆွမ်း အလို့ငှာ ဝင်သည်။

လူတို့သည် ထိုရဟန်းကို မြင်ကြသောအခါ အထူး အဆန်းဖြစ်ကြပြီး-"ထုန်ထိုင်းထိုင်း နှံ့နှံ့နဲ့နဲ့ ဒေါသထွက် သကဲ့သို့ မျက်မှောင်ကုပ်၍ သွားနေသောဤသူကား အဘယ် သူနည်း၊ ဤပုံစံနှင့် ချဉ်းကပ်လာသောသူကို အဘယ်သူသည် ဆွမ်းကို လှူပါမည်နည်း။ ငါတို့၏ အရှင်အဿဇိ ပုနဗ္ဗသုက တို့ကမူ သိမ်မွေ့ကုန်၏။ ပြေပြစ်ကုန်၏။ နူးညံ့ကုန်၏။

ပြုးခြင်းလျှင် ရှေ့သွားရှိကုန်၏။ ကြွပါ ကြွပါဟု ဖော်ရွေစွာ ကြိုဆိုလေ့ရှိကြသည်။ ချိုသာကြည်လင် ပေါ်လွင်သောမျက်နှာ ရှိကုန်၏။ ဦးစွာ စကားဆိုပြီး နှုတ်ဆက်လေ့ ရှိကြ၏။ ဤသို့သော အရှင်ကိုသာ ဆွမ်းလှူသင့်သည်”ဟု ပြောဆိုကဲ့ရဲ့ကြလေသည်။

ထိုရွာမှ ဒါယကာတစ်ဦးသည် ထိုရဟန်းကို မြင်၍ ထိုရဟန်းထံသို့ ချဉ်းကပ်သွားပြီး ရိုသေစွာ ရှိခိုးသည်။

“အရှင်ဘုရား ဆွမ်းရခဲ့ပါသလားဘုရား”

“ဒါယကာ ဆွမ်းမရသေးပါ”

“အရှင်ဘုရား တပည့်တော်အိမ်သို့ ကြွပါဘုရား”

ထိုဒါယကာသည် ရဟန်းကို အိမ်ပင့်ဆောင်ပြီး ဆွမ်းလုပ်ကျွေးသည်။ ပြီးလျှင် ရဟန်းကို လျှောက်ထားသည်။

“အရှင်ဘုရား ယခုဘယ်အရပ်သို့ ကြွပါမည်လဲဘုရား”

“ဒါယကာ၊ ငါသည် ဘုရားရှင်ကို ဖူးမျှော်ရန် သာဝတ္ထိမြို့သို့ သွားမည်”

“အရှင်ဘုရား–ဤသို့ဆိုက တပည့်တော်၏စကားကို ဘုရားရှင်ထံ လျှောက်ထားပေးစေလိုပါသည်ဘုရား”

“ဒါယကာလျှောက်စေလိုသောအကြောင်းကို ပြောပါ”

“အရှင်ဘုရား ကိင္ဒာဂီရိ၌ ကျောင်းတိုက်သည် ပျက်စီးပါပြီ၊ အဿဇိပုနဗ္ဗသုက မည်သော အရှက်မရှိသော ရဟန်း

ယုတ်တို့သည် ကီဋာဂိရိ၌ ကျောင်းထိုင်ပုဂ္ဂိုလ်များ ဖြစ်ကြပါသည်။ ထိုရဟန်းတို့သည် ဤသို့ သဘောရှိသော အကျင့်ဆိုးကို ပြုကျင့်နေကြပါသည်။ ပန်းပင်များကို စိုက်ပျိုးပြီး ပန်းအမျိုးမျိုးကို သီကုံးကာ အမျိုးသမီး ကြီးငယ်များကို ပေးနေကြပါသည်။ အမျိုးသမီးများနှင့်လည်း စားတူ၊ အိပ်တူ၊ နေတူ ပြုနေကြပါသည်။ ကစားခြင်းအမျိုးမျိုးလည်း ကစားကြပါသည်။ အမျိုးမျိုးသော အကျင့်ဆိုးတို့ကိုလည်း ပြုကျင့်ကြပါသည်။

မြတ်စွာဘုရား ရှေးအခါက ရတနာသုံးပါးကို ယုံကြည်ကြ၊ ကြည်ညိုကြသော လူတို့သည်လည်း ယခုအခါဝယ် ရတနာသုံးပါးကို မယုံကြည်ကြ၊ မကြည်ညိုကြတော့ပါ၊ ရှေးအခါက သံဃာတော်များ၏ အလှူတော်များသည် ယခုအခါ ပြတ်ကုန်ပါပြီ၊ သီလကို ချစ်မြတ်နိုးသော ရဟန်းတို့သည် ဆိတ်သုဉ်းကြပါ၏။ ယုတ်မာသော ရဟန်းတို့သာ ဖြစ်နေကြပါကုန်၏။

မြတ်စွာဘုရားကို တောင်းပန်ပေးပါ၊ ဘုရားရှင်သည် ကီဋာဂိရိသို့ ရဟန်းတို့ကို စေလွှတ်တော်မူပါ၊ ယင်းသို့ စေလွှတ်ခြင်းဖြင့် ကီဋာဂိရိ၌ ဤကျောင်းတိုက်သည် ကောင်းစွာ တည်ရပါ၏”ဟု လျှောက်ထားပေးပါ။

“ဒါယကာ ကောင်းပါပြီ လျှောက်ထားပေးပါမည်”

ရဟန်းသည် ဒါယကာ၏ စကားကို ဝန်ခံပြီး သာဝတ္ထိမြို့သို့ ဖွဲ့ခွာကြွလေသည်။ သာဝတ္ထိသို့ ရောက်သော် ဇေတဝန်ကျောင်းသို့ ဝင်ရောက်ပြီးလျှင် ဘုရားရှင်ကို ဖူးမျှော်လေသည်။

"ရဟန်း ကျန်းမာပါ၏လော၊ မျှတပါ၏လော၊ မပင်မပန်း ချမ်းသာစွာ ခရီးခဲကို လာခဲ့ရပါ၏လော၊ ရဟန်းသင်သည် အဘယ်အရပ်မှ လာခဲ့ပါသနည်း"

"ကျန်းမာပါသည် မြတ်စွာဘုရား၊ မျှတပါသည် မြတ်စွာဘုရား၊ မပင်မပန်း ချမ်းသာစွာ ခရီးခဲကို လာခဲ့ရပါသည်ဘုရား၊ တပည့်တော်သည် ကာသိတိုင်း ဇနပုဒ်၌ ဝါမှထပြီး၍ ဘုရားရှင်ကို ဖူးမျှော်ရန်အလို့ငှာ သာဝတ္ထိသို့ လာသည်ရှိသော် ကီဋာဂိရိသို့ ရောက်ပါ၏ဘုရား၊ တပည့်တော်သည် ကီဋာဂိရိသို့ ဆွမ်းခံဝင်ရာတွင် ဒါယကာတစ်ဦးက ဆွမ်းပင့်ဖိတ်ပြီး ကီဋာဂိရိရှိ ရဟန်းတို့၏ အရှက်မရှိ ပြုလုပ်ဆောင်ရွက်နေပုံတို့ကို ဘုရားရှင်အား လျှောက်ထားပေးရန် လျှောက်ထားခဲ့ပါသည်ဘုရား"

ထိုရဟန်းသည် အထက်ပါအတိုင်း ဘုရားရှင်အား လျှောက်ထားပြီး ကီဋာဂိရိရှိ အဿဇိပုနဗ္ဗသုကရဟန်းတို့၏ အကျင့်ဆိုးများအကြောင်း အလုံးစုံကို လျှောက်ထားကြလေသည်။

## ဘုရားရှင်၏ လမ်းညွှန်ချက်

ထိုအခါ မြတ်စွာဘုရားသည် ဤအကြောင်းများကြောင့် ရဟန်းသံဃာများကို အစည်းအဝေးခေါ်တော်မူသည်၊ ကီဋာဂီရိရှိ ရဟန်းတို့၏ အပြုအမူကို မိန့်ကြားအသိပေးသည်။ ထိုရဟန်းများကိုလည်း ကဲ့ရဲ့တော်မူသည်။ ရဟန်းသံဃာတော်များကို တရားဟောကြားတော်မူပြီးနောက် သာရိပုတြာ၊ မောဂ္ဂလန်မထေရ်မြတ်တို့ကို ဤသို့ မိန့်ကြားတော်မူလေသည်။

"သာရိပုတြာ၊ မောဂ္ဂလာန်တို့ သင်တို့သည် ကီဋာဂီရိသို့ သွား၍ အဿဇိပုနဗ္ဗသုက ရဟန်းတို့ကို ကီဋာဂီရိမှ နှင်ထုတ်ခြင်းအမှုကို ပြုကြကုန်လော့၊ ထိုရဟန်းများသည် သင်တို့၏ အတူနေတပည့်များ ဖြစ်ခဲ့ကြသည်။

"မြတ်စွာဘုရား ယခုအခါ ထိုရဟန်းတို့သည် ကြမ်းတမ်းခက်ထန်ပါကုန်၏။ တပည့်တော်တို့သည် အဘယ်သို့လျှင် ထိုအဿဇိပုနဗ္ဗသုကရဟန်းတို့ကို နှင်ထုတ်ရပါအံ့နည်း။

"သာရိပုတြာ၊ မောဂ္ဂလန်တို့ ထိုသို့ဖြစ်လျှင် ရဟန်းများစွာတို့ကို ခေါ်၍ သွားကြပါကုန်လော့"

"ကောင်းပါပြီ အရှင်ဘုရား"

"ရဟန်းတို့ ဤသို့လျှင် ကျင့်ထုံးကို ကျင့်ရပါမည်-

- ရှေးဦးစွာ အဿဇိပုနဗ္ဗသုကရဟန်းတို့ကို စောဒနာရမည်၊
- ထို့နောက် အောက်မေ့စေရမည်၊
- ထို့နောက် အာပါတ်သို့ တင်ရမည်၊
- ထို့နောက် ကျွမ်းကျင်လိမ္မာ၍ စွမ်းရည်ရှိသော ရဟန်းသည် သံဃာကို သိစေရမည်၊

"အရှင်ဘုရားတို့ သံဃာသည် ကျွန်ုပ်၏စကားကို နားထောင်မူပါလော့၊ ဤအဿဇိပုနဗ္ဗသုက ရဟန်းတို့သည် အမျိုးကို ဖျက်တတ်ကုန်၏၊ ယုတ်မာသော အကျင့် ရှိကုန်၏၊ ဤရဟန်းတို့၏ ယုတ်မာသော အကျင့်တို့ကို မြင်လည်း မြင်အပ်ကုန်၏။ ကြားလည်း ကြားအပ်ကုန်၏၊ ဤရဟန်းတို့ ဖျက်ဆီးအပ်ကုန်သော အမျိုးတို့ကိုလည်း မြင်လည်း မြင်အပ်ကုန်၏၊ ကြားလည်း ကြားအပ်ကုန်၏၊ အကယ်၍ သံဃာအား လျှောက်ပတ်သောအခါ ရှိသော ကံသည် ဖြစ်အံ့၊ သံဃာသည် အဿဇိပုနဗ္ဗသုက ရဟန်းတို့အား-အဿဇိပုနဗ္ဗသုက ရဟန်းတို့သည် ကီဋာဂိရိ၌ မနေရဟူ၍ ကီဋာဂိရိမှ နှင်ထုတ်ရာ၏-ဤကား သိစေခြင်းတည်း။

"အရှင်ဘုရားတို့ သံဃာသည် ကျွန်ုပ်၏စကားကို နာတော်မူလော့၊ ဤအဿဇိ၊ ပုနဗ္ဗသုက ရဟန်းတို့သည် အမျိုးကို ဖျက်ဆီးတတ်ကုန်၏၊ ယုတ်မာသောအကျင့် ရှိကုန်၏၊ ဤရဟန်းတို့၏ ယုတ်မာသောအကျင့်တို့ကို မြင်လည်းမြင်ရ၏၊ ကြားလည်း ကြားရ၏၊ ဤရဟန်းတို့ ဖျက်ဆီးအပ်ကုန်သော အမျိုးတို့ကိုလည်း မြင်လည်းမြင်အပ်ကုန်၏၊ကြားလည်း ကြားအပ်ကုန်၏၊ သံဃာသည် အဿဇိပုနဗ္ဗသုက ရဟန်းတို့အား အဿဇိပုနဗ္ဗသုကရဟန်းတို့သည် ကီဋာဂိရိ၌မနေရ"ဟု ကီဋာဂိရိမှ နှင်ထုတ်ခြင်းကို အကြင် အရှင်အား နှစ်သက်၏၊ ထိုအသျှင်သည် ဆိတ်ဆိတ်နေရာ၏၊ အကြင်အရှင်သည် နှစ်သက်ခြင်းမရှိ၊ ထိုအရှင်သည် ပြောဆိုရာ၏။

-ဤသို့လျှင် နှစ်ကြိမ်မြောက်လည်း ပြောဆိုရမည်။

-သုံးကြိမ်မြောက်လည်း ဤအကြောင်းကို ပြောဆိုရမည်။

"သံဃာသည် အဿဇိပုနဗ္ဗသုက ရဟန်းတို့အား "အဿဇိပုနဗ္ဗသုကရဟန်းတို့သည် ကီဋာဂိရိ၌ မနေရ"ဟု ကီဋာဂိရိမှ နှင်ထုတ်အပ်ပြီး သံဃာအား နှစ်သက်ခြင်းရှိ၏၊ ထို့ကြောင့် ဆိတ်ဆိတ်နေ၏။ ဤသို့ ဆိတ်ဆိတ်နေသဖြင့် ဤနှစ်သက်သည်အဖြစ်ကို သိမှတ်ရပါသည်"ဟု သိစေရပါမည်။

## အဂ္ဂသာဝကနှစ်ပါး သွားရောက်နှင်ထုတ်ခြင်း

ဘုရားရှင်ထံမှ အထက်ပါ နှင်ထုတ်နည်း (ပဗ္ဗာဇနီယကံ)ကို လက်ခံရယူပြီးသော ရှင်သာရိပုတြာနှင့် ရှင်မောဂ္ဂလာန်မထေရ်မြတ်တို့သည် နောက်ပါရဟန်းများစွာကို ခေါ်ဆောင်ပြီး ကီဋာဂီရိသို့ ကြွသည်။ အဿဇိပုနဗ္ဗသုက ရဟန်းတို့ကို ဘုရားရှင်ပေးသော နည်းအတိုင်း ဆိုဆုံးမကြသည်။ သို့သော် ကီဋာဂီရိရှိ ရဟန်းတို့သည် စကားကို နားမထောင်ကြကုန်၊ ကောင်းစွာလည်း မကျင့်ကြကုန်၊ မာန်မာနကို မချကြ၊ ရဟန်းတို့ကို မတောင်းပန်သည့်ပြင် ဆဲရေး ရေရွတ်ကြသည်။ ဆန္ဒဂတိ၊ ဒေါသဂတိ၊မောဟဂတိ၊ ဘယာဂတိသို့ လိုက်ကြကုန်သည်။ အချို့သည် ထွက်ခွာသွားကြသည်။ အချို့သည် လူထွက်သွားကြသည်။

## အကျင့်ကောင်းပြန်မကျင့်ကြ အဿဇိပုနဗ္ဗသုက ရဟန်းဆိုးများ

ရဟန်းသံဃာစစ်တို့သည် ထိုအဿဇိ ပုနဗ္ဗသုက ရဟန်းတို့ကို "သံဃာသည် နှင်ထုတ်ခြင်းကံမှ လွတ်အောင် အဘယ်ကြောင့် အကျင့်ကောင်းကို ပြန်မကျင့်ကြပါသနည်း၊ မာန်မာနကို အဘယ်ကြောင့် မချကြပါသနည်း၊ အဘယ်ကြောင့် ရဟန်းတို့ကို မတောင်းပန်ဘဲ ဆဲရေးကြပါသနည်း၊

အဘယ်ကြောင့် အဂတိလေးပါး လိုက်ပါသနည်း၊ အဘယ်ကြောင့် ဖွဲ့သွားပြီး လူထွက်ကြပါသနည်း။

စသည်ဖြင့် ကဲ့ရဲ့ပြစ်တင် အပြစ်ဆိုကြသည်။

ရဟန်းတို့သည် အဿဇိပုနဗ္ဗသုက ရဟန်းတို့ကို များစွာကဲ့ရဲ့ပြစ်တင်ကြပြီးလျှင် ထိုအကြောင်းကို ဘုရားရှင်အား ပြန်လျှောက်ထားကြလေသည်။

## ရဟန်းဆိုးတို့ကို နှင်ထုတ်ပြီ

မြတ်စွာဘုရားသည် ထိုအကြောင်းကို သံဃာများအား သေချာစွာ စိစစ်မေးမြန်းပြီးလျှင် အဿဇိ ပုနဗ္ဗသုက ရဟန်းတို့ကို ရှုတ်ချတော်မူသည်။ ထို့နောက် ရဟန်းတို့ကို အောက်ပါသိက္ခာပုဒ်ကို ပြကြကုန်လော့-ဟု မိန့်ကြားကာ ကုလဒူသကသိက္ခာပုဒ်ကို ပညတ်တော်မူပါသည်။

"အမျိုးကို ဖျက်ဆီးတတ်သော၊ ယုတ်မာသောအကျင့်ရှိသောရဟန်းသည် တစ်ခုသောရွာနိဂုံးကို အမှီပြု၍ နေသည်၊ ယုတ်မာသောအကျင့်တို့ကို မြင်လည်းမြင်အပ်ကုန်၏၊ ကြားလည်း ကြားအပ်ကုန်၏။

- ထိုရဟန်း ဖျက်ဆီးအပ်သော အမျိုးတို့ကိုလည်း မြင်လည်း မြင်ကုန်၏၊ ကြားလည်း ကြားကုန်၏။

ထိုရဟန်းကို ရဟန်းတို့သည်-

"အရှင်သည်ကား အမျိုးကိုဖျက်ဆီးတတ်၏၊ ယုတ်မာသော အကျင့်ရှိ၏၊ အရှင်၏ ယုတ်မာသောအကျင့်တို့ကို မြင်လည်း မြင်အပ်ကုန်၏၊ ကြားလည်း ကြားအပ်ကုန်၏၊ အရှင် ဖျက်ဆီးအပ်ကုန်သော အမျိုးတို့ကိုလည်း မြင်လည်း မြင်အပ်၏၊ ကြားလည်း ကြားအပ်ပါ၏၊ အရှင်သည် ဤကျောင်းတိုက်မှ ဖဲ့သွားပါလော့၊ အရှင်ကား ဤကျောင်းတိုက်၌ နေခြင်းသည် အကျိုးမရှိပါ"ဟု ဆိုရာ၏။

ဤသို့ ရဟန်းတို့က ဆိုအပ်သည်ရှိသော် ထိုရဟန်းသည် ရဟန်းတို့ကို-

"ရဟန်းတို့သည် ဆန္ဒဂတိသို့လည်း လိုက်ကုန်၏၊ ဒေါသဂတိသို့လည်း လိုက်ကုန်၏၊ မောဟဂတိသို့လည်း လိုက်ကုန်၏၊ ဘယာဂတိသို့လည်း လိုက်ကုန်၏၊ ထိုသို့သဘောရှိသော အာပတ်ဖြင့် ရဟန်းအချို့ကို နှင်ထုတ်ကုန်၏၊ ရဟန်းအချို့ကို မနှင်ထုတ်ကုန်"ဟု ဆိုခဲ့ငြားအံ့။

ထိုရဟန်းကို ရဟန်းတို့သည်-

"အရှင်သည် ဤသို့မဆိုလင့်၊ ရဟန်းတို့သည် ဆန္ဒဂတိသို့လည်း မလိုက်ကြ၊ ဒေါသဂတိသို့လည်း မလိုက်ကြ၊ မောဟဂတိသို့လည်း မလိုက်ကြ၊ ဘယာဂတိသို့လည်း မလိုက်ကြပါ၊ အရှင်သည်သာ အမျိုးတို့ကို ဖျက်ဆီးတတ်သည်၊

ယုတ်မာသောအကျင့် ရှိ၏၊ အရှင်၏ ယုတ်မာသော အကျင့်တို့ကို မြင်လည်း မြင်အပ်ကုန်၏။ ကြားလည်း ကြားအပ်ကုန်၏၊ အရှင်သည် ဖျက်ဆီးအပ်သော အကျိုးတို့ကိုလည်း မြင်လည်း မြင်ကုန်၏၊ ကြားလည်း ကြားကုန်၏၊ အရှင်သည် ဤကျောင်းတိုက်မှ ဖဲ့သွားပါလော့၊ အရှင်အား ဤကျောင်းတိုက်၌ နေခြင်းဖြင့် အကျိုးမရှိပါ"ဟု ဆိုရာ၏။

ရဟန်းတို့သည် ဤသို့ဆိုကုန်လျက် ထိုရဟန်းသည် ထိုအတူပင် ဆက်လက်ပြုမူနေငြားအံ့-

ထိုရဟန်းကို ရဟန်းတို့သည် သုံးကြိမ်တိုင်တိုင် အယူကို စွန့်စေခြင်းငှာ ကောင်းစွာ ဆိုဆုံးမအပ်သည်။

အကယ်၍ သုံးကြိမ်တိုင်တိုင် ဆုံးမသော်လည်း ထိုအယူကို စွန့်ငြားအံ့-ထိုသို့ စွန့်ခြင်းသည် ကောင်းသည်။

အကယ်၍မစွန့်ငြားဘဲ ထိုရဟန်းအား **သံဃာဒိသိသ် အာပတ်** သင့်၏။ ရဟန်းများသည် အထက်ပါအတိုင်း ဤကျောင်းတိုက်၌ နေခြင်းဖြင့် အကျိုးမရှိဟု ပြောဆိုရမည်။

နှစ်ကြိမ်မြောက် ပြောဆိုရမည်၊ သုံးကြိမ်မြောက် ပြောဆိုရမည်၊ အကယ်၍ စွန့်ငြား၊ နားထောင်ငြားအံ့ ကောင်းသည်။

အကယ်၍မစွန့်ခဲ့သော် ထိုရဟန်းအား ဒုက္ကဋ်အာပတ်သင့်သည်။ ထိုရဟန်းကို ကောင်းစွာဆုံးမပြီး ကျွမ်းကျင်

လိမ္မာ၍ စွမ်းရည်ရှိသောရဟန်းသည် သံဃာကို အောက်ပါ အတိုင်း သိစေရပါမည်။

"အရှင်ဘုရားတို့ သံဃာသည် တပည့်တော်(ကျွန်ုပ်) ၏ စကားကို နာတော်မူပါလော့။ ဤမည်သော ရဟန်းသည် သံဃာက နှင်ထုတ်အပ်သော် ရဟန်းတို့ကို ဆန္ဒဂတိ၊ ဒေါသ ဂတိ၊ မောဟဂတိ၊ ဘယာဂတိသို့ ရောက်စေ၏။ ထိုရဟန်း သည် ထိုအယူကို မစွန့်၊ အကယ်၍ သံဃာအား လျှောက် ပတ်သောအခါ ရှိသော ကံသည် ဖြစ်အံ့၊ သံဃာသည် ဤ မည်သော ရဟန်းကို ထိုအယူကို စွန့်စေခြင်းငှာ ကောင်းစွာ ဆိုဆုံးမရာ၏-

ဤကား သိစေခြင်းတည်း။

- အရှင်ဘုရားတို့ သံဃာသည် ကျွန်ုပ်၏ စကားကို နာတော်မူလော့၊ ဤမည်သောရဟန်းသည် သံဃာကနှင်ထုတ် အပ်သော် ရဟန်းတို့ကို ဆန္ဒဂတိ၊ ဒေါသဂတိ၊ မောဟဂတိ၊ ဘယာဂတိတို့သို့ ရောက်စေ၏။ ထိုရဟန်းသည် ထိုအယူကို မစွန့်၊ သံဃာသည် ဤမည်သောရဟန်းကို ထိုအယူကို စွန့် စေခြင်းငှာ ကောင်းစွာ ဆိုဆုံးမ၏။

အကြင် အရှင်အား ဤမည်သောရဟန်းကို ထိုအယူ ကို စွန့်စေခြင်းငှာ ကောင်းစွာ ဆိုဆုံးမခြင်းကို နှစ်သက်၏၊

ထိုအရှင်သည် ဆိတ်ဆိတ်နေရာ၏၊ အကြင်အရှင်အား နှစ်သက်ခြင်း မရှိ၊ ထိုအရှင်သည် ပြောဆိုရာ၏။

နှစ်ကြိမ်မြောက်လည်း ဤအကြောင်းကို ပြောရာ၏။

သုံးကြိမ်မြောက်လည်း ဤအကြောင်းကို ပြောရာ၏။

သံဃာသည် ဤမည်သောရဟန်းကို ထိုအယူကို စွန့်စေခြင်းငှာ ကောင်းစွာ ဆိုဆုံးမအပ်ပြီး၊ သံဃာအား နှစ်သက်ခြင်း ရှိ၏၊ ထို့ကြောင့် ဆိတ်ဆိတ်နေ၏။ ဤသို့ ဆိတ်ဆိတ်နေသဖြင့် ဤနှစ်သက်သည်အဖြစ်ကို သိမှတ်ရပါမည်”ဟု သိစေရပါမည်။ ထိုရဟန်းအား နှုတ်ဖြင့် သိစေခြင်း၏ အဆုံး၌ ဒုက္ကဋ်အာပတ် သင့်သည်။

- ကမ္မဝါစာ နှစ်ကြိမ်တိုင် အဆုံး၌ ထုလ္လစ္စဉ်း အာပတ်သင့်သည်။
- ကမ္မဝါစာအဆုံး၌ သံဃာဒိသိသ်အာပါတ် သင့်ပါသည်။
- သံဃာဒိသိသ်အာပတ်သို့ ရောက်ပြီးသောရဟန်းအား အထက်က သင့်ခဲ့သော ဒုက္ကဋ်အာပါတ်၊ ထုက္ကစ္စဉ်း အာပါတ်တို့သည် ငြိမ်းကုန်သည်။

သံဃာဒိသိသ် ဟူသည်-ထိုအာပတ်အတွက် သံဃာသည်သာလျှင် ပရိဝါသ်ကို ပေးရသည်။ အရင်းသို့ ငင်ရသည်။ မာနတ်ကို ပေးရသည်။ အဗ္ဘာန်သွင်းရသည်။

ရဟန်းသံဃာနှစ်ပါး၊ သုံးပါးသည်လည်းကောင်း နှစ်ပါးသည်လည်းကောင်း၊ တစ်ပါးသည်လည်းကောင်း၊ ပရိဝါသ် မပေးရာ၊ အရင်းသို့ မငင်ရ၊ မာနတ်မပေးရ၊ အဗ္ဘာန် မသွင်းရ။

ထို့ကြောင့် သံဃာဒိသိသ်-ဟု ဆိုပါသည်။

## မတရားသော နှင်ထုတ်နည်းကံ (၁၂)မျိုး

ပဗ္ဗာဇနီယ(နှင်ထုတ်)ကံ ပြုလုပ်ရာဝယ် အင်္ဂါ(၃)ပါးစီ နှင့် ပြည့်စုံသောကံသည် မတရားသောကံ၊ ဝိနည်းနှင့် မညီ ညွတ်သောကံ မကောင်းသဖြင့် ပြေငြိမ်းသောကံ ဖြစ်လေ သည်။ (၃)ပါးစီ ဟူသည်-

(၁) (က) မျက်ကွယ်၌ ပြုလုပ်ခြင်း၊
(ခ) မမေးမြန်းဘဲ ပြုလုပ်ခြင်း၊
(ဂ) ဝန်မခံဘဲ ပြုလုပ်ခြင်း၊

(၂) (က) အာပတ်မသင့်ဘဲ ပြုလုပ်ခြင်း၊
(ခ) မအောက် မေ့စေဘဲ ပြုလုပ်ခြင်း၊
(ဂ) ဒေသနာကြားပြီးသော အာပါတ်ဖြင့် ပြုလုပ်ခြင်း၊

(၃) (က) မစောဒနာဘဲ ပြုလုပ်ခြင်း၊
(ခ) မအောက်မေ့ စေဘဲ ပြုလုပ်ခြင်း၊
(ဂ) အာပတ်သို့မတင်ဘဲ ပြုလုပ်ခြင်း၊

(၄) (က) မျက်ကွယ်၌ ပြုလုပ်ခြင်း၊
(ခ) မတရားသဖြင့် ပြုလုပ်ခြင်း၊
(ဂ) မညီမညွတ် တကွဲတပြားစီဖြစ်လျက် ပြုလုပ်ခြင်း၊

(၅) (က) မမေးမြန်းဘဲ ပြုလုပ်ခြင်း၊
(ခ) မတရား သဖြင့် ပြုလုပ်ခြင်း၊
(ဂ) မညီမညွတ် တကွဲတပြားစီဖြစ်လျက် ပြုလုပ်ခြင်း၊

(၆) (က) တာဝန်မခံဘဲ ပြုလုပ်ခြင်း၊
(ခ) မတရားသဖြင့် ပြုလုပ်ခြင်း၊
(ဂ) မညီမညွတ် တကွဲတပြားစီဖြစ်လျက် ပြုလုပ်ခြင်း၊

(၇) (က) အာပတ်မသင့်ဘဲ ပြုလုပ်ခြင်း၊
(ခ) မတရား သဖြင့် ပြုလုပ်ခြင်း၊
(ဂ) မညီမညွတ် တကွဲတပြားစီဖြစ်လျက် ပြုလုပ်ခြင်း၊

(၈) (က) ဒေသနာတော်မဟုတ်သောအာပတ်ဖြင့် ပြုလုပ်ခြင်း၊
(ခ) မတရားသဖြင့် ပြုလုပ်ခြင်း၊
(ဂ) မညီမညွတ် တကွဲတပြားစီဖြစ်လျက် ပြုလုပ်ခြင်း၊

(၉) (က) ဒေသနာကြားနာပြီးသောအာပတ်ဖြင့် ပြုလုပ်ခြင်း၊
(ခ) မတရားသဖြင့် ပြုလုပ်ခြင်း၊
(ဂ) မညီမညွတ် တကွဲတပြားစီဖြစ်လျက် ပြုလုပ်ခြင်း၊

(၁၀) (က) မစောဒနာဘဲ ပြုလုပ်ခြင်း၊
(ခ) မတရားသဖြင့် ပြုလုပ်ခြင်း၊
(ဂ) မညီမညွတ် တကွဲတပြားစီဖြစ်လျက် ပြုလုပ်ခြင်း၊

(၁၁) (က) မအောက်မေ့စေဘဲ ပြုလုပ်ခြင်း၊
(ခ) မတရား သဖြင့် ပြုလုပ်ခြင်း၊
(ဂ) မညီမညွတ် တကွဲ တပြားစီဖြစ်လျက် ပြုလုပ်ခြင်း၊

(၁၂) (က) အာပတ်သို့ မတင်ဘဲ ပြုလုပ်ခြင်း၊
(ခ) မတရားသဖြင့် ပြုလုပ်ခြင်း၊
(ဂ) မညီမညွတ် တကွဲတပြားစီဖြစ်လျက် ပြုလုပ်ခြင်း။

## တရားသောက် (၁၂)ပါး

အထက်ဖော်ပြပါ ကံ(၁၂)ပါးနှင့်အညီ ပြုလုပ်က တရားသောကံ မည်ပါသည်။

## ပဗ္ဗာဇနီယကံ ပြုထိုက်သောကံ (၁၄)မျိုး

သံဃာသည် ပဗ္ဗာဇနီယကံကို ပြုရာဝယ် အင်္ဂါ(၃)ပါးစီ ရှိသော အချက် (၁၄)ချက်တို့ဖြင့် ပြုလုပ်နိုင်ပါသည်။

(၁) မျက်ကွယ်၊ မျက်မှောက် ငြင်းခုံလျက် ဆန့်ကျင်ဘက် ပြောကြား စကားများ၍ သံဃာ၌ အဓိကရုဏ်း ပြုလုပ်ခြင်း၊
- မိုက်မဲမလိမ္မာ အာပတ်များပြားပြီး အပိုင်းအခြားမရှိခြင်း၊
- မလျော်မလျောက်ပတ်သော လူ့ဆက်ဆံရေးတို့ဖြင့် လူတို့နှင့် ရောနှောနေထိုင်ခြင်း၊

(၂) မြင့်မြတ်သောသီလအရာ၌ သီလပျက်စီးခြင်း၊ မြင့်မြတ်သောအကျင့်အရာ၌ အကျင့်ပျက်စီးခြင်း၊ မြင့်မြတ်သောအယူဝါဒ၌ အယူဝါဒပျက်စီးခြင်း၊

(၃) မြတ်စွာဘုရား၏ ကျေးဇူးမဲ့ကို ပြောဆိုခြင်း၊ တရားတော်၏ ကျေးဇူးမဲ့ကို ပြောဆိုခြင်း၊ သံဃာတော်၏ ကျေးဇူးမဲ့ကို ပြောဆိုခြင်း၊

(၄) ကိုယ်၌ဖြစ်သော မြူးတူးခြင်းနှင့် ပြည့်စုံခြင်း၊
နှုတ်၌ဖြစ်သော မြူးတူးခြင်းနှင့် ပြည့်စုံခြင်း၊
ကိုယ်နှုတ်၌ဖြစ်သော မြူးတူးခြင်းနှင့် ပြည့်စုံခြင်း၊

(၅) ကိုယ်၌ဖြစ်သော မကျင့်အပ်သည်နှင့် ပြည့်စုံခြင်း၊
နှုတ်၌ဖြစ်သော ,မကျင့်အပ်သည်နှင့် ပြည့်စုံခြင်း၊
ကိုယ်နှုတ်၌ဖြစ်သော မကျင့်အပ်သည်နှင့် ပြည့်စုံခြင်း၊

(၆) ကိုယ်၌ဖြစ်သော ပျက်စီးခြင်းနှင့် ပြည့်စုံခြင်း၊
စိတ်၌ဖြစ်သော ပျက်စီးခြင်းနှင့် ပြည့်စုံခြင်း၊
ကိုယ်နှုတ်၌ဖြစ်သော ပျက်စီးခြင်းနှင့် ပြည့်စုံခြင်း၊

(၇) ကိုယ်၌ဖြစ်သော ယုတ်မာသောအသက်မွေးခြင်းနှင့် ပြည့်စုံခြင်း၊
စိတ်၌ဖြစ်သော ယုတ်မာသောအသက်မွေးခြင်းနှင့် ပြည့်စုံခြင်း၊
ကိုယ်နှုတ်၌ဖြစ်သော ယုတ်မာသော အသက်မွေးခြင်းနှင့် ပြည့်စုံခြင်း၊

(၈) ရဟန်းတစ်မျိုးသည် မျက်ကွယ်၊ မျက်မှောက် ငြင်းခုံလျက် ဆန့်ကျင်ဘက် ပြောကြားစကားများ၍ သံဃာ၌ အဓိကရုဏ်းကို ပြုလုပ်တတ်၏။
ရဟန်းတစ်မျိုးသည် မိုက်မဲ မလိမ္မာ၊ အာပတ်

များပြား အပိုင်းအခြားမရှိသူ ဖြစ်၏၊
ရဟန်းတစ်မျိုးသည် မလျော်မလျောက်ပတ်သော လူမှုဆက်ဆံရေးတို့ဖြင့် လူတို့နှင့် ရောယှက် နေထိုင်၏။

(၉) ရဟန်းတစ်မျိုးသည် မြင့်မြတ်သောသီလအရာ၌ သီလပျက်စီး၏၊
ရဟန်းတစ်မျိုးသည် မြင့်မြတ်သောအကျင့်အရာ၌ အကျင့် ပျက်စီး၏၊
ရဟန်းတစ်မျိုးသည် မြင့်မြတ်သော အယူဝါဒ အရာ၌ အယူဝါဒ ပျက်စီး၏။

(၁၀) ရဟန်းတစ်မျိုးသည် ဘုရား၏ ကျေးဇူးမဲ့ကို ပြောဆို၏၊
ရဟန်းတစ်မျိုးသည် တရား၏ ကျေးဇူးမဲ့ကို ပြောဆို၏၊
ရဟန်းတစ်မျိုးသည် သံဃာ၏ ကျေးဇူးမဲ့ကို ပြောဆို၏၊

(၁၁) ရဟန်းတစ်မျိုးသည် ကိုယ်၌ဖြစ်သော မြူးတူးခြင်းနှင့် ပြည့်စုံ၏၊
ရဟန်းတစ်မျိုးသည် စိတ်၌ဖြစ်သော မြူးတူးခြင်းနှင့် ပြည့်စုံ၏၊

ရဟန်းတစ်မျိုးသည် ကိုယ်စိတ်၌ဖြစ်သော မြူးတူး ခြင်းနှင့် ပြည့်စုံ၏။

(၁၂) ရဟန်းတစ်မျိုးသည် ကိုယ်၌ဖြစ်သော ဖျက်ဆီး ခြင်းနှင့် ပြည့်စုံ၏၊

ရဟန်းတစ်မျိုးသည် စိတ်၌ဖြစ်သော ဖျက်ဆီး ခြင်းနှင့် ပြည့်စုံ၏၊

ရဟန်းတစ်မျိုးသည် ကိုယ်စိတ်၌ ဖြစ်သော ဖျက်ဆီးခြင်းနှင့် ပြည့်စုံ၏၊

(၁၃) ရဟန်းတစ်မျိုးသည် ကိုယ်၌ဖြစ်သော ယုတ်မာ သော အသက်မွေးခြင်းနှင့် ပြည့်စုံ၏၊

ရဟန်းတစ်မျိုးသည် စိတ်၌ဖြစ်သော ယုတ်မာ သော အသက်မွေးခြင်းနှင့် ပြည့်စုံ၏၊

ရဟန်းတစ်မျိုးသည် ကိုယ်စိတ်၌ ဖြစ်သော ယုတ်မာသော အသက်မွေးခြင်းနှင့် ပြည့်စုံ၏။

ဤသို့သောအင်္ဂါနှင့် ပြည့်စုံသောသူများကို သံဃာ သည် နှင်ထုတ်ခြင်းအမှုကို ပြုလုပ်ရာ၏။

## ပဗ္ဗာဇနီယကံ ကျင့်အပ်သောဝတ် (၁၈)မျိုး

ပဗ္ဗာဇနီယကံ အပြုခံရသောရဟန်းသည် ကောင်းစွာ ကျင့်ရပါမည်။ ကျင့်ရမည့် ကျင့်ဝတ် (၁၈)ပါး ရှိသည်။

(၁) ရဟန်းခံမပေးရ၊
(၂) နိဿယည်း မပေးရ၊
(၃) သာမဏေကို မလုပ်ကျွေး မပြုစေရ၊
(၄) ရဟန်းမတို့ကို ဆုံးမရန် သမုတ်ခြင်းကို မသာယာ မနှစ်သက်စေရ၊
(၅) သမ္မုတိရသော်လည်း ရဟန်းမတို့ကို ဩဝါဒ မပေးရ၊
(၆) ပဗ္ဗာဇနီယကံပြုကြောင်းဖြစ်သော အာပတ်သို့ မရောက်ရ၊
(၇) အလားတူ အခြားအာပတ်သို့ မရောက်စေရ၊
(၈) ထိုထက် ယုတ်ကြမ်းသောအာပတ်သို့ မဖြစ်စေရ၊
(၉) ကံကို မကဲ့ရဲ့ရ၊
(၁၀) ကံပြုရဟန်းတို့ကို မကဲ့ရဲ့ရ၊
(၁၁) မကတတ် ရဟန်း၏ ဥပုသ်ကို ဆိုင်းငံ့၍ မထားရ၊
(၁၂) ပဝါရဏာကို ဆိုင်းငံ့၍ မထားရ၊
(၁၃) ဆုံးမခြင်းကို မပြုရ၊
(၁၄) အကြီးအမှူးအရာ၌ မနေရ၊
(၁၅) ခွင့်မတောင်းရ၊
(၁၆) မစောဒနာရ (အပြစ်မတင်ရ)
(၁၇) မအောက်မေ့စေရ၊
(၁၈) မကတတ်ရဟန်းများနှင့် မရောနှောရ။

## နှင်ထုတ်ခြင်း (ပဗ္ဗာဇနိယကံ)ကို မငြိမ်းစေအပ်သော အကြောင်း(၁၈)မျိုး

အင်္ဂါ(၅)ပါးနှင့် ပြည့်စုံသောရဟန်းအား ပဗ္ဗာဇနိယ (နှင်ထုတ်ခြင်း)ကံကို ငြိမ်းမပေးရပါ။

(၁) ဥပဇ္ဈာယ်ဆရာ ပြုလုပ်၍ ရဟန်းခံပေး၏၊

(၂) နိဿယည်းပေးခြင်း၊

(၃) သာမဏေကို လုပ်ကျွေးပြုစုစေခြင်း၊

(၄) ရဟန်းမတို့အားဆုံးမရန် သမုတ်ခြင်းကို သာယာ ချစ်ခင် လက်ခံခြင်း၊

(၅) သမ္မုတိရ၍ ရဟန်းမတို့ကို ဆုံးမခြင်း၊

အခြားကံ (၅)ပါးနှင့် ပြည့်စုံသောရဟန်းအား ပဗ္ဗာဇနိယကံကို မငြိမ်းစေရပါ။

(၁) ပဗ္ဗာဇနိယ ပြုကြောင်းဖြစ်သော အာပတ်သို့ ရောက်၏၊

(၂) အလားတူ အခြားအာပတ်သို့ ရောက်၏၊

(၃) ထိုထက် ယုတ်ညံ့သောအာပတ်သို့ ရောက်စေ ဖြစ်စေ၏၊

(၄) ကံကို ကဲ့ရဲ့၏၊

(၅) ကံပြုရဟန်းတို့ကို ကဲ့ရဲ့၏။

တဖန် အင်္ဂါ(၈)ပါးနှင့် ပြည့်စုံသောရဟန်းအား ပဗ္ဗာဇနီယကံ မငြိမ်းစေရပါ။

(၁) ပကာဓာတ်ရဟန်း၏ ဥပုသ်ကို ဆိုင်းငံ့ထား၏၊
(၂) ပဝါရဏာကို ဆိုင်းငံ့ထား၏၊
(၃) ဆုံးမခြင်းကို ပြု၏၊
(၄) အကြီးအမှူးနေရာကို ယူ၏၊
(၅) ခွင့်တောင်း၏၊
(၆) စောဒနာ အပြစ်တင်၏၊
(၇) အောက်မေ့၏၊
(၈) ပကတတ်ရဟန်းနှင့် ရောယှက်၏၊

အထက်ပါ အင်္ဂါများမရှိမှသာ ပဗ္ဗာဇနီယကံကို ငြိမ်းစေရပါသည်။

## ပဗ္ဗာဇနီယကံ ငြိမ်းစေပုံ

အထက်ဖော်ပြပါ အကျင့် (၁၈)ရပ်ကို လိုက်နာကျင့်သဖြင့် သံဃာကပဗ္ဗာဇနီယကံကို ငြိမ်းစေရာ၌ ဤသို့ ငြိမ်းရပါသည်။

ပဗ္ဗာဇနီယကံ ပြုခံရသော ရဟန်းသည် သံဃာသို့ ချဉ်းကပ်၍ လက်ဝဲတစ်ဘက် ပုခုံးထက်၌ ကိုယ်ဝတ်ကို စံပွါယ်တင်လျက် သီလကြီးသော ရဟန်းတို့၏ ခြေကို ရှိခိုးရန်

ဆောင့်ကြောင့်ထိုင်ကာ လက်အုပ်ချီပြီးလျှင် ဤသို့ လျှောက်ရပါသည်။

"အရှင်ဘုရားတို့ သံဃာက ပဗ္ဗာဇနီယကံ ပြုထားသောကြောင့် တပည့်တော်သည် ကောင်းစွာ ကျင့်ပါ၏၊ မာန်တည်းဟူသော အမွေးကို ချထားပါ၏၊ ကံမှ ထွက်မြောက်ကြောင်း ကျင့်ဝတ်ကို ကျင့်ပါ၏၊ ပဗ္ဗာဇနီယကံ ငြိမ်းမှုကို တောင်းပန်ပါ၏"

နှစ်ကြိမ်မြောက်လည်း တောင်းပန်ရမည်၊
သုံးကြိမ်မြောက်လည်း တောင်းပန်ရမည်၊

ထိုအခါ ကျွမ်းကျင်လိမ္မာ၍ စွမ်းရည်ရှိသော ရဟန်းသည် သံဃာကို သိစေရပါမည်။

"အရှင်ဘုရားတို့ သံဃာတော်သည် တပည့်တော်၏ စကားကို နာတော်မူပါလော့၊ သံဃာက ပဗ္ဗာဇနီယကံ ပြုထားသောကြောင့် ဤမည်သောရဟန်းသည် ကောင်းစွာ ကျင့်ပါ၏၊ မာန်တည်းဟူသော အမွေးကို ချပါ၏၊ ကံမှ ထွက်မြောက်ကြောင်း ကျင့်ဝတ်ကို ကျင့်ပါ၏၊ ပဗ္ဗာဇနီယကံ ငြိမ်းမှုကို တောင်းပါ၏၊ သံဃာအား လျှောက်ပတ်သောအခါ ရှိသော်ကံသည် အကယ်၍ ဖြစ်ငြားအံ့၊ သံဃာသည် ဤမည်သော ရဟန်းအား ပဗ္ဗာဇနီယကံကို ငြိမ်းစေရာ၏။ ဤကား သိစေခြင်းတည်း။

အရှင်ဘုရားတို့ သံဃာသည် တပည့်တော်၏စကား ကို နာတော်မူလော့၊ သံဃာက ပဗ္ဗာဇနီယကံ ပြုထားသော ကြောင့် ဤမည်သောရဟန်းသည် ကောင်းစွာကျင့်၏၊ မာန် တည်းဟူသော အမွေးကို ချထားပါ၏၊ ကံမှ ထွက်မြောက် ကြောင်း ကျင့်ဝတ်ကို ကျင့်ပါ၏၊ ပဗ္ဗာဇနီယကံ ငြိမ်းမှုကို တောင်းပါ၏၊ သံဃာသည် ဤမည်သောရဟန်းအား ပဗ္ဗာ ဇနီယကံ ငြိမ်းစေ၏၊ ဤမည်သောရဟန်းအား ပဗ္ဗာဇနီယကံ ငြိမ်းမှုကို အကြင် အရှင်အား နှစ်သက်ခြင်း ရှိ၏။ ထိုအရှင် သည် ဆိတ်ဆိတ်နေရာ၏၊ အကြင်အရှင်အား နှစ်သက်ခြင်း မရှိ၊ ထိုအရှင်သည် ပြောဆိုရာ၏။

နှစ်ကြိမ်မြောက်လည်း ဤအကြောင်းကို ပြောကြား ပါ၏။

သုံးကြိမ်မြောက်လည်း ဤအကြောင်းကို ပြောကြား ပါ၏။

အရှင်ဘုရားတို့ သံဃာသည် တပည့်တော်၏စကား ကို နာတော်မူပါလော့၊ သံဃာက ပဗ္ဗာဇနီယကံ ပြုထား သောကြောင့် ဤမည်သောရဟန်းသည် ကောင်းစွာကျင့်၏၊ မာန်တည်းဟူသော အမွေးကို ချ၏။ ကံမှ ထွက်မြောက် ကြောင်း ကျင့်ဝတ်ကို ကျင့်၏၊ ပဗ္ဗာဇနီယကံကို ငြိမ်းစေ၏၊ ဤမည်သောရဟန်းအား ပဗ္ဗာဇနီယကံ ငြိမ်းမှုကို အကြင်

အရှင်အား နှစ်သက်ခြင်း ရှိ၏၊ ထိုအရှင်သည် ဆိတ်ဆိတ်နေရာ၏၊ အကြင် အရှင်အား နှစ်သက်ခြင်းမရှိ၊ ထိုအရှင်သည် ပြောဆိုရာ၏။

သံဃာသည် ဤမည်သောရဟန်းအား ပဗ္ဗာဇနီယကံကို ငြိမ်းစေအပ်ပြီး သံဃာအား နှစ်သက်ခြင်း ရှိ၏။ ထို့ကြောင့် ဆိတ်ဆိတ်နေ၏။ ဤသို့ ဆိတ်ဆိတ်နေသဖြင့် ဤ နှစ်သက်သည်အဖြစ်ကို သိလျက်ရပါသည်ဟု မိန့်တော်မူသည်။

# အခန်း(၂)

# မြန်မာ နိုင်ငံနှင့် ပဗ္ဗာဇနီယကမ္မဝါစာ

## ရာမညတိုင်း သာသနာသမိုင်းအစ

ဘုရားရှင် ပရိနိဗ္ဗာန်စံဝင်တော်မူပြီးနောက် သာသနာသက္ကရာဇ်(၂၃၅)ခုတွင် အိန္ဒိယပြည် ပါတလိပုတ်ပြည်၌ သိရီဓမ္မာသောကမင်းကြီးသည် ရှင်မဟာမောဂ္ဂလိပုတ္တတိဿမထေရ် အမှူးရှိသော ရဟန္တာအရှင်မြတ်တို့သည် တတိယသံဂါယနာ တင်ခဲ့ကြသည်။

သံဂါယနာတင်ပြီးသောအခါတွင် ရဟန္တာအရှင်မြတ်တို့သည် ဘုရားရှင်သာသနာသည် နောင်ကာလတွင် ပင်မနေ ရာ၌ မတည်၊ ပစ္စန္တရာဇ်အရပ်၌ တည်မည်ကို အနာဂတံသဉာဏ်ဖြင့် သိရှိတော်မူကြ၍ ကိုးတိုင်းကိုးဌာနသို့ သာသနာပြုစေလွှတ်တော်မူသည်။

ထိုအခါ သုဝဏ္ဏဘူမိမည်သော သထုံသို့ သောဏ မထေရ်၊ ဥတ္တရမထေရ်တို့သည် တိဿဂုတ္တမထေရ်၊ အနုရုဒ္ဓါ မထေရ်၊ သောရေယျ မထေရ်တို့နှင့်အတူ သာသနာပြု ကြွရောက်ခဲ့ကြသည်။

ထိုအချိန်ဝယ် သုဝဏ္ဏဘူမိသထုံပြည်၌ သထုံမင်းဆက် (၅၂)ဆက်တွင် (၈)ဆက်မြောက် သီရိမာသောကမင်း နန်းစံ လျက် ရှိသည်။ ထိုသထုံပြည်သည် ကေလာသတောင်ထိပ်ရှိ စေတီအနောက်တောင်၌ အရှေ့တစ်ဝက်ကား တောင်ထိပ် အနောက်တစ်ဝက်ကား မြေညီ၌ရှိသောမြို့ ဖြစ်သည်။

(ထိုမြို့ကို တင်လဲချက်သောလူတို့အိမ်ကဲ့သို့ အိမ် အများရှိသောကြောင့် ဂေါဠမတ္တိကာ မြို့ဟူ၍လည်းခေါ် ကြသည်။)

ထိုမြို့သည် သမုဒ္ဒရာနှင့် နီးသောကြောင့် ရေစောင့် ဘီလူးမသည် မင်းနန်းတော်၌ သားတော်ဖွားတိုင်း လာ ရောက် စားလေ့ရှိသည်။

ယခင် ဂဝံပတိရဟန္တာမထေရ် ထားခဲ့သော ဘုရား သာသနာသည် ကွယ်ပနေပြီးဖြစ်၍ လူတို့သည် ရဟန်း ဆိုသည်ကို မတွေ့ဘူး မမြင်ဘူး မသိဖြစ်နေကြသည့် အချိန် ကာလ ဖြစ်သည်။

သာသနာပြုမထေရ်တို့ ကြွရောက်လာသောနေ့တွင် မင်းနန်းတော်၌ သားဖွားခိုက်နှင့် ကြုံကြိုက်နေသည်၊ လူတို့

သည် ဘီလူးမလာမည့်အန္တရာယ်ကို ကာကွယ်ရန် ဓားလှံ လက်နက်များ ကိုင်ကာ စောင့်ကြပ်လျက် ရှိနေကြသည်။ မထေရ်တို့ကို မြင်လျှင် ဤသူများကား ရေစောင့်ဘီလူး၏ အဖော်သဟဲတည်းဟု မှတ်ထင်ကြလေသည်။

လက်နက်တို့ဖြင့် ထိုးခုတ် ပစ်ခတ်ရန် ဝိုင်းဝန်းလာကြသည်။ မထေရ်တို့က ထိုသူများကို မေးသည်။

"အဘယ်ကြောင့် လက်နက်စွဲကိုင်လာကြပါသနည်း"

"မင်းနန်းတော်၌ ဖွားတိုင်း ဖွားတိုင်းသောသူငယ်တို့ကို ရေစောင့်ဘီလူးတို့သည် လာရောက် စားကုန်၏၊ သင်တို့သည် ရေစောင့်ဘီလူး၏ အဖော်သဟဲတို့ မဟုတ်လား"

ငါတို့သည် ရေစောင့်ဘီလူးတို့၏ အဖော်သဟဲမဟုတ်ကုန်၊ ငါတို့သည် ကိလေသာတို့ ငြိမ်းစေတတ်သောကြောင့် ရဟန်းဟု မည်ကြသည်။ ငါတို့သည် သတ္တဝါတို့၏ အသက်ကို သတ်ခြင်းမှ ရှောင်ကြဉ်ကုန်၏၊ မဟုတ်သောစကားကို ဆိုခြင်းမှ ရှောင်ကြဉ်ကုန်၏၊ သေရည်သောက်ခြင်းမှ ရှောင်ကြဉ်ကုန်၏၊ တစ်ထပ်တည်းသာ စားကုန်၏၊ အကျင့်သီလ ရှိကြကုန်၏၊ ကောင်းသောတရား ရှိကြကုန်၏။

မထေရ်တို့က ထိုသို့ ဖြေကြားနေစဉ်မှာပင် ရေစောင့် ဘီလူးမသည် မင်းနန်းတော်၌ သူငယ်ဖွားသည်၊ ထိုသူငယ်ကို စားအံ့ဟူ၍ အခြံအရံနှင့်တကွ ထွက်လာသည်။

လူတို့သည် ထိုရေစောင့်ဘီလူးမကို မြင်တွေ့လျှင်-

"အရှင်ဘုရား ဤရေစောင့်ဘီလူးမကား လာပါပြီ"ဟု စိုးရိမ်ထိတ်လန့် ကြောက်ရွံ့ကြလျက် ဟစ်အော်ကြွေးကြော်ကြလေသည်။

ထိုခဏမှာပင် မထေရ်သည် ရေစောင့်ဘီလူးတို့ထက်နှစ်ဆမျှကြီးသော အတ္တဘောကို ဖန်ဆင်းသည်၊ အခြံအရံများကို ဖန်ဆင်းပြီး ထိုဘီလူးမနှင့် အခြံအရံကို ဝိုင်းဝန်းခြံရံကြသည်။

ရေစောင့်ဘီလူးမနှင့် အခြံအရံတို့သည်-

"ဤသူတို့သည် မချွတ်လျှင် ဤအရပ်သို့ ရအပ်သည်ဖြစ်လတ္တံ့။ ငါတို့သည် ဤသူတို့၏အစာ ဖြစ်ကုန်လတ္တံ့" ဟု ကြံစည်မိပြီးလျှင် ရေစောင့်ဘီလူးမနှင့် အခြံအရံတို့သည် ကြောက်ရွံ့ ထိတ်လန့်ကြပြီးလျှင် လျှင်မြန်စွာထွက်ပြေးကြလေသည်။

မထေရ်မြတ်သည် ရေစောင့်ဘီလူးတို့ကို မမြင်ရသောအရပ်တိုင်အောင် ပြေးစေသည်၊ ထက်ဝန်းကျင်မှ အစောင့်အရှောက်ကို ထားပေးကြသည်။

စုဝေးရောက်လာသော ပရိတ်သတ်ကို ဗြဟ္မဇာလသုတ်ကို ဟောတော်မူသည်။ လူတို့ကို ကောင်းစွာကြည်ညိုစေ၍ သရဏဂုံ တည်စေသည်။ အမျိုးသား(၃၅၀၀) အမျိုးသမီး (၁၅၀၀)တို့သည် ရှင်ရဟန်း ပြုကြကုန်သည်။

ထိုအခါမှစ၍ မင်းမျိုး၌ ဖွားကုန်သောသူငယ်တို့ကို သောဏုတ္တရဟူသော အမည်ကို မှည့်ကုန်ကြလေသည်။

လူငယ်ခပ်သိမ်းတို့အားလည်း ဘီလူး စသော အန္တရာယ်မှ ကင်းစေခြင်းငှါ ထန်းရွက်စလူးရွက်များ၌ မထေရ် ဖန်ဆင်းအပ်သော အတ္တဘောရုပ်ကို ရေး၍ ဦးခေါင်းထက်၌ တင်ထားပေးကြသည်၊ ယင်းကိုနောင်ကာလ၌ လိပ်ပြာချုပ် ဟူ၍ ခေါ်ကြသည်။

ထိုအတ္တဘောရုပ်ဟူသည် မနုဿသီဟ = ခြင်္သေ့ကိုယ် လူဦးခေါင်းရှိသောအရုပ်ဟု ဆိုပါသည်။ ထိုအရုပ်ကို မြို့နေ လူတို့သည် ကျောက်ဖြင့်ထုလုပ်ပြုပြီး မြို့၏အရှေ့မြောက် ထောင့်တွင် တည်ထားခဲ့ကြသည်ဟု သမိုင်းက ဆိုပါသည်။

## ပဗ္ဗာဇနီယကမ္မဝါစာအစ သထုံပြည်က

သထုံပြည်မင်းဆက်(၅၂)ဆက်တွင် (၁၈)ဆက်မြောက် ဓမ္မပါလရာဇာမင်းလက်ထက်တွင် သီဟိုဠ်ကျွန်းမှ ပိဋကတ် တော်များသည် ရှင်မဟာဗုဒ္ဓဃောသ ပင့်ဆောင်ယူလာမှုဖြင့် ရောက်လာသည်၊ ထိုအချိန်မှစ၍ ပိဋကတ်တော်များ သင် ကြားမှုနှင့် ဘုန်းကြီးကျောင်းများစနစ်သည် စတင်ပေါ်လာ ခဲ့သည်။

သာသနာသက္ကရာဇ်(၁၆၁၀)ကျော် ကောဇာသက္ကရာဇ် (၄၁၈)ခုတွင် ရာမညတိုင်း၌ မနောဟရီမင်း နန်းစံသည်။ ထိုမင်းလက်ထက်၌ ခိုးသားဘေးထကြွသောင်းကျန်းသဖြင့် အနာရောဂါဘေး ဒုက္ခန္တရ ဘေးတို့ ဆိုက်ရောက်လာပြန်ရာ သထုံပြည်တွင် မြေဘုတ် ဘီလူး စသည်တို့၏ အန္တရာယ်တို့သည် ပေါ်လာပြန်သည်။

ထိုအခါ ရှင်သောဏ ရှင်ဥတ္တရတို့၏ တပည့်အစဉ်အဆက်ဖြစ်သော တပည့်အစဉ်အဆက်(၅)ပါးမြောက် မထေရ်ကြီးဖြစ်သော အရှင်သောမဒတ္တမထေရ်သည် ဘုရားရှင်ဝိနည်းတော်၌ ဟောကြားခဲ့သော ပဗ္ဗာဇနီယကံကို အတုယူ၍ သံဃာ့အမိန့်ဖြင့် နှင်ထုတ်ခြင်းအမိန့်ကို ပြုကာ ပဗ္ဗာဇနီယကမ္မဝါစာကို စတင်တီထွင်ကာ အသုံးပြုခဲ့သည်ဟု ဆိုပါသည်။

## ကျန်စစ်မင်းကြီး နန်းတည်မြေသန့်စင် ပဗ္ဗာဇနီယ ကမ္မဝါစာပင်

တစ်ဖန် ကျန်စစ်သားမင်းကြီး နန်းတည်သောအခါ ရှင်အရဟံစသော သံဃာတော်မထေရ်မြတ်တို့ကမြေသန့်စိမ့်သောငှါ မြေအောက်နေနတ် နဂါးဆိုးဖြစ်သော ဘုမ္မဒေဝများ ပယ်ရှားစိမ့်သောငှါ မြေနုတ်ကမ္မဝါစာအဖြစ် ဤပဗ္ဗာဇနီယကမ္မဝါစာကိုပင် ဖတ်ကြားပေးခဲ့သည်ဟု ဆိုပါသည်။

ထိုအချိန်မှစ၍ အိမ်သစ်၊ ကျောင်းသစ်၊ သိမ်သစ် ဆောက်တည်ရာတို့ဝယ် ထိုမြေနေရာ၌ မကောင်းသော နတ်မိစ္ဆာ အစိမ်းသူရဲ ဖုတ်ပြိတ္တာများရန်မှ ကင်းစေရန် ထိုပုဂ္ဂိုလ်များကို ပယ်ရှားစေရန်အတွက် ဤကမ္မဝါစာကို အစဉ်အဆက်အရ အသုံးပြုခဲ့သည်ဟု ဆိုပါသည်။

## အင်းဝနတ်စက်ရောင်ဆရာတော် ပဗ္ဗာဇနိယ ကမ္မဝါစာပေါ်

ဤကမ္မဝါစာကို အင်းဝခေတ်တွင်(၈၈၈)ခု သိုဟန်ဘွားသည် ဗုဒ္ဓသာသနာကို မယုံကြည် မကိုးကွယ်သော မိစ္ဆာမင်း ဖြစ်သည့်အားလျော်စွာ ရဟန်းသံဃာများကို ဆွမ်းကျွေးချင်ယောင်ဆောင် ပင့်ဖိတ်ပြီး ရဟန်းသံဃာအများအပြားကို သတ်ဖြတ်ခဲ့သည်။ ဗုဒ္ဓပိဋကတ်စာပေများကို မီးရှို့ဖျက်ဆီးခဲ့သည်။

ထိုဖျက်ဆီးမှုတွင် ရဟန်းသံဃာ ဖြစ်ပေါ်ရာ၌ အရေးကြီးဆုံးဖြစ်သော ဥပ္ပတ္တိစတုတ္ထကမ္မဝါစာအပါအဝင် ကမ္မဝါစာများကို မပျောက်ပျက်ရလေအောင် ဖျက်ဆီးမှုမခံရလေအောင် နတ်စက်ရောင်ဆရာတော်က ကမ္မဝါစာများကို မကျီးစေ့သဏ္ဍာန်ကဲ့သို့သော အက္ခရာဖြင့် မှတ်ဘမ်းတင် ရေးသားခဲ့သည်ဟု ဆိုပါသည်။

ထိုအချိန်မှစ၍ မကျိုးစေ့ကမ္မဝါစာ ပေါ်လာပြီးလျှင် ပဗ္ဗာဇနီယကမ္မဝါစာကိုလည်း နတ်စက်ရောင်ဆရာတော်ကပင် ထပ်မံ ရေးသားခဲ့သည်ဟု ဆိုရသည်။

ညောင်ရမ်းခေတ် ကုန်းဘောင်တစ်လျှောက်လုံး နတ်စက်ရောင်ဆရာတော် ရေးသားသော ပဗ္ဗာဇနီယကမ္မဝါစာကိုပင် အသုံးပြုခဲ့သည်ဟု ဆိုပါသည်။

မြန်မာနိုင်ငံ လွတ်လပ်ရေးဆုံးရှုံးပြီးနောက်ဝယ် မဟာဝိသုဒ္ဓါရုံ ဆရာတော်ဘုရားကြီးက အကျယ် ထပ်မံရေးသားခဲ့သည်ဟု ဆိုပါသည်။

ယခု ဤစာအုပ်တွင် ယင်းမူကို တင်ပြထားပါသည်။

## မန္တလေးပလိပ်ရောဂါဘေးနှင့် ပဗ္ဗာဇနီယကမ္မဝါစာ

၁၉၃၇ ခုနှစ်တွင် မန္တလေး၌ ပလိပ်ရောဂါဘေး ကျရောက်ပြီး လူတို့ အသေအပျောက်များလှသည်။ လူတို့ အသေအပျောက်များသည်ဖြစ်၍ မြို့ရွာထဲသို့ ဘီလူး၊ တစ္ဆေ၊ သရဲများ ဝင်ရောက်သောင်းကျန်းကြသဖြင့် ဝေသာလီပြည် ဒုဗ္ဘိက္ခန္တရဘေး ဆိုက်စဉ်က ဘီလူး အစိမ်းသရဲတို့ ဝင်ရောက်ကျက်စားသကဲ့သို့ ကျက်စားသည်ဟု ဆိုလေသည်။

ထိုအခါ လယ်တီဆရာတော် စသော မဟာကဂရုဏာရှင် ဆရာတော်ကြီးများက မိမိတို့ ဒါယကာ၊ ဒါယိကာမများတွင် ကပ်ရောက်ပြီး နှိပ်စက်နေသော ပလိပ်ရောဂါနှင့် ထိုရောဂါကို အမှီပြုပြီး လာရောက်သောင်းကျန်းနေကြသော ဘီလူး တစ္ဆေသရဲများ၏ရန်မှ ကင်းစေရန် ပဋ္ဌာနနိယကမ္မဝါစာကို ရွတ်ဖတ်၍ တားမြစ်ကြသည်။ လယ်တီဆရာတော်က သံဃာတော်များကို စေလွှတ်၍ ရွတ်ဆိုစေရာ ပလိပ်ရောဂါနှင့် ဘီလူး တစ္ဆေဘေးသည် ရှောသင့်သလောက် မရှောဘဲ တန့်ရုံသာ တန့်သည်။ အချို့နေရာ၌ ပို၍ပင် တိုးပွားပြီး ဆိုးလာသည်ဟု ဆိုပါသည်။

ရဟန်းရှင်, လူတို့သည် မန္တလေးမြို့မှ ထွက်ပြေးကြသည်။ ထိုအခါ လယ်တီဆရာတော်က ပဋ္ဌာနနိယကမ္မဝါစာရွတ်ဖတ်ခြင်းသက်သက်သည် ထိုဘီလူး ပြိတ္တာ၊ တစ္ဆေသရဲများကို တစ်ဘက်သတ်ပြုရာ ဖြစ်သည်။ ရဟန်းများဘက်က မေတ္တာမထားရာ၊ သူတို့ကို နှိပ်စက်နှိမ်နင်းရာကျသည်။

သို့အတွက် ရဟန်းတို့၏ ဝိနည်းတော်နှင့်သော်လည်းကောင်း၊ ရဟန်းတို့ထားရမည့် မေတ္တာစိတ်နှင့်သော်လည်းကောင်း ဆန့်ကျင်နေ၍ အမိန့်ပြန်တမ်း ထုတ်ပြီး နတ်မင်းကြီး လေးပါးထံ နေရာတောင်းယူရန်နှင့် မေတ္တာပို့ရန်ဟု မိန့်ကြားပြီး မေတ္တာပရိတ်ပါ ရော၍ ရွတ်ဖတ်စေပါသည်။ ပရိတ်ရေ၊ ပရိတ်ချည် အရံအတားကိုပါ ပြုစေပါသည်။

ထိုအချိန်မှစ၍ ပလိပ်ရောဂါဘေးနှင့် ဘီလူးတစ္ဆေ တို့၏ အန္တရာယ်ဘေးသည် တဖြေးဖြေး ကင်းစင်,ပ,ပျောက် သွားသည်ဟု ဆရာအစဉ်အဆက်က မိန့်ကြားပါသည်။

(ယနေ့ခေတ် အချိန်ဝယ် တစ်ချို့ ဆရာတော်ကြီး များက ပဗ္ဗာဇနီယကမ္မဝါစာသည် တစ်ဘက်သားကို ရက်စက်စွာ နှင့်ထုတ်မှုဖြစ်၍ ရဟန်းတို့နှင့် မသင့်ဟုဆိုကာ မရွတ်ဖတ်ကြဘဲ သီးသန့် အန္တရာယိကကမ္မဝါစာကိုသာ စီရင် ရေးသားပြီး ဆောင်ရွက် ရွတ်ဖတ်ကြလေ့ ရှိပါသည်ဟု ဆိုပါသည်။)

## မင်းကိုယ်ချည်

ရှင်ပြုသောအခါ ညနေပရိတ်တော် မနာမီအတွင်း ရှင်သာမဏေလောင်းများအား လည်းကောင်း၊ လူမမာများ အားလည်းကောင်း မင်းကိုယ်ချည်ဟုခေါ်သော ချည်မျှင် (၇)မျှင်နှင့် ခြံရံရစ်ပတ်ထားလေ့ ရှိပါသည်။

ဤသည်မှာ ပွင့်တော်မူပြီးသော ဘုရားရှင်တို့သည် အမျိုး(၄)ပါးအနက် မြတ်သောဗြဟ္မဏ မဟာသာလ ခတ္တိယ မျိုးတို့၌သာလျှင် ဖြစ်တော်မူကြသည်၊ ထိုဗြဟ္မဏမျိုးတို့ သည်ကား ချည်(၇)မျှင်ကို အရံအတားအဖြစ် အစဉ်မပြတ် စလွယ်သိုင်း ဝတ်ဆင်ကြလေ့ ရှိသည်။

ရှင်သာမဏေပြုပွဲတွင် ရှင်လောင်းသည် မြင့်မြတ်သော သာသနာ့ဘောင်သို့ ရောက်မည် (ဂါ) ခတ္တိယနွယ်ဝင် သာကီဝင်မင်းမျိုးမှ ဆင်းသက်သော မြင့်မြတ်သောအရှင် ရဟန်းအဖြစ်သို့ ရောက်မည်။ ထိုသို့ရောက်ရာတွင် မာရ်နတ်စသော အဟုန့်အတား အနှောက်အယှက် မပေါ်စေရန် မင်းကိုယ်ချည်ကို ဝတ်ဆင်ရသည်။

အလားတူ လူမမာတွင် လူတို့ကို နှောက်ယှက်ဖျက်ဆီးတတ်သော အစိမ်းသရဲ တစ္ဆေ မြေဖုတ်ဘီလူး စသည့် အန္တရာယ်မှ အရံအတားဖြစ်စေရန် မင်းကိုယ်ချည် (၇)ချောင်းကို ရံတားပေးရသည်။

# အခန်း(၃)

## ပဗ္ဗာဇနီယကမ္မဝါစာ

### ပဗ္ဗာဇနီယကမ္မဝါအမိန့်တော်ပြန်တမ်း

ကမ္မဝါစာ အမိန့်တော်ပြန်တမ်း မထုတ်ပြန်မီ ကာယကံရှင် (အိမ်ရှင်)တို့သည် ဦးစွာ သီလဆောက်တည်ရသည်။

မိမိတို့ တတ်စွမ်းနိုင်သမျှသော လှူဖွယ်ဝတ္ထုတို့ကို ရဟန်းသံဃာတို့အား ပေးလှူပြီး ကုသိုလ်အဖို့ဘာဂကို အိမ်စောင့်နတ်အပါအဝင် နတ်တို့ကို အမျှပေးဝေစေရပါမည်။

သို့မှသာ နတ်ကောင်းနတ်မြတ်များက ချစ်မြတ်နိုးပြီး စောင့်ရှောက်ကူညီမှု ပေးကြလိမ့်မည် ဖြစ်သည်။

ဤ အမိန့်တော်ပြန်တမ်းကို ကမ္မဝါစာမဖတ်မီ ဖတ်ကြားရသည်။ ဖတ်ကြားသောအခါ အသံကျယ်ကျယ်နှင့် ပြတ်ပြတ်သားသား ရှိသော အသံဖြင့် ဖတ်ကြားရမည်။

အမိန့်ပြန်တမ်း ဖတ်ကြားပြန်သည့်အခါ ( )ကွင်းထားသောနေရာ၌ အိမ်ရှင်၏အမည်ကို ထည့်ရပါမည်။

လူမမာကို ဖတ်လိုလျှင် ကွင်းပြထားသော(ဂေဟေ)နှင့် (ဂေဟာ)နေရာတို့၌ (သရီရေ)နှင့် (သရီရာ)ဟု ပြင်ဖတ်ရပါမည်။ လူမမာအမည်ကို ထည့်ပေးရပါမည်။

| | | |
|---|---|---|
| ဘန္တေ | = | အရှင်ဘုရားတို့ |
| သံဃော | = | သံဃာတော်သည် |
| မေ | = | အကျွန်ုပ်၏ |
| ဝစနံ | = | စကားကို |
| သုဏာတု | = | နာတော်မူပါလော့ |
| စဏ္ဍာ | = | ကြမ်းတမ်းကုန်သော |
| ရုဒ္ဒါ | = | ကုသိုလ်တရားတို့ကို ဆို့ပိတ်တတ်ကုန်သော |
| ရဘသာ | = | မကောင်းမှုအကုသိုလ် ဒုစရိုက်တရားကို အားထုတ်တတ်ကုန်သော |
| အဒယာလုကာ | = | သနားခြင်း ကရုဏာ အလွန် ကင်းကုန်သော |
| ဝိဟေသကာ | = | သတ္တဝါတို့အား ရက်ရက်စက်စက် မညှာမတာ ညှင်းဆဲ နှိပ်စက်တတ်ကုန်သော |

အမနုဿာ = လူဇာတ် စစ်စစ် မဟုတ်ကုန်သော
ဣမေယက္ခ = ဤဘီလူး ဂန္ဓဗ္ဗနတ်၊ နဂါး၊ အစိမ်း
ဂန္ဓဗ္ဗ၊ကုမ္ဘဏ္ဍ သူရဲ သင်းကွဲ ပြိတ္တာ လူကိုဖမ်းစား
နာဂါ တတ်သော တစ္ဆေမြေဖုတ် ဘီလူး
နတ်ဘီလူး နတ်မိစ္ဆာ ဟူသမျှ
အပေါင်းတို့သည်

လောကသ္မိံ = လောက၌
အတ္ထိသန္တိ = ထင်ရှားရှိကုန်၏
ဣမေသံ = ဤဘီလူးစသော သတ္တဝါတို့၏
စဏ္ဍာတာ = ကြမ်းတမ်းသည်၏ အဖြစ်သည်
လည်းကောင်း
ရုဒ္ဒတာ = ကုသိုလ်တရားတို့ကို ဆို့ပိတ်တတ်
သည်၏ အဖြစ်သည်လည်းကောင်း
ရာဘသံ = မကောင်းမှုအကုသိုလ် ဒုစရိုက်တရား
ကို အားထုတ်သည်၏အဖြစ်သည်
လည်းကောင်း
အဒယာလုကတာ= သနားခြင်းကရုဏာ အလွန်ကင်း
သည်၏ အဖြစ်သည် လည်းကောင်း
ဝိဟေသကာ = သတ္တဝါတို့အား ရက်ရက်စက်စက်
မညှာမတာ ညှင်းဆဲနှိပ်စက်တတ်
သည်၏ အဖြစ်သည်လည်းကောင်း

ဒိဿန္တိစေဝ = ထင်လည်း ထင်ကုန်၏

သုယျန္တိစ = ကြားလည်း ကြားအပ်ကုန်၏

ဣမေဟိ = ဤဘီလူးစသော သတ္တဝါတို့သည်

ဝိဟေဌိတာနိ = ညှင်းဆဲနှိပ်စက်အပ်ကုန်သော

ကုလာနိစ = အမျိုးတို့သည်လည်း

ဒိဿန္တိစေဝ = ထင်လည်းထင်ကုန်၏

သုယျန္တိစ = ကြားလည်းကြားအပ်ကုန်၏

သံဃဿ = သံဃာတော်သည်

(သံဃေန)

ပတ္တကလ္လံ = လျောက်ပတ်သောအခါသည်

ယဒိဟောတိ = အကယ်၍ရှိသည် ဖြစ်ငြားအံ့

သံဃော = သံဃာတော်သည်

အမနုဿေဟိ = လူဇာတ်စစ်စစ် မဟုတ်ကုန်သော

ဣမေဟိယက္ခ = ဤဘီလူး ဂန္ဓဗ္ဗနတ်၊ နဂါး၊ ကုမ္ဘဏ်၊

ဂန္ဓဗ္ဗ၊ ကုမ္ဘဏ္ဍ အစိမ်းသူရဲ၊ သင်းကွဲပြိတ္တာ လူကို

နာဂေဟိ ဖမ်းစားတတ်သောတစ္ဆေ မြေဖုတ်

ဘီလူး နတ်ဘီလူး နတ်မိစ္ဆာဟူသမျှ

အပေါင်းတို့သည်

ဣမသ္မိံ(ဂေဟေ) = ဤ( )အိမ်၌

ဣမသ္မိံအာရာမေ = ဤအရာမ်၌

| | | |
|---|---|---|
| နဝတ္တဗ္ဗံ | = | မနေအပ် |
| ဗ္လတိ | = | ဤသို့ |
| အမနုဿာနံ | = | လူဇာတ်စစ်စစ် မဟုတ်ကုန်သော |
| ဗ္လမေသံယက္ခ ဂန္ဓဗ္ဗ၊ ကုမ္ဘဏ္ဍ နာဂါနံ | = | ဤဘီလူး ဂန္ဓဗ္ဗနတ်၊ နဂါး၊ အစိမ်းသူရဲ ၊ သင်းကွဲပြိတ္တာ လူကိုဖမ်းစားတတ်သော တစ္ဆေ မြေဖုတ်ဘီလူး နတ်ဘီလူး နတ်မိစ္ဆာဟူသမျှအပေါင်းတို့သည် |
| ဗ္လမဿာ(ဂေဟာ) | = | ဤအိမ်မှ |
| ဗ္လမဿာအာရာမာ | = | ဤအရာမ်မှ |
| ပဗ္ဗာဇနီယကမ္မံ | = | နှင်ထုတ်ခြင်းအမှုကို |
| ကရေယျ | = | ပြုရာ၏ |
| သော | = | ဤသည်ကား |
| ဥတ္တိ | = | ရှေးဦးစွာ သိစေခြင်းတည်း |
| ဘန္တေ | = | အရှင်ဘုရားတို့ |
| သံဃော | = | သံဃာတော်သည် |
| မေ | = | အကျွန်ုပ်၏ |
| ဝစနံ | = | စကားကို |
| သုဏာတု | = | နာတော်မူလော့ |
| စဏ္ဍာ | = | ကြမ်းတမ်းကုန်သော |

| | | |
|---|---|---|
| ရုဒ္ဒါ | = | ကုသိုလ်တရားတို့ကို ဆို့ပိတ်တတ်ကုန်သော |
| ရဘသာ | = | မကောင်းမှုအကုသိုလ် ဒုစရိုက်တရားကို အားထုတ်တတ်ကုန်သော |
| အဒယာလုကာ | = | သနားခြင်းကရုဏာ အလွန်ကင်းကုန်သော |
| ဝိဟေသကာ | = | သတ္တဝါတို့အား ရက်ရက်စက်စက် မညှာမတာ ညှင်းဆဲနှိပ်စက်တတ်ကုန်သော |
| အမနုဿာ | = | လူဇာတ်စစ်စစ် မဟုတ်ကုန်သော |
| ဣမေယက္ခ | = | ဤဘီလူး ဂန္ဓဗ္ဗနတ်၊ နဂါး၊ |
| ဂန္ဓဗ္ဗ၊ ကုမ္ဘဏ္ဍ နာဂါ | | အစိမ်းသူရဲ ၊ သင်းကွဲပြိတ္တာ လူကို ဖမ်းစားတတ်သောတစ္ဆေ မြေဖုတ်ဘီလူး နတ်ဘီလူး နတ်မိစ္ဆာ ဟူသမျှအပေါင်းတို့သည် |
| လောကသ္မိံ | = | လောက၌ |
| အတ္ထိသန္တိ | = | ထင်ရှားရှိကုန်၏ |
| ဣမေသံ | = | ဤဘီလူးစသော သတ္တဝါတို့၏ |
| စဏ္ဍာတာ | = | ကြမ်းတမ်းသည်၏ အဖြစ်သည်လည်းကောင်း |

## တက္ကသိုလ်သျှင်သီရိ(ဓမ္မာစရိယ၊ဘိ ဓဇ)

| | | |
|---|---|---|
| ရုဒ္ဓတာ | = | ကုသိုလ်တရားတို့ကို ပိတ်တတ်သည်၏ အဖြစ်သည်လည်းကောင်း |
| ရာဘဿံ | = | မကောင်းမှုအကုသိုလ် ဒုစရိုက်တရားကို အားထုတ်သည်၏ အဖြစ်သည်လည်းကောင်း |
| အဒယာလုကတာ | = | သနားခြင်းကရုဏာ အလွန်ကင်းသည်၏ အဖြစ်သည်လည်းကောင်း |
| ဝိဟေသကတာ | = | သတ္တဝါတို့အား ရက်ရက်စက်စက်မညှာမတာ ညှင်းဆဲနှိပ်စက်တတ်သည်၏ အဖြစ်သည်လည်းကောင်း |
| ဒိဿန္တိစေဝ | = | ထင်လည်းထင်ကုန်၏ |
| သုယျန္တိစ | = | ကြားလည်းကြားအပ်ကုန်၏ |
| ဣမေဟိ | = | ဤဘီလူးစသောသတ္တဝါတို့သည် |
| ဝိဟေသိတာနိ | = | ညှင်းဆဲ နှိပ်စက်အပ်ကုန်သော |
| ကုလာနိစ | = | အမျိုးတို့သည်လည်း |
| ဒိဿန္တိစေဝ | = | ထင်လည်း ထင်ကုန်၏ |
| သုယျန္တိစ | = | ကြားလည်း ကြားအပ်ကုန်၏ |

သံဃော = သံဃာတော်သည်

အမနုဿေဟိ = လူဇာတ်စစ်စစ် မဟုတ်ကုန်သော

ဣမေဟိယက္ခ = ဤဘီလူး ဂန္ဓဗ္ဗနတ်၊ နဂါး၊
ဂန္ဓဗ္ဗ၊ ကုမ္ဘဏ္ဍ ကုမ္ဘဏ်၊ အစိမ်းသူရဲ၊ သင်းကွဲ
နာဂေဟိ ပြိတ္တာ လူကို ဖမ်းစားတတ်သော
တစ္ဆေ မြေဖုတ်ဘီလူး နတ်ဘီလူး
နတ်မိစ္ဆာဟူသမျှ အပေါင်းတို့
သည်

ဣမသ္မိံ(ဂေဟေ) = ဤ( )အိမ်၌

ဣမသ္မိံအာရာမေ= ဤ( )အရာမ်၌

ပဗ္ဗာဇနီယကမ္မံ = နှင်ထုတ်ခြင်းအမှုကို

ကရောတိ = ပြု၏

အာယသ္မတော = ရှည်သောသက်တော်ရှိသော

ယဿ = အကြင်အရှင်အား

အမနုဿေဟိ = လူဇာတ်စစ်စစ် မဟုတ်ကုန်သော

ဣမေဟိယက္ခ = ဤဘီလူး ဂန္ဓဗ္ဗနတ်၊နဂါး၊ကုမ္ဘဏ်၊
ဂန္ဓဗ္ဗ၊ ကုမ္ဘဏ္ဍ အစိမ်းသူရဲ သင်းကွဲပြိတ္တာ လူကို
နာဂေဟိ ဖမ်းစားတတ်သော တစ္ဆေ မြေ
ဖုတ်ဘီလူး နတ်ဘီလူး နတ်မိစ္ဆာ
ဟူသမျှအပေါင်းတို့သည်

ဌာမသ္မိံ(ဂေဟေ) = ဤ( )အိမ်၌
ဌာမသ္မိံအာရာမေ = ဤ( )အရာမ်၌
နဝတ္တဗ္ဗံ = မနေအပ်
ဌာတိ = ဤသို့
အမနုဿာနံ = လူဇာတ်စစ်စစ် မဟုတ်ကုန်သော
ဌာမေသံယက္ခ = ဤဘီလူး ဂန္ဓဗ္ဗနတ်၊နဂါး၊ကုမ္ဘဏ်၊
ဂန္ဓဗ္ဗ၊ ကုမ္ဘဏ္ဍ၊ အစိမ်းသူရဲ၊ သင်းကွဲပြိတ္တာ
နာဂါနံ လူကို ဖမ်းစားတတ်သော တစ္ဆေ
မြေဖုတ်ဘီလူး နတ်ဘီလူး နတ်
မိစ္ဆာ ဟူသမျှအပေါင်းတို့သည်
ဌာမသ္မာ(ဂေဟာ) = ဤ( )အိမ်မှ
ဌာမသ္မာအာရာမာ= ဤ( )အရာမ်မှ
ပဗ္ဗာဇနီယကမ္မဿ= နှင်ထုတ်ခြင်းအမှု၏
ကရဏံ = ပြုခြင်းကို
ခမတိ = နှစ်သက်၏
သော = ထိုနှစ်သက်သော ရဟန်းရှင်
လူမျှားဗိုလ်လူသည်
တုဏှိ = ဆိတ်ဆိတ်နေသည်
အဿ = ဖြစ်ရာ၏
အာယသ္မတော = ရှည်သောသက်တော်ရှိသော

ယသ္မာ = အကြင်သူအား

နကမ္ပတိ = မနှစ်သက်

သော = ထို မနှစ်သက်သော ရဟန်းရှင်လူများဗိုလ်လူသည်

ဘာသေယျ = မနှစ်သက်ပါဘုရားဟု လျှင်မြန်စွာ ပြောဆိုရာ၏

ဒုတိယမ္ပိ = နှစ်ကြိမ်မြောက်လည်း

ဧတံ အတ္ထံ = ဤအနက်ကို

ဝဒါမိ = ဆို၏

တတိယမ္ပိ = သုံးကြိမ်မြောက်လည်း

ဧတံ အတ္ထံ = ဤအနက်ကို

ဝဒါမိ = ဆို၏

သံဃေန = သံဃာတော်သည်

အမနုဿေဟိ = လူဇာတ်စစ်စစ် မဟုတ်ကုန်သော

ဣမေသံယက္ခ ဂန္ဓဗ္ဗ၊ ကုမ္ဘဏ္ဍ နာဂါနံ = ဤဘီလူး ဂန္ဓဗ္ဗနတ်၊နဂါး၊ကုမ္ဘဏ် အစိမ်းသူရဲ၊ သင်းကွဲပြိတ္တာ လူကို ဖမ်းစားတတ်သောတစ္ဆေ မြေဖုတ်ဘီလူး နတ်ဘီလူး နတ် မိစ္ဆာ ဟူသမျှအပေါင်းတို့သည်

ဣမသ္မာ(ဂေဟာ) = ဤ(    )အိမ်မှ

| | | |
|---|---|---|
| ဣမသ္မာအာရာမာ | = | ဤ( )အရာမ်မှ |
| နဝတ္ထဗ္ဗံ | = | မနေအပ် |
| ဣတိ | = | ဤသို့ |
| အမနုဿာနံ | = | လူဇာတ်စစ်စစ် မဟုတ်ကုန်သော |
| ဣမေသံယက္ခ | = | ဤဘီလူး ဂန္ဓဗ္ဗနတ်၊နဂါး၊ကုမ္ဘဏ် |
| ဂန္ဓဗ္ဗ၊ ကုမ္ဘဏ္ဍ | | အစိမ်းသူရဲ၊ သင်းကွဲပြိတ္တာ |
| နာဂါနံ | | လူကို ဖမ်းစားတတ်သောတစ္ဆေ |
| | | မြေဖုတ်ဘီလူး နတ်ဘီလူး နတ် |
| | | မိစ္ဆာ ဟူသမျှအပေါင်းတို့ကို |
| ဣမသ္မာ(ဂေဟာ) | = | ဤ( )အိမ်မှ |
| ဣမသ္မာအာရာမာ | = | ဤ( )အရာမ်မှ |
| ပဗ္ဗာဇနီယကမ္မဿ | = | နှင်ထုတ်ခြင်းအမှု၏ |
| ကရဏံ | = | ပြုခြင်းကို |
| ကတံ | = | ပြုအပ်ပြီး |
| သံဃဿ | = | သံဃာတော်အား |
| ယသ္မာ | = | အကြင်ကြောင့် |
| ခမတိ | = | နှစ်သက်၏ |
| တသ္မာ | = | ထိုသို့ နှစ်သက်သည်၏ အဖြစ်ကြောင့် |
| တုဏှီ | = | ဆိတ်ဆိတ်နေသည် |

ဘဝိတဗ္ဗံ = ဖြစ်ရာ၏
ဝေံဂ္ဂမိနာတုကိုံ = ဤသို့ ဆိတ်ဆိတ်နေသဖြင့်
ဘာဝေန
ဓေတံခမနဘာဝံ = ဤသို့နှစ်သက်သည်၏အဖြစ်ကို
ဓာရယာမိ = မှတ်ရပါ၏

ဤအမိန့်ပြန်တမ်းဖတ်ကြားပြီးလျှင် သံဃာတော်များ ပဗ္ဗာဇနီယကမ္မဝါစာကို ရွတ်ဖတ်ရပါမည်။

ပဗ္ဗာဇနီယကမ္မဝါစာ ရွတ်ဖတ်ပြီးနောက် လူမမာ ဖြစ်ပါက လူမမာကို ပရိတ်ကြိုးဝိုင်းပြီး ပရိတ် ဆက်လက် ရွတ်ဖတ်ပေးရပါသည်၊ သို့မှသာ ဆက်လက်၍ လုံခြုံမှု ရရှိမည် ဖြစ်ပါသည်။

## ပဗ္ဗာဇနီယကမ္မဝါ ဖတ်ကြားခြင်း

ပဗ္ဗာဇနီယကမ္မဝါစာကို ဖတ်ကြားသောသံဃာတော် များသည် ကမ္မဝါစာဖတ်သောအခါ အောက်ပါအချက်များကို သတိထားပြီး ဖတ်ကြားရမည်ဟုဆိုပါသည်။

(၁) သိထိလ (ပေါ့ပေါ့ပါးပါးရွတ်ဆိုရသော အက္ခရာအသံ) ဓနိတ (လေးပင်စွာ ရွတ်ဆိုသောအက္ခရာအသံ)၊ နိဂ္ဂဟိတန္တ (နှာခေါင်းသံ ထွက်၍ ရွတ်ဆိုရသော အက္ခရာအသံ)၊ မကာရန္တ (နှုတ်ခမ်းပိတ်၍ ရွတ်ဆို

ရသော အက္ခရာအသံ)၊ ရဿ (အတိုသံ)၊ ဒီဃ (အရှည်သံ) ဂရု (အလေးသံ)၊ လဟု (အပေါ့သံ) စသည်များကို အထူး သတိထားပြီး ဖတ်ရပါမည်။

(၂) သားငါးစသည်ကို စားခြင်းမှရှောင်ကြဉ်ပြီး ဆားဟင်းများကိုသာ စားပြီး ရွတ်ဖတ်က သာ၍ပင် အာဏာ စူးရှပါသည်။ အစိမ်းသူရဲများလည်း အထူးကြောက်သည်ကို သတိပြုရပါမည်။

(၃) လူမမာ၍ ပင့်ခေါ်လာလျှင် (ရဟန်းခံသောအခါ ရဟန်းလောင်းနှင့် ဟတ္ထပါတ်စပ်သကဲ့သို့) လူမမာ အနီးအနားက နေပြီး ဝိုင်းရံပြီး ရွတ်ဖတ်ရမည်။ သို့မှသာ အာဏာ အာနိသင် စူးရှသည်။

(၄) ကမ္မဝါစာဖတ်သောပုဂ္ဂိုလ်များမှာ အာဏာတည်ရှိစေရမည်၊ အာဏာတည်ဟူသည်ကား ဆေးဝါးမန္တရားကို ဆိုလိုသည်မဟုတ်ပါ၊ မြတ်စွာဘုရား ပညတ်တော်မူသော သိက္ခာပုဒ်တော်များကို မကျိုးမပေါက်ရအောင် စောင့်ရှောက်ရမည်ကို ဆိုပါသည်။ (ဘုရားရှင် အာဏာတော်သည် ကိုယ်ခန္ဓာမှာတည်မှ ကိုယ့်အာဏာလည်း အစိမ်းသူရဲ စသည်တို့အပေါ်မှာ တည်မည် ဖြစ်ပါသည်။)

(၅) သံဃာဟု ဆိုသောကြောင့် အနည်းဆုံး လေးပါး ရှိတ်ရမည်၊ ထိုထက်ပိုလွန်လျှင် သာ၍ပင် ကောင်းပါသည်။

ပဗ္ဗာဇနီယကမ္မဝါစာ ဖတ်မည့် သံဃာတော်များသည် အထက်ပါ သတိထားရန်အချက်များကို သိရှိသဘောပေါက် လိုက်နာကျင့်သုံးပြီးလျှင် ပင့်လျှောက်သော အိမ်ရှင်တို့ကို မထေရ်အကြီးအကဲက အောက်ပါအတိုင်းမေး စိစစ်ရပါမည်။

## အိမ်ရှင်တို့စစ်မေးခြင်း

ဤ( )ပိုင်သောအိမ်၌ဖြစ်စေ၊ ဤ( )ပိုင်သောအိမ်၏ အရာမ်၌ဖြစ်စေ၊ လူကိုမူးအောင်၊ ဝေအောင်၊ မောအောင်၊ ပန်းအောင်၊ ဖျားအောင်၊ နာအောင်၊ ခေါင်းကိုက်အောင်၊ မေ့လျော့အောင်၊ ငိုခြင်း၊ ရယ်ခြင်းရှိအောင် ပြုလုပ်တတ်သော ဘီလူး၊ ဂန္ဓဗ္ဗနတ်၊ ကုမ္ဘဏ်၊ နဂါး၊ အစိမ်းသူရဲ၊ သင်းကွဲ ပြိတ္တာ၊ တစ္ဆေ၊ မြေဖုတ်ဘီလူး၊ နတ်မိစ္ဆာများရှိတာကို အိမ်ရှင် များက နှစ်သက်သလား မရှိတာကို နှစ်သက်သလား။

မထေရ်အကြီးအကဲက ဤသို့မေးလျှင် အိမ်ရှင်က မရှိတာကို နှစ်သက်က

"မရှိတာကို နှစ်သက်ပါသည်ဘုရား" ဟူ၍ ဖြေဆိုပေး ရသည်။

ဤသို့မထေရ်အကြီးအကဲက(၃)ကြိမ်မေး၍ အိမ်ရှင်က (၃)ကြိမ် ဖြေဆိုပေးရသည်။

ထိုအခါ မထေရ်ကြီးက -

"ဤအိမ်သည် ဒါန၊ သီလ စသည့် ကုသိုလ်ကောင်းမှုများစွာ ပြု၍နေသော လူတို့၏နေရာ ဖြစ်သည်၊ ငါရှင်တို့သည် လူ သူတော်ကောင်းများနှင့် တစ်အိမ်တည်း တစ်ရာမ်တည်း နေခြင်းငှါ မလျောက်ပတ်၊ သံဃာတော်များကလည်း သဘောမတူ၊ မနှစ်သက်၊ အိမ်ရှင်စသည်တို့ကလည်း သဘောမတူ၊ မနှစ်သက်၊ သို့အတွက်ကြောင့် အရပ်လေးမျက်နှာကို အစိုးရသော ဓတရဋ္ဌ၊ ဝိရူဠှက၊ ဝိရူပက္ခ၊ ကုဝေရ စသောနတ်မင်းကြီးလေးပါးထံ သင့်လျော်လျောက်ပတ် ကောင်းမြတ်သော နေရာတောင်း၍ ချမ်းသာစွာနေကြစေ၊ အကြင်အရပ်၌ နေခြင်းငှါ အခွင့်ရ၏၊ ထိုအရပ်မှာ နေပါချေ"ဟု မေတ္တာနှင့် နေရာချပေးခြင်းကို ပြုရပါသည်။

ထိုသို့နေရာမပေးလျှင် ထိုပုဂ္ဂိုလ်များသည် နေစရာမရှိ အလွန် ဆင်းရဲပေ့လိမ့်မည်၊ ရဟန်းသံဃာများသည် မေတ္တာရှင် ဖြစ်သည်။ သတ္တဝါတို့ကို နှိပ်စက်ဖျက်ဆီးရာ ရောက်မည်၊ သို့အတွက် မေတ္တာထား၍ နေရာပေးရသည်။

ဤပဗ္ဗဇနီယကမ္မဝါစာဖတ်လျှင် သံဃာအမိန့်ဖြစ်၍ နတ်ဆိုးမိစ္ဆာ တစ္ဆေသူရဲ ဖုတ်ပြိတ္တာဟူသမျှ မုချ မနေနိုင်

ပါဟု ဆရာတော်အစဉ်အဆက်က မိန့်ကြားခဲ့ပါသည်။ နောက်အခန်းများတွင် ဖော်ပြလတံ့သော လက်တွေ့ အဖြစ်အပျက်များဟာ သာဓက ဖြစ်ပါလိမ့်မည်။

စုန်းခေါ်သော ရှာသူတို့ ပြုစားခံရ၍ ဤကမ္မဝါစာရွတ်ဖတ်လျှင် ရှာသူတို့မှာ လူဖြစ်ကြ၍ အရုပ်တစ်ပါးသို့ မပြောင်းရွှေ့နိုင်သောကြောင့် ထင်ရှားစွာ ဖြစ်ပေါ်လာရသည်၊ ပုန်းကွယ်၍ မနေဝံ့ကြချေ။ သို့အတွက်ကြောင့် ဆရာတော်သံဃာတော်များသည် ဤကမ္မဝါစာကို အရမ်းမဲ့မဖတ်ကြရန် သတိပေးကြလေ့ရှိပါသည်။

မှတ်ချက် = အထက်ဖော်ပြပါ ( ) ( ) များ၌ အိမ်ရှင်ကို စစ်မေးလိုသော် ကွင်းထားသော နေရာ၌ အိမ်ရှင်အမည်ကို ထည့်ပါ လူမမာများကို စစ်မေးလိုသော် ၎င်း၏အမည်ကို ထည့်ပါ။

## ပဋ္ဌာနနိယကမ္မဝါစာဖတ်နည်းသင်္ကေတ

ပဋ္ဌာနနိယကမ္မဝါစာကို ဖတ်ကြားသောအခါ ကမ္မဝါစာ၌ပါသော အမှတ်သင်္ကေတအသံတိုင်းဖတ်ရပါသည်။

- = ဤအမှတ်နောက်ပါအက္ခရာများကို အသံပြင်းပြင်း ရွတ်ဆိုရသည်။
  = ဤကော်မာပါသော အက္ခရာများကို နှာခေါင်းသံပါအောင် ရွတ်ဆိုရသည်။
  = လူမမာကိုဖတ်လိုသော်(ဂေဟေ)နှင့် (ဂေဟာ)နေရာ၌ (သရီရေ)နှင့်(သရီရာ)ဟူ၍ ပြောင်းဖတ်ရသည်။

ပဋ္ဌာနနိယကမ္မဝါစာဖတ်ပြီးလျှင် လူမမာဖြစ်ပါက ပရိတ်ရိုးနှင့်ဝိုင်းထားပြီး ပရိတ်ရွတ်ပေးရမည်။

# ပဗ္ဗာဇနီယကမ္မဝါစာ

နမောတဿ၊ ဘဂဝတော၊ အရဟတော၊ သမ္မာ သမ္ဗုဒ္ဓဿ၊

သုဏာတု မေ•ဘန္တေ သံ’•ဃော၊ ဣမေ အမနုဿာ ယ•က္ခ ဂ•န္ဓဗ္ဗ ကု•မ္ဘဏ္ဍ နာဂါ စဏ္ဍာ ရု•ဒ္ဒါ ရ•ဘသာ အဒယာလုကာ ဝိဟေသကာ ဣမေသံ’ စဏ္ဍတာ ရု•ဒ္ဒတာ ရာ•ဘသံ’ အဒယာလုကတာ ဝိဟေသကတာ ဒိဿန္တိစေဝ သုယျန္တိစ။ ကုလာနိစ ဣမေဟိ ဝိဟေသိတာနိ ဒိဿန္တိစေဝ သုယျန္တိစ။ ယဒိသံ’•ဃဿ ပတ္တကလ္လံ’။ သံ’•ဃော ဣမေသံ အမနုဿာနံ’ ယ•က္ခ ဂ•န္ဓဗ္ဗ ကု•မ္ဘဏ္ဍ နာဂါနံ’ ဣမသ္မာ (ဂေဟာ) ဣမသ္မာ (အာရာမာ) ပဗ္ဗာဇနီယကမ္မံ’ ကရေယျ။ န ဣမေဟိ အမနုဿေဟိ ယ•က္ခ ဂ•န္ဓဗ္ဗ ကု•မ္ဘဏ္ဍနာဂေဟိ ဣမသ္မိံ’ (ဂေဟေ) ဣမသ္မိံ’ (အာရာမေ) ဝတ္ထဗ္ဗန္တိ။ ဧသာ ဉတ္တိ။

သုဏာတု မေ•ဘန္တေ သံ•ဃော ဣမေ အမနုဿာယ•က္ခ ဂ•န္ဓဗ္ဗ ကု•မ္ဘဏ္ဍ နာဂါ စဏ္ဍာ ရု•ဒ္ဒါ ရ•ဘသာ အဒယာလုကာ ဝိဟေသကာ ဣမေသံ’ စဏ္ဍတာ ရု•ဒ္ဒတာ ရာ•ဘသံ’ အဒယာလုကတာ ဝိဟေသကတာ ဒိဿန္တိစေဝ သုယျန္တိစ။ ကုလာနိစ ဣမေဟိ ဝိဟေသိတာနိ

ဒိဿန္တိစေဝ သုယျန္တိစ။ သံ’•ဃော ဣမေသံ အမနုဿာနံ’ ယ•က္ခ ဂ•န္ဓဗ္ဗ ကု•မ္ဘဏ္ဍ နာဂါနံ’ ဣမသ္မာ (ဂေဟာ) ဣမသ္မာ (အာရာမာ) ပဗ္ဗာဇနီယကမ္မံ’ ကရောတိ။ ဣမေဟိ အမနုဿေဟိ ယ•က္ခ ဂ•န္ဓဗ္ဗ ကု•မ္ဘဏ္ဍ နာဂေဟိ ဣမသ္မိံ (ဂေဟေ) ဣမသ္မိံ’(အာရာမေ)ဝတ္ထဗ္ဗန္တိ။ ယဿာ ယသ္မတော •ခမတိ၊ ဣမေသံ’ အမနုဿာနံ’ ယ•က္ခ ဂ•န္ဓဗ္ဗ ကု•မ္ဘဏ္ဍ နာဂါနံ’ ဣမသ္မာ (ဂေဟာ) ဣမသ္မာ (အာရာမာ) ပဗ္ဗာဇနီယ ကမ္မဿ ကရဏံ’။ ဣမေဟိ အမနုဿေဟိ ယ•က္ခ ဂ•န္ဓဗ္ဗ ကု•မ္ဘဏ္ဍ နာဂေဟိ ဣမသ္မိံ (ဂေဟေ) ဣမသ္မိံ’ (အာရာမေ) ဝတ္ထဗ္ဗန္တိ။ သောတု ဏှဿ။ ယဿ န•က္ခမတိ၊ သော•ဘာသေယျ။ ဒုတိယမ္ပိ ဧတမ•တ္ထံ’ဝဒါမိ။ ။ တတိယမ္ပိ ဧတမ•တ္ထံ’ဝဒါမိ၊

ကတံ’သံ•ဃေန ဣမေသံ’ အမနုဿာနံ’ ယ•က္ခ ဂ•န္ဓဗ္ဗ ကု•မ္ဘဏ္ဍ နာဂါနံ’ ဣမသ္မာ (ဂေဟာ) ဣမသ္မာ (အာရာမာ) ပဗ္ဗာဇနီယကမ္မဿ’ ကရဏံ။ ဣမေဟိ အမနုဿေဟိ ယ•က္ခ ဂ•န္ဓဗ္ဗ ကု•မ္ဘဏ္ဍ နာဂေဟိ ဣမသ္မိံ (ဂေဟေ) ဣမသ္မိံ’ (အာရာမေ) ဝ•တ္ထဗ္ဗန္တိ။ •ခမတိ သံ•ဃဿ၊ တသ္မာ တုဏှီ။ ဧဝမေတံ’ •ဓာရယာမိတိ။

ပဗ္ဗဇနီယကမ္မဝါစာ နိဋ္ဌိတာ

*****

# အခန်း (၄)

## လူတို့ကိုဖမ်းစားတတ်သူများ

### ပဗ္ဗာဇနီယကမ္မဝါစာပါ အစိမ်းတစ္ဆေများစွာ

ပဗ္ဗာဇနီယ ကမ္မဝါစာတွင်-

- ကြမ်းတမ်းကုန်သော
- ကုသိုလ်တရားတို့ကို ဆိုဖိတ်တတ်ကုန်သော
- မကောင်းမှုအကုသိုလ်ဒုစရိုက်တရားတို့ကို အားထုတ်တတ်ကုန်သော
- သနားကရုဏာအလွန်ကင်းကုန်သော
- သတ္တဝါတို့အား ရက်ရက်စက်စက် မညှာမတာ နှိပ်စက်ညှင်းပန်းတတ်ကုန်သော
- လူသားစင်စစ်မဟုတ်ကုန်သော

ဘီလူး၊ ဂန္ဓဗ္ဗနတ်၊ ကုမ္ဘာမ်၊ နဂါး၊ အစိမ်းသူရဲ၊ သင်းကွဲပြိတ္တာ၊ လူကိုဖမ်းစားတတ်သောတစ္ဆေမြေဖုတ်ဘီလူး၊ နတ်ဘီလူး၊ နတ်မိစ္ဆာဟူ၍ ဖော်ပြထားသည်ကို တွေ့ရပါသည်။

ထိုပုဂ္ဂိုလ်များနှင့်ပတ်သက်၍ ဘုရားရှင်က ဒီဃနိကာယ် ပါထေယျဝဂ္ဂ၊ အာဋာနာဋိယသုတ်တော်တွင်-

"စတုမဟာရာဇ်နတ်မျိုးဝင်ဖြစ်သော နတ်ဆိုးတို့သည် ရှိကြပါသည်။ ထိုနတ်ဆိုးများသည် များသောအားဖြင့် လွန်စွာ ရက်စက်ကြမ်းကြုတ်ကြကုန်၏။ ရက်ရက်စက်စက် ပြုလေ့ ရှိကြကုန်၏။ အချင်းချင်းကိုသော်လည်းကောင်း၊ လူတို့ကို သော်လည်းကောင်းအမျိုးမျိုးသောညှင်းဆဲခြင်းတို့ဖြင့် နှိပ်စက် ညှင်းဆဲကြကုန်၏။ အစိုးရဖြစ်သော ဓတရဋ္ဌ၊ ဝိရူဠှက၊ ဝိရူပက္ခ၊ ကုဝေရ ဟူသောနတ်မင်းကြီးလေးပါးတို့သည် ထိုလက်အောက် နတ်ဆိုးတို့ကို အချင်းချင်းသော်လည်းကောင်း၊ လူတို့ကိုသော် လည်းကောင်း မညှင်းဆဲစိမ့်သောငှါ အဆင့်ဆင့်သော ဘုရင်ခံ နတ်များကိုလည်း ထားကုန်၏။ စစ်ဗိုလ်ချုပ်၊ နတ်အကြပ် ဖြစ်သော နတ်တို့ကိုလည်း ခန့်ထားပေးတော်မူ၏ ဟူ၍ ဟောတော်မူထားပါသည်။

ယင်း အာဋာနာဋိယသုတ်တွင် လူတို့ကိုညှင်းဆဲ တတ်သော ဒုက္ခပေးတတ်သော နတ်မိစ္ဆာဆိုး(၄)မျိုးကို ဖော်ပြထားပါသည်။

(၁) ဘီလူးထီး၊ ဘီလူးမ

(၂) ဂန္ဓဗ္ဗနတ်ဖို၊ ဂန္ဓဗ္ဗနတ်မ

(၃) ကုမ္ဘဏ်နတ်ဖို၊ ကုမ္ဘဏ်နတ်မ

(၄) နဂါးဖို၊ နဂါးမ တို့ဖြစ်သည်။

## (၁) ဘီလူး

ကိုယ်ရောင်ကိုယ်ဝါ ကျက်သရေမင်္ဂလာနှင့်ပြည့်စုံသော လူမဟုတ်သော သတ္တဝါတစ်မျိုးတည်းဟူသော ဘီလူး တစ်မျိုး–

အရုပ်အဆင်းမဲ့ ဆိုးဆိုးဝါးဝါးရှိသော လူမဟုတ်သော သတ္တဝါတစ်မျိုးတည်းဟူသော ဘီလူးတစ်မျိုး–

ထိုဘီလူးများသည် နဖူးမောက်သည်။ ဖနောက်တို သည်။ မျက်နှာ နီစပ်သည်။ မျက်တောင်မခတ်၊ အစွယ်ထွက် သည်။

ထိုဘီလူးများသည် နတ်ဘီလူးနှင့်သာမန်ဘီလူးဟူ၍ ရှိသည်။ သာမန်အောက်တန်းစားဘီလူးများသည် ရက်စက် သည်။ ကြမ်းကြုတ်သည်။ လူတို့ကို ဖမ်းစားတတ်သည်။ ပြုစားတတ်သည်။

နတ်ဘီလူးတို့က အနည်းငယ် တရားရှိသည်။ ဓိဓိ တို့ကို လာရောက် နှောက်ယှက်မှသာ ရန်မူပြုတတ်သည်။

ယင်းတို့ကို စတုမဟာရာဇ်နတ်မင်းကြီး တစ်ပါး ဖြစ်သော ကုဝေရနတ်မင်းကြီးက အုပ်ချုပ်သည်။

## (၂) ဂန္ဓဗ္ဗနတ်

နံ့သာပင်၌ ပဋိသန္ဓေတွယ်၍ နံ့သာပင်ရှိနေသော နတ်မျိုးဖြစ်သည်။ ဂန္ဓဗ္ဗနတ်မျိုး (၁၀)မျိုး ရှိသည်။

(၁) မူလဂန္ဓ

(၂) သာရဂန္ဓ

(၃) ဖေဂ္ဂု

(၄) တစ

(၅) ပပဋိကာ

(၆) ခန္ဓ

(၇) ရသ

(၈) ပုပ္ဖ

(၉) ဖလ

(၁၀) ပတ္တဂန္ဓ

တောစိုသစ်ပင်ကြီးငယ် စသည်၌တည်သော ဗိမာန်ဝယ် စံနေသောနတ်မျိုးကို ရုက္ခစိုးဟု ခေါ်သကဲ့သို့ မြေ၌ဘုံဗိမာန်လုပ်၍နေသော နတ်အမျိုးမျိုးကို ဘူမစိုရ်နတ်ဟု ခေါ်သည်။

ဘုရားရှင်သည် ရဟန်းတော်များအား မြက်မနုတ်ရဟု ပညာတ်ခဲ့သည်မှာ ထိုဘုမ္မစိုးနတ်များကို အကြောင်းပြု၍ ပညတ်ခဲ့ခြင်း ဖြစ်ပါသည်။

ရက္ခစိုးနတ်များသည် မိမိတို့မှီရာ သစ်ပင်သေလျှင် အခြားသို့ ပြောင်းရွှေ့နေကြသည်။ သစ်တုံးမှာ နေရိုးမရှိပေ။

သစ်ပင်အတွင်း (သစ်ခေါင်း)၌ဖြစ်သော နတ်ကို ဂန္ဓဗ္ဗနတ်ဟု ခေါ်၍ ထိုနတ်မျိုးကို ယခုခေတ် သစ်ဘီလူးဟူ၍ ခေါ်သည်။ ယင်း သစ်ဘီလူးခေါ် ဂန္ဓဗ္ဗနတ်မျိုးသည် သစ်တုံး ဆွေးသည်အထိ မှီခိုနေထိုင်ကြသည်။

(အိမ်တိုင်၊ ကျောင်းတိုင်တို့၌ အမျက်ဆိုးပါသည်၊ သစ်ခြောက်ပါသည်ဟု ပြောဆိုခြင်းသည် ထိုဂန္ဓဗ္ဗနတ်ကို ပြောဆိုခြင်း ဖြစ်သည်။

ရှေးရှေးဘဝတို့၌ ယုတ်ညံ့သောမကောင်းမှုကံကို ပြုခဲ့ဘူးကုန်သော အချို့သောဂန္ဓဗ္ဗနတ်တို့သည် လူမိန်းမတို့၏ ကိုယ်တွင်း(ဝမ်းတွင်း)၌ဖြစ်လာကြသည်။ ထိုဂန္ဓဗ္ဗနတ်မျိုးကို ဗေဒင်ကျမ်း၊ ဆေးကျမ်း၊ မှော်ကျမ်းတို့၌ ဇော်ဂီနီနတ် ဟု ဆိုကြသည်။

ထိုဇော်ဂီနီနတ်တို့သည် မိမိတို့အမှတ်အသားထားကြကုန်သည့်အတိုင်း ညဉ့်အခါတို့ဝယ် မိမိတို့၏တန်ခိုးအမျိုးမျိုးဖြင့် ကျက်စားကြကုန်သည်။ ထိုသို့ ကျက်စားသောညဉ့်အခါဝယ် ထွန်းပတတ်သောအလေ့ရှိကုန်သောကြောင့် "ဇုဏှ" ဟူ၍ခေါ်သည်။ မြန်မာဝေါဟာရအားဖြင့် "စုန်း"ဟူ၍ ခေါ်ကြသည်။

## စုန်း(၇)မျိုး

စုန်းအမျိုးအစားများကို လောကပညတ္တိကျမ်း၊ ပဏ္ဍိတဝေဒနိယကျမ်းတို့၌ အောက်ပါအတိုင်း ဖော်ပြထားသည်ကို တွေ့ရပါသည်။

### ၁။ ခြေစုန်း(ရွာသူ)

သစ်သီးသစ်ပွင့်စားသည်၊ လူ၏ခြေနှင့်ခြေရာကို ကိုယ်တိုင်ကိုင်နိုင်မှ ဖမ်းစားနိုင်သည်။

### ၂။ ခေါင်စုန်း (နဖားတပ်)

သစ်သီးအမှည့်၊ အချိုအချဉ်စားသည်၊ အရိပ်၊ ခြေရာကို ကိုယ်တိုင်ထိမှ ဖမ်းစားနိုင်သည်။

### ၃။ ကိုယ်စုန်း (ဆင်ကွပ်)

မစင်ချေးခြောက်ကို စားသည်၊ အရိပ်၊ ခြေရာကို ကိုယ်တိုင်ထိရမှ ဖမ်းစားနိုင်သည်။

### ၄။ မောက်လုံးစုန်း(စုန်း)

အသွေးအသားအရေကို စားသည်။ ကိုယ်တိုင်ထိမှ နမ်းရှုပ်ရမှ ဖမ်းစားနိုင်သည်။

## ၅။ မောက်ပြားစုန်း(ရွာသမီး)

အူ၊ အသဲ၊ အမြစ်ကိုစားသည်၊ ကိုယ်တိုင်မြင်ရ၊ ထိရ၊ နမ်းရှုပ်ရမှ ဖမ်းစားနိုင်သည်။

## ၆။ အိန့်တလိန့်စုန်း (ဇော်ဂနီ)

အကြော်၊ အလျှော်၊ အအိမ့်၊ အစိမ့်တို့ကို စားသည်။ အမည်ကိုသိမှ မိမိလက်အောက်ရှိ (၃၇)မင်းနတ်တို့ကို စေခိုင်း၍ ဖမ်းစားသည်။

## ၇။ ကဝေမြောက်စုန်း (ကဝေ)

လူသွေးလူသား လူရိုးကို စားသည်။ အမည်သိက မိမိလက်အောက်ရှိနတ်တို့ကို စေခိုင်း၍ ဖမ်းစားနိုင်သည်။

ဤခုနစ်မျိုး၌ အမောက်ပေါက်ပုံအခြင်းအရာအားဖြင့် စုန်းမျိုးတွေ များစွာကွဲပြားသေး၏။ ဤခုနစ်မျိုးတွင် အိမ့်တလိမ့်စုန်း၊ ဇော်ဂနီစုန်းတို့အား အတတ်ပညာမဖက်သက်သက် မိမိကိုယ်ထဲမှာ ဗိမာန်နှင့်တကွဖြစ်၍နေလာသောဂန္ဓဗ္ဗနတ်၏ အာနုဘော်ကြောင့် မိမိတို့ကြံစည်တိုင်းဖြစ်လေ့တော့၏။ ဖမ်းစားနိုင်တော့၏။ ထိုစုန်းကို မသင်ဘဲတတ်သောကြောင့် ဝမ်းတွင်းစုန်း ဟုခေါ်ကြသည်။

ကြွင်းသော စုန်းငါးမျိုးတို့က အတတ်ပညာဖြင့် ဖြစ်သော စုန်းတို့ ဖြစ်ပါသည်။ ပညာဖြင့် ဗူးသွင်းခြင်းဟူသော

ဗိမာန်ဆောက်၍ပေးလျှင် ဂန္ဓဗ္ဗနတ်လည်း ကိုယ်ထဲမှာ နေတော့၏။ ပညာအာနုဘော်၊ နတ်အာနုဘော်အစွမ်းနှစ်ပါးနှင့် ယှဉ်ကြကုန်၍ လူထဲမှာ ဖြစ်လာနေသော ထိုဝမ်းတွင်းစုန်းတို့ကို ပါဠိတော်၌ ဂန္ဓဗ္ဗနတ်ဟု ခေါ်သည်။

ယောဂီနီ၊ ဇော်ဂီနီဇုဏ်း(စုန်း) ဟူ၍ခေါ်ဝေါ်အပ်သော ဂန္ဓဗ္ဗနတ်၏ တည်နေရာ မိန်းမတို့ကို စုန်းမ ဟူ၍ ခေါ်ဝေါ်ကြသည်။

ထိုစုန်းမတို့သည် မိမိတို့ကိုယ်တွင် ကိန်းအောင်းနေသော ဂန္ဓဗ္ဗနတ်၏အစွမ်းသတ္တိကြောင့် အခြားသောသူကို နှိပ်စက်ခြင်း၊ ဖမ်းစားခြင်းစသောမကောင်းမှုများကို ပြုလုပ်နိုင်ကြကုန်သည်။

ပဋိသန္ဓေတည်နေသည်မှစ၍ ဂန္ဓဗ္ဗနတ်ထပ်ကြပ်ပါလာသောမိန်းမကို "ဝမ်းတွင်းစုန်းမ" ဟူ၍ခေါ်ကြသည်။ ဗူးသွင်းသည်ဟု ဆိုသည်မှာ ဤမိန်းမများကို ဆိုလိုခြင်းဖြစ်သည်။

## (၃) ကုမ္ဘဏ်ရက္ခိုက်

ကြီးသောဝမ်းဗိုက်နှင့် ကျယ်သောပြူးသောနီသောမျက်စိရှိသော ရက္ခိုက်တို့ကို ကုမ္ဘဏ်ဟူ၍ ခေါ်သည်။

ထိုရက္ခိုက်တို့သည် ဝေပုလ္လတောင်၌ မဏိဇောတိရသ် ပတ္တမြားရတနာတို့ကို စောင့်ရှောက်ကြသည်။ ဟိမဝန္တာတော ရှိ အဗ္ဗန္တရသရက်သီးကိုလည်း စောင့်ရှောက်ကြသည်။

ထို့ပြင် တောတောင်ထဲရှိ ရတနာအမျိုးမျိုးကိုလည်း စောင့်ရှောက်ကြကုန်သည်။ တောစိုးသစ်ပင်ကြီးများကိုလည်း စောင့်ရှောက်ကြသည်။ ထူးမြတ်သောဆေးပင်အမျိုးမျိုး၊ ဂမုန်း စသောပန်းပင်အမျိုးမျိုး၊ နံ့သာပင်အမျိုးမျိုးတို့ကို စောင့်ရှောက် ကြသည်။ မြစ်ကြီး၊ အိုင်ကြီးများကိုလည်း စောင့်ရှောက် ကြသည်။

မိမိတို့စောင့်ရှောက်သောဝတ္ထုအပေါ်၌ တစ်စုံတစ်ရာ ကျူးလွန်လာကုန်သောသူများကို တန်ခိုးဖြင့် သတ်ဖြတ်စား ကြကုန်သည်။ စတုမဟာရာဇ်နတ်မင်းကြီးများကလည်း စား သောက်ရန် အခွင့်များကို နယ်စားပယ်စားပြု၍ ပေးထား ကြသည်။

ယင်းတို့တွင် တောတောင်၌ ဥစ္စာကိုစောင့်ကြသော ရက္ခိုက်တို့ကို (ဥစ္စာစောင့်)ဟူ၍ ခေါ်ဝေါ်ကြသည်။

ဥစ္စာစောင့်သည် မြေဘုတ်ဘီလူးအနွယ်ဝင်များ ဖြစ် ကြသည်။

ကုဝေရနတ်မင်းကြီးလက်အောက်တွင် အတော် အတန်တန်ခိုးကြီးသော ဘုမ္မစိုးနတ်ဘီလူးတို့၏ အအုပ်ချုပ်ခံ ဖြစ်သည်။

ယင်းဥစ္စာစောင့်တို့သည် ဘုမ္မစိုးနတ်ဘီလူးတို့စေခိုင်းရာ မြေတွင်းရှိ ဥစ္စာသိုက်စသည်များကို စောင့်ကြပ်ကြရသည်။

ဥစ္စာစောင့် ခေါ် မြေဘုတ်ဘီလူးတို့မှာ မူလကရုပ်အဆင်း အလွန်ဆိုးဝါးသူများ ဖြစ်ကြသော်လည်း မိမိကိုယ်ကို လှပအောင် ဖန်ဆင်းနိုင်ကြသည်။ သိုက်နန်းအတွင်း ပျော်ပျော်ရွှင်ရွှင် နေနိုင်ကြ၍ သူတို့၏ဘဝကို စွဲလန်းသာယာနေကြသူများ ဖြစ်ကြသည်။

ဤလူ့ပြည်ရှိ လူများနှင့် ဆက်ဆံနိုင်သောအခြေအနေရှိသည်ဟု ဆိုသည်။ လူတို့က ဖိတ်ကြားလျှင် တရားနာနိုင်သည်။ အမျှဝေနိုင်သည်။ လူနှင့်စကားယှဉ်ပြိုင်ပြောနိုင်သည်။ လူရုပ်ပေါ်အောင် ဖန်ဆင်းပြနိုင်သည်။ လူတို့အား ရွှေငွေမှအစ အခြားဝတ္ထုများ ပေးနိုင်သည်။ ကျေးဇူးတင်တတ်၊ သိတတ်သောသဘောရှိသည်ဟု ဆိုပါသည်။

ဥစ္စာပစ္စည်းကို စွဲလန်း၍နေသောကြောင့် လူတို့က အမျှဝေသည်တိုင်အောင် ကျွတ်လွတ်နိုင်ရန် ခဲယဉ်းသည်ဟု ဆိုပါသည်။

မိမိတို့၏ဥစ္စာကို 'လာရောက်နှောက်ယှက်သူများကို ရက်ရက်စက်စက် ဖမ်းစားသတ်ဖြတ်သလို မိမိတို့ချစ်မြတ်နိုးသူများကိုလည်း ပူးကပ် ဝင်ရောက်တတ်သည်၊ ခေါ်ယူတတ်သည်။

(၄) နဂါး

တောင်၏ အတွင်း၌သော်လည်းကောင်း၊ မြေ၏ အတွင်း၌သော် လည်းကောင်း ဖြစ်ကြကုန်သော ဝသုန္ဒရ နတ်မျိုး၊ ဘူမ္မဒေဝနတ်မျိုးများကို နဂါးဟူ၍ ခေါ်သည်။

ထိုနဂါးမျိုးတို့ကိုပင် မဟာပရိနိဗ္ဗာန်နသုတ်၌ ပထဝီ ဒေဝဟူ၍ ခေါ်သည်။

ထိုနတ်နဂါးများ၏ မန္တန်ကို ဗြဟ္မဇာလသုတ်၌ ဝတ္ထုဝိဇ္ဇာ ဟူ၍လည်းကောင်း၊ ဘူမိဝိဇ္ဇာဟူ၍လည်းကောင်း ခေါ်ဝေါ်ထားပါသည်။

ထိုနတ်နဂါးတို့ မြှူးတူးပျော်ပါးကစားခြင်းအားကြီး သောကြောင့် တစ်ခါတစ်ရံ မြေကြီးတုံလှုပ်ခြင်း ဖြစ်ရသည်ဟု ဆိုပါသည်။

အချို့သောနတ်နဂါးတို့သည် တန်ခိုးလည်းကြီးကြ ကုန်သည်။

- သူတစ်ပါးတို့ကို ဖမ်းစားနှောက်ယှက်နိုင်သော သတ္တိလည်း ရှိကြသည်။

- မကောင်းမှုပြုရန်အရေး၌ လွန်စွာ ပျော်ပါးသော စိတ်ရှိကြသည်။

- ရက်စက်ကြမ်းကြုတ်သောအမှုတို့ကိုလည်း ပြု ကြကုန်သည်။

ထိုသို့သဘောရှိသော နတ်နဂါးတို့သည်-

- ကစားကြူးလိုသဖြင့်လည်းကောင်း
- စားလိုသောက်လိုခြင်းကြူးသဖြင့်လည်းကောင်း

ငရဲဘုံ၊ ပြိတ္တာဘုံများသို့ သွားလာခြင်းပြုကြသည်။

သူတိုသည် တစ်ခါတစ်ရံ မိမိတို့အသွင်ဖြင့်လည်းကောင်း၊ တစ်ခါတစ်ရံ ခွေးယောင်၊ လင်းတယောင်၊ ကျားယောင်၊ ခြသေ့ယောင်စသည်ဖြင့်လည်းကောင်း သွားလာလှည့်လည်ကြလေ့ရှိကြသည်။

ငရဲသတ္တဝါ၊ ပြိတ္တာသတ္တဝါတို့ကို အမျိုးမျိုးသော ညှင်းဆဲခြင်းဖြင့် ညှင်းဆဲကြကုန်သည်။ မိမိတို့လည်း တစ်ခါတစ်ရံ စားသောက်ကြသည်။

ဤ ဆိုခဲ့သောနတ်မျိုးတို့သည် စတုမဟာရာဇ်နတ်မျိုးများ ဖြစ်ကြသော်လည်း ကြမ်းတမ်းရက်စက်သောသဘောရှိပြီး လူတို့ကိုဒုက္ခပေးတတ်ကြသည်ဟု ဆိုပါသည်။

## အစိမ်းသရဲတစ္ဆေမြေပုတ်ဘီလူးကျတ်များ

ထိုမှတစ်ပါး ပဗ္ဗဇနီယကမ္မဝါစာတွင် လူတို့ကို ဒုက္ခပေးတတ်သော အစိမ်းသရဲ သင်းကွဲပြိတ္တာ၊ လူကိုဖမ်းစားတတ်သောတစ္ဆေဟူ၍ ပါရှိပါသည်။

ယင်းတို့သည် အပါယ်ဘုံသားများ ဖြစ်ကြသည်။ ယင်းတို့ကို ပါဠိဘာသာအားဖြင့် နာနာဘာဝ ဝိနာဘာဝ သတ္တဝါ (အထူးထူးသောဘာဝ၊ များပြားခြားနားသောဘာဝကို ဖန်ဆင်းပြသူနိုင်သူများ) ဟူ၍ ခေါ်ပါသည်။

ယင်းတို့သည် ကြီးအောင် ငယ်အောင်၊ မဲအောင်၊ ဖြူအောင် မြင်စေနိုင်မှု၊ ကွယ်ပျောက်အောင်၊ ထင်မြင်အောင် ပြုပြင်နိုင်မှု၊ ခွေးယောင်စသည်ဖြင့် ဆောင်နိုင်မှု၊ ထန်းပင်သဏ္ဌာန်၊ အိမ်သဏ္ဌာန် စသည်ဖြင့် ထင်စေမှု၊ လူအသွင်ဖန်ဆင်းနိုင်မှု၊ မတွေ့မရောက်နိုင်သောအဖြစ်ဆန်း၊ အမြင်ဆန်းများကို ပြသနိုင်မှုတို့ကြောင့် နာနာဘာဝ(အထူးထူး အမျိုးမျိုးအဖြစ်ကို ပြတတ်သူ)ဟု ခေါ်ပါသည်။

အစိမ်းသရဲ၊ တစ္ဆေအမျိုး များစွာရှိသည်တို့တွင် ယနေ့ လူတို့၏ အတွေ့အကြုံဝေါဟာရအရ အမည်တွင်သည်မှာ-

- အစိမ်းသရဲ
- တစ္ဆေမှင်စာ
- သဘက်
- ဖုတ်
- ကျတ် စသည်တို့ ဖြစ်ကြပါသည်။

## အစိမ်းသရဲ စသည်တို့၏ အဆောင်အတန်း

ထို နာနာဘာဝ အစိမ်းသရဲများမှာရှိသည်တွင် အဆင့်အတန်းသည်လည်း အနိမ့်အမြင့် များစွာကွာခြားကြပါသည်။

- မိမိတို့အစာအလိုငှါ လူတစ်ဦးတစ်ယောက်ကိုပူးဝင်ကပ်ကာစားသောက်ရသောအမျိုး
- အနံ့ခံရုံမျှဖြင့် အာဟာရပြည့်ရသောအမျိုး
- ချက်ကြော်ပြီးအစာကို ကြိုက်တတ်သောအမျိုး
- အစိမ်းလိုက်စားရမှ အားရတင်းတိမ်သောအမျိုး

စသည်ဖြင့် ကွဲပြားခြားနားကြပါသည်။

- သစ်ပင်ချုံပုတ်တို့၌နေရသောအတန်း
- ဇရပ်တို့ ကျောင်းအိုတို့၌နေရသောအတန်း
- သုသာန်၌နေရသောအတန်း
- လူအနီး၌နေရသောအတန်း

- တော၊တောင်၊ချောက်ကမ်းပါး၌နေရသောအတန်း
- ဘုံဗိမာန်ဖြင့်နေရသောအတန်း

စသည်ဖြင့် နေထိုင်မှုအဆင့်အတန်းများလည်း ကွဲပြားခြားနားကြသည်ကိုလည်း တွေ့ရပါသည်။

တစ်ဖန် ရတနာသုံးပါးနှင့် ပတ်သက်၍လည်း အမျိုးအစား ကွဲပြားကြသည်။

- ဘုရားသံ တရားသံ မကြားချင်၊ မကြားနိုင် မကြားဝံ့သော အမျိုးအစား
- ဘုရားသံ တရားသံတို့ကို ကြားချင်သော်လည်း ကြားနာခွင့်မရသောအမျိုးအစား
- ဘုရားသံ တရားသံကြားနာခွင့်ကြုံကြိုက်ပြီး သာဓုခေါ်နိုင်ပြီး အဆင့်အတန်းမြင့်သွားကာ တန်ခိုးကြီးသောအမျိုးအစား

စသည်ဖြင့် အဆင့်အတန်းအခြေအနေ ကွဲပြားခြားနားသည်များကိုလည်း တွေ့ရပါသည်။

## တစ္ဆေသရဲ

တစ္ဆေသရဲစသည်တို့သည် လူမဟုတ်၊ နတ်မမည်၊ တိရစ္ဆာန်လည်းမခေါ်၊ ငရဲသားနှင့်လည်း မတူသဖြင့် ယင်းတို့ကို မည်သည့်အမျိုးအစားထဲ၌ ထည့်သွင်းရမည်နည်းဟု

မင်းကွန်း အလယ်တောရ ဆရာတော်ကမေး၍ မာန်လည် ဆရာတော်က ဖြေကြားရာတွင် အောက်ပါအတိုင်း တွေ့ရပါသည်။

**မေး။** ပြောကြချင် လောကတွင် တစ္ဆေရှိသတဲ့၊ ဆွေသိပ့်လား၊ သိပါချင် ရှိပါလျှင် တစ္ဆေဆိုတဲ့ သည်ပုဂ္ဂိုလ်ကောင်သရုပ်ကို ကျမ်းအုပ်လို့ကြား။

**ဖြေ။** ပြောပြချင် လောကတွင် တစ္ဆေရှိသည့်ဟု၊ နှံသိကျော်ကြား၊ မျိုးတူဆွေ၊ သည်ကတစ္ဆေရှိမည်မဟုတ်ပါဘူး၊ မြေဖုတ်ကို တစ္ဆေပြောကြတယ်၊ လောကလူများ။

ဤဆရာတော်ကြီးများ၏ အမေးအဖြေအရ တစ္ဆေဆိုသည်မှာ ဖုတ်ပြိတ္တာများပင် ဖြစ်ပါသည်။

ထိုဖုတ်ပြိတ္တာတို့သည် လူတို့ကို ချောက်လှန့်တတ်သောကြောင့် "တစ္ဆေ"ဟု ခေါ်ကြသည်။ တစ္ဆေဆိုသည်မှာ တဇ္ဇေတိ ဟူသော သဒ္ဒါကိုစွဲ၍ ခေါ်ဆိုခြင်းဖြစ်သည်။ တဇ္ဇေတိ အနက်သဘောမှာ ကြောက်လန့်အောင် ခြိမ်းခြောက်သည်ဟု အဓိပ္ပာယ်ရသည်။

(ကာလကြာသောအခါ တဇ္ဇေကို တစ္ဆေဟု ဆလိမ်ဖြင့် ရေးသားလာရာမှ တစ္ဆေဟူ၍ မြန်မာဝေါဟာရ၌ တွင်ကျယ်စွာ အသုံးပြုလာသည်)

## တစ္ဆေခြောက်ခြင်းအကြောင်း

တစ္ဆေခြောက်သည်ဟုဆိုရာဝယ် ကိုယ်ထင်ပြခြင်း၊ ညည်းညူခြင်း၊ အနံ့ပေးခြင်း၊ ပူးဝင်ခြင်း၊ ခြောက်လှန့်ခြင်း စသည်တို့ဖြစ်သည်။

တစ္ဆေကလူတို့ကို ခြောက်လှန့်ရာဝယ် အကြောင်း အမျိုးမျိုးရှိသည်။

- အခြောက်ခံရသူ ကံနိမ့်၍ အခြောက်ခံရခြင်း
- နောက်ပြောင်ကျီစယ်လို၍ ခြောက်ခြင်း
- ချစ်ခင်၍ခြောက်ခြင်း
- အမျှအတန်းဝေမှုကို ခံယူလို၍ ခြောက်ခြင်း
- စားသောက်လို၍ ခြောက်ခြင်း
- ဥစ္စာပေးလို၍ခြောက်ခြင်း
- မှာထားလို၍ခြောက်ခြင်း
- နှုတ်ဆက်လို၍ ခြောက်ခြင်း
- သားမယားတို့ကို စွဲလန်းခင်မင်၍ ခြောက်ခြင်း
- ဘုရားသံ၊ တရားသံကြား၍ မရွတ်အောင် ခြောက်ခြင်း

အမှန်မှာ ပြိတ္တာတို့က ခြောက်သည်မဟုတ်ပါ၊

သူတို့ဆန္ဒကို လူတို့ကိုပြောလို၍ အကူအညီတောင်းလို၍ ကိုယ်ထင်ပြရာ သူတို့၏ အကုသိုလ်ကံကြောင့် သူတို့၏ အတ္တဘောကိုယ်သည် ကြောက်လန့်ဖွယ်၊ ရွံရှာဖွယ်ရှိနေသည်။ ထို အတ္တဘောကို လူတို့က ရုတ်တရက် မြင်ရသောအခါ လန့်ဖြတ်ခြင်းဖြစ်သည်။ ထိုသည်ကို တစ္ဆေခြောက်သည်ဟု ဆိုပါသည်။

## ကိုယ်ထင်ပြခြင်း

တွေ့မြင်ဖူးသူတို့က ခေါင်းကြီးက ပုတ်လောက်၊ မျက်လုံးကြီးက လင်းကွင်းလောက်၊ ကိုယ်ခန္ဓာက ထန်းပင်လောက်၊ လျှာကတစ်တောင်လောက် ထွက်နေသည်။ အမွေးများက စုတ်ဖွားကြီးစသည်ဖြင့် ပြောဆိုကြသည်။

အမှန်မှာ ထိုအတ္တဘောသည် သူတို့၏အကုသိုလ်ကံကြောင့် ဖြစ်နေခံစားနေရသော အတ္တဘောကိုယ် ဖြစ်ပါသည်။ တမင် လုပ်ကြံ၍ ပြခြင်းမဟုတ်ပါ၊ ထိုသို့သော ပြိတ္တာသည် အလွန် သနားစရာကောင်းသော ပြိတ္တာမျိုးဖြစ်သည်။

## အနံ့ပေးခြင်း

အနံ့ပေးခြင်းဆိုသည်မှာ အပုတ်နံ့ပေးခြင်း၊ အမွှေးနံ့ပေးခြင်းနှစ်မျိုးရှိသည်ဟု ဆိုပါသည်။

အပုတ်နံ့ပေးခြင်းသည် အကူအညီတောင်းလို၍ လာခြင်းဖြစ်သည်။ အပုတ်နံ့သည် ပြုခဲ့သောမကောင်းမှုကံကြောင့် ဖြစ်ပေါ်လာရသောအနံ့ ဖြစ်သည်။ ထိုသည်ကိုလည်း လူတို့က ခြောက်သည်ဟု ထင်နေကြသည်။

အမွှေးနံ့ပေးသည်ဆိုသည်မှာ ခွဲခွာကာနီး လာနှုတ်ဆက်ခြင်း ဖြစ်သည်ဟု ဆိုပါသည်။ ကုသိုလ်အဖို့ပါက အမျှရ၍ ချမ်းသာသောဘဝသို့ ရောက်ကြသော သူတို့က ကျေးဇူးတင်ကြောင်း လာရောက်ပြောဆို ကိုယ်ထင်ပြသောအခါ အမွှေးနံ့ရခြင်း ဖြစ်ပါသည်။

## ပူးခြင်းကပ်ခြင်း

ပူးခြင်း၊ ကပ်ခြင်းဆိုသည်အရာ၌လည်း တစ္ဆေသရဲတို့သည် အာရုံတက် လင်းအားကြီးချိန်၊ မွန်းတည့်ချိန်၊ နေဝင်ရီတရောအချိန်၊ နွားရိုင်းသွင်းချိန်၊ သန်းခေါင်ယံအချိန်များတွင် ကျက်စား သွားလာတတ်သည်။ ထိုအချိန်များတွင် ပူးတတ်၊ ကပ်တတ်၊ ခြောက်တတ်သည်။

## ဖုတ်ဝင်ခြင်း

နာတာရှည်ရောဂါသည်များကိုလည်းကောင်း၊ ရုပ်ချည်းသေသူများကိုလည်းကောင်း ပူးကပ်ဝင်ရောက်နိုင်သည်။

ယင်းကို ယနေ့ လူတို့ဝေါဟာရအရ ဖုတ်ဝင်သည်ဟုဆိုသည်။ ထိုဖုတ်ပြိတ္တာသည် ညဥ့်အခါ လူသူတိတ်ဆိတ်သောအခါ၌ ခိုးစားတတ်သည်။ အစား မက်မောသည်၊ အစား ကြီးသည်၊ သားငါးတို့ကို ကြိုက်နှစ်သက်သည်။

## ဖုတ်ဝင် မြန်မာတို့အယူအဆ

ဤသို့ ဖုတ်၊ တစ္ဆေများကပ်ရောက်နေပါက မြန်မာတို့ အယူအဆအရ ဖုတ်ဝင်သူအိပ်ရာအောက်၌ သြဇာရွက်ခင်းခြင်း၊ ဘုရားအင်္ဂတေခင်းခြင်း၊ ခေါင်းအုံးအောက်၌ လွှာဘိနပ်ထိုးခြင်း၊ လက်ဖွဲ့ချည်ပေးခြင်း၊ ပရိတ်ကမ္မဝါ ရွတ်ဖတ်၍ နှင်ထုတ်ခြင်းစသည်တို့ကို ပြုလုပ်ဆောင်ရွက်လေ့ရှိသည်။

## စုန်း၊ တစ္ဆေသရဲ ပူးကပ်နိုင်မှု

တစ္ဆေသူရဲ၊ စုန်းကဝေစသည်တို့သည် လူကို ပူးကပ်လိုသောအခါ ဦးစွာပထမ လူ၏နှလုံးကို ဝိတ်သဖြင့်လည်း

ကောင်း၊ နှလုံးသွေးကို ဖောက်ပြန်အောင်ပြုလုပ်သဖြင့်လည်း ကောင်း တစ်စုံတစ်ခုသော အကြောင်းဖြင့် လူ၏စိတ်ကို အားနည်းအောင်ပြုလုပ်ပြီး လူ၏ဘဝင်စိတ်ကိုကျစေကာ သတိ မေ့လျော့စေသည်။ ထိုခဏ၌ မိမိရုပ်ကို သိမ်မွေ့အောင် ဖန်ဆင်း၍ လူကိုယ်လုံးအတွင်းသို့ စိတ်ဝင်ပျံ့နှံ့စေပါသည်။ နို့ရည်နှင့်ရေရောသကဲ့သို့ လူ၏ခန္ဓာကိုယ်ရုပ်အတွင်း ပူးကပ် သူ၏ရုပ် စိမ့်ဝင်၍ တစ်ကိုယ်လုံး ပျံ့နှံ့စေပါသည်။ ထိုပူးကပ်သူ မထွက်မချင်း လူ၏စိတ်သည် ဘဝင်မှမထ၊ တစ်ကိုယ်လုံး ရုပ်တွေသည် ပူးကပ်သူ၏ရုပ်ပမာဏဖြစ်ပြီး ထိုပူးကပ်သူ အလိုရှိတိုင်း လှုပ်ရှား ပြောဆိုလေတော့သည်။

ပူးကပ်သူထွက်သွားလျှင် လူ၏ရုပ်သည် အတန်ငယ် ချောင်၍ ဟာပြီးနေရစ်သဖြင့် လူမှာ မောပန်းသကဲ့သို့ ဖြစ်နေ ရသည်။

ဤကဲ့သို့ ပူးဝင်ရာဝယ် ပူးကပ်တတ်သောသူ၏စိတ်ကို မှုန်စေမှိုင်းစေဘဝင်ကျစေ၍ မေ့လျော့အောင်လည်း တတ်နိုင် ပါမှ မိမိရုပ်ကလည်း သိမ်မွေ့မှ ပူးဝင်ကပ်နိုင်သည်။ ထိုသို့ မဟုတ်လျှင် မပူးဝင်ကပ်နိုင်ပါ။

အစိမ်းသရဲ တစ္ဆေ၊ မြေဖုတ်၊ စုန်းပူးရာတို့တွင်လည်း ထိုအတူ ပူးဝင်အပ်သောသူရုပ်နှင့် ပူးဝင်တတ်သောသူ၏ရုပ် တစ်ခုအကြား တစ်ခုစိမ့်ဝင်၍ အကုန်လုံး ပျံ့နှံ့၍နေကြ၏။

စုန်းများသည် လူပင်ဖြစ်သော်လည်း အတတ်ပညာ၏အစွမ်း အာနုဘော်အစွမ်းတို့နှင့်ယှဉ်ခြင်းကြောင့် ပူးကပ်လိုသူ၏စိတ်ကို မှုန်စေပြီး မေ့လျော့အောင် ပြုနိုင်သည်။ မိမိရုပ်ကိုလည်း သိမ်မွေ့အောင် ပြုနိုင်သည်။

ထိုပြင် ကိုယ်ကိုကွယ်ခြင်း၊ ခွေးယောင် စသည်ဆောင်ခြင်း မိမိအကြောင်း ပြောသောစကားကို အဝေးမှနေပြီး ကြားနိုင်ခြင်း၊ စက်ကြိုးဆင်၍ ကောင်းကင်၌ သွားလာနိုင်ခြင်း စသည်ဖြင့် တန်ခိုးများစွာ တတ်နိုင်ကြသည်။

စုန်းတို့၏တန်ခိုးတို့ကို နတ်အာနုဘော် အစွမ်းနှင့်ယှဉ်သောတန်ခိုးကို ပါဠိတော်၌လာသောတန်ခိုး (၁၀)ပါးတွင် ကမ္မဇိဒ္ဓိတန်ခိုးဟု မှတ်ယူရပါမည်။ အတတ်ပညာအစွမ်းနှင့်ယှဉ်သောတန်ခိုးကို ဝိဇ္ဇာမယိဒ္ဓိတန်ခိုးဟု မှတ်ယူရပါမည်။

# အခန်း(၅)

## အစိမ်းသရဲတစ္ဆေနှင့် ပဗ္ဗာဇနီယကမ္မဝါစာ အပြစ်အပျက်များ

ရန်ကုန်မြို့ ကျောင်းတော်ရာရွှေကျင်တိုက် ကံသာကျောင်း၌ သီတင်းသုံးတော်မူသော ကံသာဆရာတော်ဘုရားရေးသားအပ်သော ပဗ္ဗာဇနီယကမ္မဝါစာ နိဒါန်းပါ ဝတ္ထုများ

### (၁) လူသေကဲ့သို့နေသော မယ်ပုညဝတီဝတ္ထု

၁၂၇၁ ခုနှစ်၊ တော်သလင်းလဆန်း ၆ရက်နေ့က ကျောင်းတော်ရာ မဟာဓမ္မဒီရိကာရာမတိုက်ကြီးအတွင်း ဦးဘိုးသက်ဇရပ်၌ သီဟိုဠ်ကျွန်းသူသီလရှင်မယ်ပုညဝတီသည် လူမှန်းမသိ၊ စကားမေးမရ လူသေကဲ့သို့ဖြစ်ပြီး သွေးကိုသာ အခါခါအန်နေခြင်းကြောင့် သံဃာတော်လေးပါးနှင့် ကံသာ

ဆရာတော်ကိုယ်တော်တိုင် ကမ္မဝါဖတ်၊ ပရိတ်ရွတ်ကြွတော်မူ ပါဟု ပင့်လျှောက်လာ၍ တပည့်အပေါင်းနှင့်တကွ ကိုယ်တိုင် လိုက်သွားပြီးလျှင် ကမ္မဝါစာမဖတ်မီ အမိန့်တော်ကို သေချာ စွာ ပြန်ပြီးသော် လူမမာအနီးအနားကနေ၍ ကမ္မဝါစာဖတ် ခြင်း၊ ပရိတ်ရွတ်ခြင်းပြုပြီး ပရိတ်ရေနှင့် ပက်ဖျန်းခြင်း၊ သောက်စေခြင်း၊ ပရိတ်ချည်နှင့်လည်၊ လည်ကောက်ကို ချည်စေသဖြင့် ချက်ချင်း လူကောင်းဖြစ်လာဘူးသည်-တရပ်။

## (၂) ၁၅ရက်ကြာလျှင် သေတော့မည်ဟု ဆရာဝန်က ပြောသော ဒေါ်ယုံဝတ္ထု

ငင်းနှစ် ငင်းလဆုတ် ၂-ရက်နေ့၊ ရန်ကုန်မြို့ ဘယဆေးတန်းလမ်းနေ ဒေါ်ယုံသည် လူကြီးနာဖြစ်ပြီး နေ့မှန်းမသိ၊ ညဥ့်မှန်းမသိ၊ မျက်စိမဖွင့်ပဲ အသည်းအသန် ဖြစ်နေ၍ ဆရာဝန်ကို ခေါ်ပါသော်လည်း ဆရာဝန်က ၁၅ ရက်ကြာလျှင် သေတော့မည်ဟု ပြောသော် မသေမီ ပရိတ် တော်များကို နာရအောင် ကံသာဆရာတော်ကို ပင့်ပေးပါ ဟုပြောသောကြောင့် လာပင့်ရာကိုယ်တိုင်ကြွလိုက်ပြီး မေတ္တာ ကရုဏာရှေ့ထား၍ ပရိတ်ရွတ်ပြီး ပရိတ်ရေနှင့်ဖျန်းခြင်း၊ သောက်စေခြင်းပြုသဖြင့် မျက်စေ့များဖွင့်ပြီး ချက်ချင်းလူမှန်း

သိ၍ ရောဂါဝေဒနာ ကင်းပျောက်ဘူးသည်။ တရပ်။
အသက်၇၀ကျော် ၈၀အတွင်းရောက်ပြီး ကမ္မဝါစာမပါပဲနှင့်ပင်
အကျိုးပြီးသောဝတ္ထုဖြစ်သည်။

## (၃) ဆရာ ၅-ယောက် လက်လွှတ်သော မအေးမေ ဝတ္ထု

၁၂၇၂ ခုနှစ်၊ ပထမဝါဆိုလဆုတ် (၆)ရက်နေ့က ရန်ကုန်မြို့ လတ္တာလမ်း(အထက်လမ်း)နေ ဒေါ်နှစ်သမီး မအေးမေသည် မီးယပ်နှင့်ယှဉ်ပြီး ကြီးစွာသောရောဂါဝေဒနာ စွဲကပ်၍နေခြင်းကြောင့် မြန်မာဆရာ ၃ယောက်၊ အင်္ဂလိပ် ဆရာဝန် ၂ယောက်နှင့်ကုပါသော်လည်း မသက်သာ၍ ဘုရား ကု၊ တရားကုကုသရန် သံဃာတော်လေးပါးနှင့် "ကိုးသာ ဆရာတော်" ကိုယ်တိုင်ကြွတော်မူပါဟု ပင့်လျှောက်သော ကြောင့် ကြို့ကုန်းတောရကျောင်းဘုန်းကြီး "ဉူးစက္ကိန္ဒ"စသော သံဃာတော်လေးပါးနှင့်လိုက်သွားပြီး အမိန့်တော်ပြန်ခြင်း၊ ကမ္မဝါစာဖတ်ခြင်း၊ ပရိတ်ရေ၊ ပရိတ်ဆီသောက်စေခြင်းပြုပြီး၊ ပရိတ်ကြိုးကိုလည်း လက်ကောက်မှာ ချည်စေခြင်းပြုသဖြင့် ချက်ချင်းထထိုင်၍ ခြားခြားနားနား သက်သာလာ၏။

## (၄) သရဲ ၅–ယောက် အိမ်ပေါ်က ဆင်းသွားသည်ကို မြင်ရသောမငွမ်းဝတ္ထု

၁၂၇၂ ခုနှစ်၊ ဝါဆိုလဆန်း ၁၁–ရက်နေ့က ရန်ကုန်မြို့၊ စစ်ကဲမောင်ခိုင်လမ်းနေ အငြိမ်းစားမြို့အုပ်မင်း ဦးတာပိုး၏သား မောင်လှခိုင်၊ မင်းကတော်မညီမ၊ ၎င်းတူမ မငွမ်း၊ မဖြူ၊ ၎င်းသမီးမသန်း လူပေါင်း ၅–ယောက်တို့သည် မကျန်းမမာရှိနေကြသောကြောင့် ကမ္မဝါစာဖတ်၊ ပရိတ်ရွတ်ရန် သံဃာတော်လေးပါးနှင့် ကံသာဆရာတော်ကြွတော်မူပါဟု ပင့်လာ၍ ဆရာတော်ကိုယ်တိုင် လိုက်သွားပြီး ၎င်းလူမမာများကို သံဃာတော်၏ အနီးအနားက နေစေပြီးလျှင် အမိန့်တော်ပြန်ခြင်း၊ ကမ္မဝါစာဖတ်ခြင်း၊ ပရိတ်ရွတ်ခြင်းပြုပြီး ပရိတ်ရေသောက်စေခြင်း၊ ဖျန်းစေခြင်း၊ ပရိတ်ကြိုးကို လည်၊ လက်ကောက်ဝတ်မှာ ချည်စေသဖြင့် စိတ်နှလုံး ကြည်လင်ပြီး တစ်နေ့တစ်ခြား ချမ်းသာကြ၏။

၎င်းကမ္မဝါစာ ဖတ်နေတုန်း၌ မငွမ်းသည် အိပ်ပျော်သကဲ့သို့ဖြစ်ပြီးလျှင် မျက်စိက တပ်တပ်ထင်ထင်မြင်ကြောင်းကို လျှောက်သည်မှာ ၎င်းအိမ်ပေါ်က ဆံပင် ကိုးရိုးကားရားနှင့် မိန်းမ ၅–ယောက်ဆင်းသွားသည်ကို မြင်ရသည်ဟု လျှောက်၏။ သို့အတွက်ကြောင့် နေထိုင် မကောင်းလျှင်

ကမ္မဝါစာဖတ်ခြင်း၊ ပရိတ်ရွတ်ခြင်းကို အထူးပင် ပြုဖို့ကောင်း၏၊ သတိပြုကြလေ။

## (၅) သရဲက အစာတောင်းသော မယ်ညွှာဝတ္ထု

၁၂၇၃ ခုနှစ် ဝါဆိုလဆန်း ၁၂-ရက်နေ့က ရန်ကုန်မြို့ စဥ့်အိုးတန်း(အထက်လမ်းနေ) စာရေးကြီးဦးသန်း၊ သမီး မယ်ညွှာ၊ ဦးကန်းတူ မောင်ဗိုလ်ဖြူ၊ မောင်ဘာရွှန်းတို့ ဖျားနေကြသောကြောင့် ကမ္မာဝါစာဖတ်၊ ပရိတ်ရွတ်ရန် သံဃာတော်လေးပါးနှင့် ကံသာဆရာတော် ကြွတော်မူပါဟု ပင့်သောအခါ ဆရာတော်သည် ဘုန်းကြီးဥုးကဝိန္ဒ၊ ဘုန်းကြီးဥုးစက္ကိန္ဒ၊ ဘုန်းကြီးဥုးအာလောက၊ ဘုန်းကြီး ဥုးအာသဘစသော တပည့်များနှင့် လိုက်သွားပြီး ကမ္မဝါစာ မဖတ်မီ အမိန့်တော်ပြန်နေတုန်း၌ မယ်ညွှာသည် အလိုလို ဘာသာ ဆတ်ဆတ်တုန်၍ လူ့စိတ်များပျောက်ပြီး လျှောက် သည်မှာ ၎င်းစဥ့်အိုးတန်းထဲ၌ ဖျားနာသေကြေအောင်လုပ်တာ တခြားသူမဟုတ်ပါဘူး တပည့်တော်တို့ပါ ဟုလျှောက်၏။ ထိုအခါ ဆရာတော်တို့က ၎င်းမှီကပ်နေသော အစိမ်းသရဲကို ဘယ်မှာနေသနည်း ဘာများအလိုရှိ၍ လုပ်သနည်းဟု မေး သော် "ကျုံးထိပ်မှာနေပါသည်၊ ဆန်၊ဆီ၊ငါး၊ဝိ၊ဆား၊ထင်းစသော စားစရာ၊ သောက်စရာအလုံးစုံပင် လိုပါသည်"ဟု ပြောပါသည်။

"ဘယ်နေရာမှာ ပေးရမည်နည်း"ဟုမေးမြန်းသော် ရေထဲကို မျောလိုက်ပါ ဟုလျှောက်၏။ ထိုကဲ့သို့ မေးမြန်းပြီး ၎င်းအထက် အဆိုပါဆရာတပည့် ငါးပါးသိထိလ၊ ဓနိတ၊ နိဂ္ဂဟီတန္တ မကာရန္တစသည် ပီပြင်စွာ ကမ္မဝါစာဖတ်ခြင်း၊ ပရိတ်တော် ရွတ်ခြင်းပြုပြီး ပရိတ်ရေနှင့် ဖျန်းခြင်း၊ သောက်စေခြင်း၊ ပရိတ်ကြိုးကို လည်၊ လက်ကောက်ဝတ်မှာ ချည်စေခြင်း စသည်တို့ကို ပြုသဖြင့် ချက်ချင်း လူကောင်းဖြစ်၍ ယခုထိ ဘေးခပ်သိမ်းကင်းပြီး ချမ်းသာစွာရှိလေသည်။ ၎င်းလူများကို သေချာစွာ မေးကြည့်ကြလေ။ လွန်မင်းစွာ အံ့ဩဖွယ် ကောင်းလှ၏။

## (၆) ငွေ ၄၀၀ ကျော်ကုန်သော မောင်လိမ်ရွှေဝတ္ထု

၁၂၇၂ ခုနှစ် နတ်တော်လပြည့်ကျော် ၉ ရက်နေ့က မန်ကျီးတန်းနေ ဒေါ်ဒွန်းသား စာရေးကြီးမောင်လိမ်ရွှေသည် လက်နှစ်ဖက်လုံးရောင်ပြီး စားမဝင်၊ အိပ်မပျော်ဖြစ်နေခြင်း ကြောင့် ကုလားဆရာဝန်၊ တရုတ်ဆရာ၊ မြန်မာဆရာ၊ ဗိန္ဓော ဆရာ၊ ဓာတ်ဆရာ၊ ပယောဂဆရာစသော ဆရာပေါင်း ၁၅ယောက်နှင့် အနည်းနည်းအဖုံဖုံ ကုသပါသော်လည်း ငွေသား လေးရာကျော်ငါးရာမျှကုန်ပြီး အနည်းငယ်မျှ

မသက်သာ၍ ဘုရားကု၊ တရားကု ကုသရန် သံဃာတော် လေးပါးနှင့် "ကံသာဆရာတော်" ကိုပင့်ပေးပါ ဟု မောင် ဘာဘာကို အပင့်လွှတ်လိုက်ခြင်းကြောင့် ဆရာတပည့် ငါးပါး လိုက်သွားပြီး ၎င်းမောင်လိမ်ရွှေအနီးကနေ၍ အမိန့်ပြန်ခြင်း၊ ကမ္မဝါစာဖတ်ခြင်း၊ ပရိတ်ရွတ်ခြင်းပြုပြီး၊ ပရိတ်ရေနှင့်ဖျန်းခြင်း၊ သောက်စေခြင်း၊ ပရိတ်ဆီကို လူးစေခြင်း၊ ပရိတ်ကြိုး လည်၊ လက်ကောက်ဝတ်မှာ ချည်စေခြင်းစသည်ကို ပြုသဖြင့် ကိုယ်၏ ချမ်းသာခြင်း၊ စိတ်၏ချမ်းသာခြင်းဖြစ်ပြီး ယခုထက်ထိ တစ်စုံ တစ်ရာဘေးမရှိပဲ ကျန်းမာပကတိ အလုပ်အကိုင်နှင့် ချမ်းသာ စွာ နေနိုင်လေ၏။

## (၇) ၇–ရက်တိုင်တိုင် လက်မောင်းကိုက်သော မကြြင်စံဝတ္ထု

၁၂၇၃ ခုနှစ် ပြာသိုလဆန်း ၁၃ရက်နေ့က ရန်ကုန်မြို့ ကြည့်မြင်တိုင်ဆေးရုံတန်းနေ မကြင်စံသည် လက်မောင်းကိုက် ရောဂါကြောင့် ဆရာအမျိုးမျိုးနှင့် ကုသပါသော်လည်း မသက်သာ၊ လူပေါင်းတကျိုပ်ကျိုပ်နေ့ညဥ့်မအိပ်ရပဲ ကုသရန် သံဃာတော်လေးပါးနှင့် ကံသာဆရာတော်ကိုယ်တော်တိုင် ကြွတော်မူပါဟု ပင့်လျှောက်သောကြောင့် ဆရာတော်သည်

တပည့်လေးပါးနှင့်လိုက်သွားပြီး အမိန့်တော်ပြန်တမ်းကို သေချာစွာဖတ်ပြီးမှ ညီညာဖြဖြ ကမ္မဝါစာဖတ်ခြင်း၊ ပရိတ်တော်များကိုရွတ်ခြင်း၊ ပရိတ်ရေ၊ ပရိတ်ဆီသောက်စေခြင်း၊ ဖျန်းခြင်း၊ လူးစေခြင်းပြုပြီး ပရိတ်ကြိုးကို လည်၊ လက်ကောက်မှာ ချည်စေခြင်း ပြုသဖြင့် ချက်ချင်း လူကောင်းပကတိဖြစ်လာ၏။

ဆိုအပ်ခဲ့ပြီးသော ပစ္စုပ္ပန်ဝတ္ထုများကို ထောက်၍ ဤ ပဗ္ဗဇနီယကမ္မဝါစာနှင့် ပရိတ်တော်များသည် ငါတို့အားမှီရာ တည်ရာဖြစ်ပေသည်ဟု နှလုံးထားနိုင်ကြစေကုန်သတည်း။

# ဆရာဝန် ကျွန်တော် နှင့် ပဗ္ဗာဇနိယကမ္မဝါစာ အတွေ့အကြုံ

ကျွန်တော်ဟာ တပ်မတော်အငြိမ်းစား ဆရာဝန် တစ်ဦးပါ၊ အငြိမ်းစားယူတော့မယ်လို့ စိတ်ကူးတော့ သံလျင်မှာ တစ်ဘက်က စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်၊ တစ်ဘက်ကလည်း ပတ်ဝန်းကျင်ကို ဆေးအတတ်ပညာဖြင့်ပြုစုစောင့်ရှောက်မည်ဟု စိတ်ကူးပြီး သံလျင်မှာ ခြံကျယ်ကျယ်ကြီးတစ်ခြံကို ဝယ်ယူခဲ့ ပါသည်။ ကျွန်တော် သံလျင်မှာ ခြံဝယ်စဉ်က ၁၉၆၅ ခု၊ ပတ်ဝန်းကျင်ဖြစ်၍ ထိုအချိန်က သံလျင်တွင် မြေဈေးသည် ဘာမျှတန်ဘိုးမရှိလှသေးပါ၊ ကျွန်တော် ခြံကျယ်ကြီးတစ်ခြံလုံးမှ (၆၅၀၀)မျှသာ ပေးရပါသည်။ ခြံထဲတွင် စားပင်၊ သီးပင် မျိုးစုံလည်း ပေါလှပါသည်။

ခြံကြီးမှာကျယ်ဝန်းလှ၍ ညည့်အချိန်ဆိုက တိတ်ဆိတ်ပြီး အားငယ်သူအဖို့ ကြောက်စရာပင် ကောင်းလှပါသည်။ ထိုခြံကို ဝယ်ယူခြင်း၊ ပင်စင်ယူက ထိုခြံတွင်နေမည်ဟူသော ကျွန်တော့အကြံ စီမံချက်များကို ကျွန်တော်၏ဇနီးနှင့် တက္ကသိုလ်မဟာဝိဇ္ဇာတန်း၌ ပညာသင်ကြားနေသော သမီး

ကြီးတို့က သဘောမတူ ကန့်ကွက်ကြပါသည်။ အငယ်ဆုံး ဆယ်တန်းကျောင်းသားတစ်ယောက်ဖြစ်သော ကျွန်တော့်သား ကသာ ထောက်ခံအားပေးပါသည်။

ကျွန်တော်သည် အိမ်ထောင်ဦးစီးဖခင် ဟူသော အာဏာကို အပြည့်အဝသုံးပြီး ထိုခြံဝယ်မှုနှင့် မွေးမြူရေး လုပ်ငန်းကို အကောင်အထည်ဖော်ပါသည်။

ထိုခြံဝယ်စဉ်က ခြံရှင်က ဘာမျှမပြောသော်လည်း ပတ်ဝန်းကျင်ကမူ ခြံက ကြမ်းသည်။ ပိုင်ရှင်ပြောင်းသည်မှာ သုံးလေးဦးရှိသွားပြီ ဝယ်သူလုပ်သူမှန်သမျှ အန္တရာယ် တစ်မျိုးမျိုးနှင့်ကြုံတွေ့ရပြီး လုပ်ငန်းတွေပျက်စီးသည်ဟု ဆိုပါသည်။

ခြံကြမ်းသည်ကို စုံစမ်းကြည့်သောအခါ ခြံထဲတွင် အစောင့်ရှိသည်။ အစောင့်သရဲနှင့်ဥစ္စာစောင့်က မကျေနပ်လျှင် အန္တရာယ်ပေးသည်ဟု ဆိုပါသည်။

ဤသည် သရဲဥစ္စာစောင့်ကို အယုံအကြည် မရှိ လက်မခံသော ကျွန်တော်သည် ထိုခြံကြမ်းသည်ဆိုသည်ကို လက်မခံပါ။

ခြံဝယ်ပြီးနောက် ယာယီ ကျွန်တော်မနေနိုင်သေး၍ တပ်ထဲတွင် ကျွန်တော် ဆေးကုအသက်ကယ်ခဲ့ရသော တပည့် လည်းဖြစ်၊ သတ္တိကောင်းပြီး အကြောက်အလန့်ဆိုက

မည်သည့်အရာကိုမျှ မကြောက်တတ်သော တပည့်ဂေါရခါး စစ်သားလူထွက် ထွန်းမောင်ကို ရှာဖွေပြီး ခြံစောင့်ထား ပါသည်။ ကြက်မွေးမြူရေးလုပ်ငန်းကိုလည်း သူ့ကိုပင် ဦးဆောင်စေပြီး ခြံဝယ်ပြီး တစ်ပတ်အတွင်း စတင် အကောင် အထည်ဖော် မွေးပါသည်။

ဂေါရခါးထွန်းမောင်သည် သူ့သားမယားကို ခြံထဲသို့ ခေါ်မလာသေးဘဲ သူပင် ပထမဦးစွာ တစ်ယောက်ထဲလာနေ ပါသည်။ ပထမညတွင်ပင် ထွန်းမောင် အိပ်ပျော်နေစဉ် ထွန်းမောင်ကို သူအိပ်သောကွပ်ပျစ်ကုတင်ပေါ်က ဆွဲချခံရ ပါသည်။ ထွန်းမောင်သည် ကြောက်တတ်သူမဟုတ်၍ သူ့ ဘာသာသူ အအိပ်ကြမ်း၍ လိမ့်ကျသည်ဟု ထင်ပြီး ပြန်အိပ် သည်။ ဒုတိယညတွင် ဆွဲချရုံတွင်မက ထွန်းမောင်ကို အိမ်ပြင် ရောက်သည်ထိ ဆွဲထုတ်ခံရပြန်သည်။ ထွန်းမောင်နိုးတော့ အပြင်ရောက်နေမှန်းသိရသည်။ ထွန်းမောင်သည် တစ္ဆေသရဲ ယုံသူမဟုတ်၊ ပတ်ဝန်းကျင်က တစ်ယောက်ယောက် လာလုပ် သည်ဟု ထင်ပြီး ဓာတ်မီးတစ်လက်နှင့်ပတ်ဝန်းကျင်ကို ရှာဖွေ ရင်း နှုတ်မှလည်း ကော်ဆဲနေမိသည်။

တတိယညတွင် ထွန်းမောင် အရက်သောက်ပြီး အိပ် သည်။ ဆွဲချခံရပြန်သည်။ ထွန်းမောင်က ဆွဲချခံရသောနေရာ မှာပင် အိပ်ပစ်လိုက်သည်။

ကျွန်တော် ကြက်ပေါက်စများဝယ်ယူပြီး ထွန်းမောင်ထံ သွားပို့သောအခါ ထွန်းမောင်က ထိုအဖြစ်အပျက်ကို ပြောပြသည်။ ရိုးရိုးဖြစ်စဉ်ကိုသာ ပြောပြခြင်း ဖြစ်သည်။ ကြောက်လန့်၍ မနေလိုတော့၍ ပြောခြင်းမဟုတ်ပါ။

ခြံပိုင်ရှင် ကျွန်တော်အနေနှင့်ကတော့ ပတ်ဝန်းကျင်လာရောက်နှောက်ယှက်တာ ဖြစ်ရမည်ဟု ခံယူထားမိပါသည်။

စနေ တစ်ညတွင် ခြံထဲရှိ ကျွန်တော်ပါ အိပ်မိပါသည်။ ဆရာတပည့် အဖျော်ယမကာလေးနှင့်ဇရက်မင်းစည်းစိမ်ယစ်ပြီး အိပ်ရာဝင်ခဲ့ပါသည်။ ကျွန်တော် အိပ်မပျော်တပျော် အချိန်တွင် ကျွန်တော့်ကို "ထပါဦးအကို"ဟု လှုပ်နှိုးသံကို ကြားလိုက်ပါသည်။

ကျွန်တော် ငေါက်ကနဲ ထလိုက်မိပါသည်။ ကျွန်တော် အိပ်ယာဘေးတွင် မိန်းကလေးတစ်ယောက်ရပ်နေသည်ကို အံ့သြစွာ တွေ့လိုက်ရပါသည်။ မွှေးရနံ့ကလည်း သင်းပျံ့နေပြီး ဆံပင်တပတ်လျှို ထုံးထားပါသည်။ အလွန်ပင် ချောမောလှပသော မိန်းကလေးတစ်ဦးဖြစ်ကြောင်း မီးရောင်မှိန်ဝါးဝါးတွင် တွေ့မြင်ရပါသည်။

"မင်း ဘယ်သူလဲ- ဘာကိစ္စလဲ ငါ့ထံ လာတာလဲ"

"ကျွန်တော်က ထိပ်လန့်အံ့သြစွာနှင့် ကဗျာကယာ မေးလိုက်ပါသည်။

"အကိုတို့ ကျွန်မတို့ပတ်ဝန်းကျင်မှာ ဒီလို အကုသိုလ် အလုပ်တွေ မလုပ်ပါနဲ့၊ ကျွန်မ သည်းမခံဘူးဆိုတာ မြဲမြဲ မှတ်ထားပါ "

မိန်းကလေးသည် ဤကဲ့သို့ အသံမာမာပြောပြီး ကျွန်တော့်ရှေ့မှာပင် ရုတ်တရက် ပြန်လှည့်ထွက်သွားပြီး ပျောက်ကွယ်သွားပါသည်။ ကျွန်တော်ခဏ ကြက်သေသေ ဖြစ်ပြီး ရုတ်တရက် သတိရကာ ဓာတ်မီးဆွဲပြီး အပြင်ထွက် လိုက်သွားမိပါသည်။ ပတ်ဝန်းကျင်ကို ဓာတ်မီးထိုးပြီး မိန်းကလေးကို ရှာမိပါသည်။ ဘာမျှမတွေ့ပါ၊ ခြံကြီးထဲတွင် လူသူအရိပ်အရောင်လည်း ဘာမျှမတွေ့ရပါ၊ ခြံတစ်ဘက်ရှိ တောရကျောင်းလေးအထိ ကျွန်တော်လျှောက်သွားပြီး အခြေ အနေ ကြည့်မိပါသည်။ ဘာမျှ ထူးခြားမှု မတွေ့ရပါ၊ တောရ ကျောင်းလေးကလည်း တိတ်ဆိတ်နေပါသည်။

ကျွန်တော်သည် ထွန်းမောင်ကို နိုးပြီး အခြေအနေ ပြောပြရပါသည်။ ဒီခြံထဲသို့ မိန်းကလေးတစ်စုံတစ်ယောက် လာဘူး မလာဘူးကို မေးရပါသည်၊ တစ်ယောက်မျှ မလာဘူး ကြောင်း ထွန်းမောင်က ပြောပြပါသည်။

ထွန်းမောင် အိပ်စဉ် ဆွဲချသည်၊ ယခု ကျွန်တော်ကို လာရောက် ပြောသည်၊ ဤခြံသည် တစ်ခုခုတော့ ထူးခြား နေသည်က မှန်နေပါသည်။ သို့သော် ပတ်ဝန်းကျင်

တစ်ယောက်ယောက်က လာရောက်နှောက်ယှက်နေသည်ဟူ၍ သာ ကျွန်တော်ထင်ခဲ့ပါသည်။ ထိုအဖြစ်အပျက်များကို ကျွန်တော်မိသားစုကို ပြန်မပြောပြပါ၊ ကျွန်တော်နှင့်ထွန်းမောင် သာ တိုင်ပင်ပြီး လုပ်ဖရောရှိသည်ကို ဆက်လက် ဆောင်ရွက် ပါသည်။

ကြက်များစတင် မွေးကထဲက အနှောက်အယှက် အမျိုးမျိုး ပေးလာပြန်သည်။ ကြက်များ ညစဉ် လန့်ဖျတ်ပြီး တစ်ကောင်နှစ်ကောင် သေပါသည်၊ ပထမတော့ ကြက်သူခိုး သို့မဟုတ် တောကြောင်စသည်ဝင်ရောက်ကိုက်၍ ဖြစ်သည် ဟု ထင်မိခဲ့ပါသည်။

နောက် ထွန်းမောင်က သူမိသားစုခေါ်၍ ခြံထဲတွင် နေသောအခါ ထွန်းမောင်သားငယ်သည် ညတိုင်း အမြဲ လန့်ဖျန့်နေပါသည်။

တစ်စုံတစ်ယောက်ကို တွေ့ပြီး မျက်လုံးပြူး မျက်ဆံပြူး ဖြစ်နေသည်ဟု ဆိုပါသည်။

သတ္တိကောင်းသော ထွန်းမောင်သည် သားသမီးနှင့် ယှဉ်လာသော် သတ္တိမကောင်းတော့ပါ၊ အထူးသဖြင့် ထွန်းမောင်မိန်းမက အကြောက်လွန်ပြီး အားချင်းပင် ရွှေ့ ပြောင်းသွားပါတော့သည်။ ကျွန်တော်ရောက်သွားသောအခါ

ထွန်းမောင်က ကြက်များသေပုံနှင့် သူ့ကလေးလန့်ပုံ၊ သူ့မိန်းမ မနေရဲတော့၍ ပြန်သွားပုံ အကြောင်းစုံပြောပြီး ယူပါ ဆက်လက် မနေလိုတော့ကြောင်း ပြောပါသည်။

သို့အတွက် ကျွန်တော်သည် ထွန်းမောင်ကို ဆက်လက် မတားလိုတော့ဘဲ သွားခွင့်ပြုပြီး ထိုပြဿနာကို ကျွန်တော်ကိုယ်တိုင် ရှင်းမည်ဟု ဆုံးဖြတ်ကာ ခွင့်တစ်ပတ်ယူပြီး ခြံထဲမှာ နေပါတော့သည်။

ကျွန်တော်သည် သတိဝိရိယကြီးစွာနှင့် ကြက်ခြံကို စောင့်ပါသည်။ ကျွန်တော် မေ့ကနဲ အိပ်ပျော်စဉ် ကြက်ခြံမှ ကြက်အော်သံတွေ ဆူညံစွာ ကြားရပါသည်။ ကျွန်တော် အားချင်း ပြေးကြည့်ပြီး ရန်သူကို ရှာဖွေပါသည်။ ဘာမှ မတွေ့ရပါ၊ ကြက်ခြံတွင်မူ ကြက်နှစ်ကောင် သေနေပါ သည်။

ကျွန်တော်ပြန်လာပြီး မီးထွန်းကာ ထိုင် စဉ်းစား နေပါသည်။ ထိုအချိန်မှာပင် မိန်းမတစ်ယောက်နှင့် လူရုပ် ခပ်ကြမ်းကြမ်းတစ်ယောက် နောက်ကပါလာပြီး ကျွန်တော့ အိမ်ပေါက်ဝ လာရပ်ပါသည်။

"ရှင်ပြောမရဘူးလား၊ ပြောမရရင်တော့ ရှင်ကျုပ်ကို အကြောင်း သိစေမယ်၊ ရှင်တဆွေတစ်မျိုးလုံးကို ဒုက္ခရောက် စေရမယ်"

မိန်းမငယ်သည် ထိုသို့ ပြောပြီး ချာကနဲလှည့်ထွက်သွားပြန်သည်။ ကျွန်တော်ဘက်က ဘာမျှပြောခွင့် မရလိုက်ပါ။

ကျွန်တော် နောက်မနက် မိုးလင်းတော့ ခြံပတ်ဝန်းကျင်ရှိ တဲအိမ်များသို့ သွားရောက်မိတ်ဖွဲ့ကာ ခြံအကြောင်း အကျိုးအကြောင်း မေးရပါသည်။ ပတ်ဝန်းကျင်အပြောအရ ဤခြံထဲတွင် မင်းမျိုးမင်းနွယ်မှ ဖြစ်လာသောဥစ္စာစောင့်များနှင့် သူရဲများ ရှိသည်၊ အကုသိုလ် အလုပ်ကို လုပ်စား၍ မရပါ ဟု ပြောကြသည်။

သို့တွက် တစ်ညနေတွင် ခြံတောင်ဘက်ရှိ တောရကျောင်းလေးဘက်သို့ ရောက်သွားရပါသည်။ ကျောင်းထဲတွင် တိတ်ဆိတ်နေပြီး ဘုန်းကြီးတစ်ပါး စာဖတ်နေသည်ကို တွေ့ရ၍ ဝင်ရောက် ကန်တော့မိပါသည်။

"ဒါယကာကြီးက ဘယ်ကတုံး-ဘယ်ကလာတာလဲ"

"တပည့်တော် ဒီခြံဝယ်ယူလိုက်တဲ့သူပါဘုရား၊ ယခု ခြံပတ်ဝန်းကျင်လိုက်ကြည့်ရင်း အရှင်ဘုရားထံ ခဏ ဝင်ဖူးတာပါဘုရား"

"အေးအေး ဒီခြံကတော့ အကုသိုလ် အလုပ်နဲ့ အသက်မွေးဝမ်းကြောင်းပြုရင်မရဘူးလို့ ပြောကြတာတော့ ကြားတာဘဲကွဲ့၊ ဒါယကာက ဘာလုပ်ဖို့ ဝယ်တာလဲ သက်သက်နေဖို့လား"

တပည့်တော်က ဆရာဝန်ပါဘုရား၊ ရည်ရွယ်တုံးကတော့ စိုက်ပျိုးရေးနှင့် ကြက်မွေးမြူရေးလုပ်ဖို့ ဝယ်တာပါဘဲဘုရား၊ ယခု အရှင်ဘုရား မိန့်ကြားသလိုပါဘဲ ကြက်မွေးမြူရေး စလုပ်ကထဲက အနှောက်အယှက်အမျိုးမျိုး ပေါ်နေလို့ပါဘုရား၊ တပည့်တော်အထင်က ဒီပတ်ဝန်းကျင်က တစ်ယောက်ယောက်က နှောက်ယှက်နေတယ်လို့ ထင်လို့ပါဘုရား၊

"မဟုတ်နိုင်ဘူးဒါယကာ၊ ဒီပတ်ဝန်းကျင်က လူတွေက လူဆင်းရဲတွေပါ၊ ရိုးလဲရိုးသားကြတယ်၊ ပြီးတော့ ဒါယကာ မြေကြီးကိုလဲ ဥစ္စာစောင့်သရဲရှိတယ် ဆိုပြီး မည်သူမှ ဝင်ရဲကြတာမဟုတ်ဘူး"

"တပည့်တော်ပိုင်တဲ့မြေထဲမှာ ဒီလိုပုဂ္ဂိုလ်တွေ မရှိအောင် အရှင်ဘုရားတို့ ပရိတ်တွေဘာတွေနဲ့ လုပ်လို့မရဘူးလားဘုရား"

"ဒါယကာက ရတနာသုံးပါးယုံကြည်ပြီး မြေပိုင်ရှင်လဲ ဖြစ်တယ်ဆိုရင်တော့ သံဃာ့အမိန့်နဲ့ သူတို့ကို နှင်ထုတ်လို့ရပါတယ်၊ ဒါပေမယ့် ရဟန်းသံဃာဆိုတာက မည်သူ့ကိုမျှ မညှင်းဆဲရဘူး၊ အနေအထိုင် ပျက်အောင်၊ ဘဝအိုးအိမ် ပျက်အောင် မလုပ်ရဘူး၊ ကောင်းတာကတော့ အချင်းချင်း မေတ္တာရှိပြီး ကူညီစောင့်ရှောက်ကြတာ အကောင်းဆုံးဘဲ"

"တပည့်တော် နဂိုကတော့ တစ္ဆေသရဲ ဥစ္စာစောင့် ဆိုတာ စကားပြော၊ စာပြောအရသာ ကြားဘူးသိဘူးတာပါ၊ ယုံကြည်မှု မရှိပါဘူး၊ ယခုတော့ အခြေအနေအရ ယုံရတော့ မလို ဖြစ်နေပါတယ်ဘုရား၊ ဒါပေမယ့် သူတို့က တပည့်တော်ကို နှောက်ယှက်အန္တရာယ်ပေးတာကိုတော့ မနှစ်သက်ပါဘူး ဘုရား"

"ဒါယကာ နာနာဘာဝ၊ ဝိနာဘာဝ ဆိုတဲ့ ကမ္မဇိဒ္ဓိ တန်ခိုးကြောင့် ဖန်ဆင်းနိုင်တဲ့ အပါယ်လေးဘုံသား ပြိတ္တာတွေဆိုတာရှိတယ်၊ ဘုရားရှင်ကလဲ ပေတဝတ္ထုမှာရော၊ ရဟန်းတွေရဲ့ ဝိနည်းပညာတ်တွေမှာရော ဟောထားတာ အများကြီးဘဲ၊ ဒီပြိတ္တာတွေဆိုတာက လူအမျိုးမျိုးပုဂ္ဂိုလ်အထွေထွေ ရှိတယ် ဆိုတာကို သူတို့မှာလဲ ပြိတ္တာအမျိုးမျိုးက ရှိနေလေတော့ ကောင်းတဲ့သူရှိသလို ဆိုးတဲ့သူရှိတာဘဲ၊ လူမှာတောင် ကူညီတဲ့သူရှိသလို ဖျက်ဆီးတဲ့သူရှိတာဘဲ၊ နာနာဘာဝလောကမှာလဲ နည်းတူပါဘဲ၊ ဒါယကာအနေနှင့် ဒါယကာခြံမှာ မနေစေချင်ရင် သူတို့ကို နတ်မင်းကြီးလေးပါးထံနေရာတောင်းနေစေပြီး နှင်ထုတ်တဲ့ပဗ္ဗာဇနီယကမ္မဝါစာ ဆိုတာတော့ရှိတယ်၊ ရဟန်းသံဃာတွေက ရွတ်ဖတ်ပြီး အမိန့်ပြန်ရတဲ့ ကမ္မဝါစာဘဲ၊ အဲဒါနဲ့ နှင်ရင်တော့ ရပါတယ်။

ကျွန်တော်သည် တစ္ဆေသရဲကို မယုံကြည်ခဲ့သော်လည်း ဗုဒ္ဓဘာသာဝင်တစ်ဦးအနေနှင့် ဒါနမှု၊ သီလမှုကိုတော့ ထိုက်တန်သရွေ့ မိရိုးဖလာအရလုပ်ခဲ့သူမို့ ဘုန်းကြီး၏ လမ်းညွှန်ချက်ကို လက်ခံလာမိပါသည်။

"ဒါယကာကြီး လူတောင် မေတ္တာထားရင် ချစ်ခင်ပါတယ်၊ သူမကြိုက်တာမလုပ်ဘဲ မေတ္တာဖွဲ့ပြီး လုပ်ပါ"

ဘုန်းကြီးက နောက်ဆုံးဩဝါဒ ပေးပါသည်။ ကျွန်တော်သည် တောရဘုန်းကြီးထံမှ ပြန်လာပြီးနောက် ရန်ကုန်သို့ အားချင်းကူးကာ ခြံထဲတွင် ဆွမ်းကျွေးလိုကြောင်း၊ ပရိကမ္မဝါ ရွတ်လိုကြောင်း ဇနီးကို ပြောပြတိုင်ပင်ရပါသည်။ ခြံထဲတွင် တစ္ဆေသရဲ ဥစ္စာစောင့်ရှိကြောင်းကို ပြောမပြပါ၊ အိမ်တက်မင်္ဂလာ၊ ခြံဝင်းမင်္ဂလာသဘော ပြုလုပ်လိုကြောင်းသာ ပြောခဲ့ပါသည်။ ဇနီးကလည်း သဘောတူ၍ မိသားစုအားလုံး လိုအပ်တာ ဝယ်ခြမ်းပြီး သံလျင်ခြံဘက်သို့ ကူးလာခဲ့ကြပြီး သံဃာပင့်စရာရှိတာပင့်ပြီး လိုအပ်တာမှန်သမျှ စီမံ ဆောင်ရွက်ကြပါသည်။

အားလုံးချက်ပြုတ်ပြင်ဆင်ပြီး၍ အိပ်ရာဝင်သော် တစ်အိမ်လုံး ပြောင်းဆန်းအောင် နာနာဘာဝပုဂ္ဂိုလ်တို့က အစွမ်းပြပါတော့သည်။ အိမ်ကို လှုပ်ခါသည်။ အိုးခွက်တွေ ဟင်းမဖိတ်မစင်ဘဲ အသံသာမြည်စေပြီး လွင့်ပစ်ကြသည်။ ကြက်တွေအော်ပြီး လေးငါးခြောက်ကောင် သတ်ပစ်သည်။

တစ်အိမ်လုံး လန့်နိုးပြီး မျက်စိသူငယ် နားသူငယ်နှင့် ကြောက်လန့်နေကြပါသည်။ ကျွန်တော်ကတော့ ရိုးနေ၍ သိပ်မကြောက်ပါ။ ကျွန်တော်ဇနီးနှင့် သမီးကြီးကတော့ ဘုရားတွေ သမ္ဗုဒ္ဓေ ဂါထာတွေ ရွတ်ဖတ်နေကြပါသည်။

"ရှင်ခြံက ဘယ်လိုလဲ"

ဇနီးကမေးပါသည်။ ထိုအခါကျမှ ကျွန်တော်က အကြောင်းစုံ ပြောပြရပါသည်။ ထိုအခါကျမှ ဇနီးသည် မေတ္တာသုတ်ကို ရွတ်ဖတ်ပူဇော်ပြီး ပုတီးစိပ်ကာ အမျှဝေပါတော့သည်။ ထိုည ဘာမှ ဆက်မဖြစ်တော့ပါ။

နောက်နေ့တွင် သံဃာတော်များ အရုဏ်ဆွမ်းကပ်ပါသည်။ ဆရာတော်များကို အကျိုးအကြောင်း လျှောက်ပြရပါသည်။ ဆရာတော်များဟာ အမိန့်ပြန်ပြီး ပဋ္ဌာန်းနိယ ကမ္မဝါစာ ဖတ်ပါသည်။ သူတို့ကိုလည်း နေရာပေးပါသည်။

နောက် ကျွန်တော်သည် သူတို့နေရာဟု သိရသော ခြံထောင့်အစွန်းရှိ ဒညင်းပင်ညီနောင်တွင် သူတို့ ကုသိုလ်ပြု ဆီမီးပူဇော်နိုင်ရန် ဆီမီးပေးပါသည်။ သူတို့ကိုလည်း ဤဆီမီးဖြင့် ကြိုက်သလို ကုသိုလ်ပြုပါ၊ ကျွန်ုပ်ပြုသော ကုသိုလ်ကို အမျှပေးဝေပါသည် ဟု အမိန့်ပြန်ပေးပါသည်။

ဆရာတော်သံဃာတော်များ၏ မေတ္တာရပ်ခံချက်နှင့် ဇနီး၏တောင်းပန်ချက်အရ ကြက်မွေးမြူရေးကို မပြုလုပ်

တော့ပါ၊ မွေးထားသမျှ ကြက်များကိုလည်း အလကားပေးပစ်လိုက်ရပါသည်။

မှန်ပါသည်။ ထို့နောက် ကျွန်တော့ခြံတွင် မည်သည့်အနှောက်အယှက်မျှ မပေါ်တော့ဘဲ ကျွန်တော်ပင်စင်ယူ၍ ကျုံခြံထဲနေထိုင်သည်အထိ ဘာမျှအနှောက်အယှက် မပေါ်တော့ပါ၊ သီးပင်စားပင်များက ဖြစ်ထွန်းမှုလည်း စားဝတ်နေရေးကို အထောက်အကူများစွာပြုပြီး အလှူဒါနကိုပင် အခါအားလျော်စွာ ပြုလုပ်နိုင်ခဲ့ပါသည်။

ထိုအချိန်မှစ၍ ကျွန်တော်သည် သာမန် မိရိုးဖလာ ဗုဒ္ဓဘာသာဘဝမှ ဘာသာတရားနှင့် ပရိတ်ပဋ္ဌာန်းနိယကို ယုံကြည်လေးစားသော ဒါယကာတစ်ဦး ဖြစ်လာခဲ့ရပါတော့သည်။

***

# ပဗ္ဗာဇနီယကမ္မဝါစာ ပြင့် ကယ်ခဲ့ရသော နန်းအေးကြည်

ညောင်ပင်သာဘုတာရှာ၏ အနောက်ဘက် ပဲခူးရိုးမ ဘေးရှိ ပတ္တာရှာကြီးသည် ရှမ်း၊ ဗမာတိုင်းရင်းသားများ ချစ်ချစ်ခင်ခင် ရင်းရင်းနှီးနှီး စုပေါင်းနေထိုင်သော ရွာကြီး တစ်ရွာ ဖြစ်ပါသည်။

ထိုရွာမှ ရှမ်းဗမာကပြား ရှင်မုနိန္ဒသည် ဖြူးမြို့၊ ဒက္ခိဏာရုံ စာသင်တိုက်တွင် ပညာများ လာရောက်ဆည်းပူး နေသည်။ နွေရာသီ ပထမငယ်တန်း စာမေးပွဲဖြေဆိုပြီးသော အခါ စာသင်တိုက်မှ စာဝါသင်တန်းများပိတ်၍ သံဃာတော် များ မိဘရပ်ထံ အသီးသီး ပြန်ကြွကြသောအခါ အရှင်မုနိန္ဒ သည် စာသင်ဖက် ရဟန်းငါးပါးပါ ပင့်ပြီး မိမိရပ်ရွာသို့ ပြန်ကြွလာခဲ့သည်။

မိမိတို့ရောက်၍ နောက်တစ်နေ့တွင် ဖြစ်သည်။ ရှင်နိန္ဒ၏ အပမတစ်ဝမ်းကွဲတော်သော နန်းအေးကြည်သည် ကပိန်ပိန် ဇာရှောင်ရှောင်ဖြင့် နေမကောင်းဖြစ်နေရာမှ ရုတ်ဘရက် အစိမ်းသရဲ ဝင်ပူးကပ်ခြင်း ခံရသည်။

ယခင်က စကားလုံးဝမပြော၊ ပြောသော်လည်း တိုးတိုး ညင်းညင်းသာသာပြောတတ်သော နန်းအေးကြည် သည် စကား အော်ကြီးဟစ်ကျယ် ပြောလာသည်။

ယခင်က လှုပ်လှုပ်လဲ့လဲ့ သွားလာတတ်သော နန်း အေးကြည်သည် ယခုမူ ဗိုးဗိုးဗပ်ဗပ် ဖြစ်လာသည်။

အစာကို ယခင်က လက်ဖက်ရည်တစ်ပန်းကန်လုံးမျှ မကုန်သော နန်းအေးကြည်သည် ထမင်းကို တအားတောင်း သည်၊ စားသည်။ စားလျှင် အမဲသား၊ ဝက်သားပါမှ စားသည်။ ငါးနှင့်ကျွေးသော် မစား။ ဟင်းသီးဟင်းရွက်နှင့် ကျွေးက ပန်းကန်ခွက်ယောက်ကို ဆွဲကိုင်လွှင့်ပစ်တတ်သည်။

တစ်အိမ်လုံးက သူမ ဗိုလ်ကျ စိုးမိုးလာသည်။ ပတ်ဝန်းကျင်က ပထမတော့ အံ့သြကြသည်။ နောက်တော့ နန်းအေးကြည်မိဘများကို လူကြီးသူမများက တောသဘာဝ ယုံကြည်ချက်ရှိကြသည့်အတိုင်း "နင့်သမီး သေနေပြီ၊ ယခု ဖုတ်ဝင်နေတာ၊ ဆရာပင့်ပြီး ပြကြည့်ပါလား" ဟု အကြံပြု ကြသည်။

နန်းအေးကြည်၏ မိခင်ဘခင်တို့သည် တောသူ တောင်သားတို့သဘာဝအတိုင်း ရိုးသားစွာ လက်ခံယုံကြည်ပြီး ရွာထဲရှိ ဆရာကို ပင့်၍ ပြသကြည့်ကြသည်။

နန်းအေးကြည်က ကြမ်းသည်။ ရမ်းလာသည်။ ပင့်ထားသောဆရာ အိမ်ပေါက်ဝင်လာကတည်းက–

"အောင်မာ၊ မတောက်တခေါက်ဆေးဆရာက ငါ့ကို လာလုပ်လို့ရမလား" ဟု အော်ဟစ်ပြောဆိုပြီး နီးရာနှင့် ကောက်ပေါက်တော့သည်။ ဆေးဆရာသည် နန်းအေးကြည် ပေါက်လွှတ်နေသော တုတ်၊ ပန်းကန်စသည်တို့ကို ဝေ့ကာ ဝိုက်ကာရှောင်ရင်း ဆရာဂုဏ်ပြုပြီး လူနာကို ကြိမ်းဝါးပြောဆို သည်။

သို့သော် နန်းအေးကြည်က ပိုကြမ်းလာသည်။ ပိန်ညောင်ရိုး နန်းအေးကြည်၊ လူမမာ နန်းအေးကြည်၊ အားခွန်ဗလနှင့်ပြည့်စုံသော လူသန်လေးပမာ အိမ်ပေါ်မှ ဆင်းပြေးပြီး ဆေးဆရာကို နပန်းဝင်လုံးပါတော့သည်။

မိဘဆွေမျိုးတွေက ဝိုင်းဝန်းဆွဲ ထိန်းသိမ်းပေးရသည်။ ဆရာခမျာ ဘာမျှမတတ်နိုင်။ ဘီလူးသရဲစီးနေသည်။ သူ့ကို ငါမနိုင်ဟုဆိုကာ ရသောဒဏ်ရာကို စုပ်တသပ်သပ်နှင့် ရွတ်ဆို ပွတ်သပ်ရင်း ထွက်ပြေးခဲ့ရသည်။

ဤအမျှ အခြေအနေဆိုးလာသော နန်းအေးကြည် ဘဝရောက်လာ၍ မိဘတို့လည်း ဘာလုပ်ရမှန်းမသိ ဖြစ်လာ သည်။

နန်းအေးကြည်၏ဖခင် အရှင်မုနိန္ဒ၏ ဦးလေးတော်သူ ဦးစပ်ဝဏ္ဏသည် အရှင်မုနိန္ဒထံ ရောက်လာသည်။ မျက်ရည်စက်လက်နှင့်-

"အရှင်ဘုရားရဲ့ မမလေးဘဝကို ကြည့်ရှုကယ်မပါဦး ဘုရား" ဟု လျှောက်ထားပြီး အကြောင်းစုံလျှောက်ထားသည်။

"ကိုယ်တော် ဒါဆို အရှင်ဘုရားအစ်မ သရဲဖုတ်ကောင် ဝင်ပူးနေတာ၊ တပည့်တော်တို့ ပရိတ်နှင့်ပဋ္ဌာန်နိယ ကမ္မဝါ ရွတ်ကြည့်ရအောင်"

အနားတွင်ဝိုင်း၍ နားထောင်နေသော အတူပါသော သံဃာငါးပါးအနက် အရှင်ထောမိတက အကြံပေးလျှောက်ထားသည်။

"ဟုတ်တယ် ကိုယ်တော်၊ တပည့်တော်တို့ ခြောက်ပါးတောင်ပဲ၊ သံဃာအင်္ဂါလဲ စုံနေတာလဲ၊ ရွတ်ကြည့်ကြရအောင်။ ဒါဆို ရိုးရိုးရောဂါလား၊ ပယောဂလားဆိုတာ ကွဲပြားသွားတာပေါ့"

ပါလာသောသံဃာထဲမှ ဦးဘာသိတက အကြံထပ်မံပြုပြန်သည်။

"သားတို့ ကယ်ပါဦး၊ သမီးကလေးဘဝက ကြည့်ရက်စရာ မရှိလို့ပါဘုရား"

ဦးစပ်ဝဏ္ဏက တောင်းပန်လျှောက်ထားပြန်သည်။

"ပရိတ်ကတော့ တပည့်တော်တို့ ရကြတယ်၊ ပဌာနေ်ယကမ္မဝါက ပါမလာတော့ ဘယ်လိုလုပ်မလဲ"

အရှင်မုနိန္ဒက ခပ်လေးလေးနှင့် မိန့်ကြားသည်။

"ကိုယ်တော် မခက်ပါဘူး၊ ရွာဦးကျောင်းမှာ ရှိမှာပေါ့၊ မရှိလဲ ညောင်ပင်သာအရှေ့ကျောင်းမှာ ရှိနိုင်ပါတယ်၊ အဲဒီကို လူလွှတ်ပြီး ဆရာတော်ဦးအာသဘထံက ခဏလျှောက်ထား ယူနိုင်းတာပေါ့"

အရှင်ထောမိတ၏ အကြံဉာဏ်အတိုင်း စီမံပြီး ညနေတွင် ပရိတ်ရွတ်၊ ကမ္မဝါဖတ်ပေးမည်။ ပရိတ်ချည်၊ပရိတ်သဲ၊ ပရိတ်ရေ စီမံထားဖို့ ဒါယကာကြီးဦးစပ်ဝဏ္ဏကို မှာထား လွှတ်လိုက်သည်။ ဦးစပ်ဝဏ္ဏမှာ ဝမ်းသာအားရနှင့် ပြန်သွားသည်။ အိမ်အရောက်တွင် ဦးပဥ္စင်းမှာကြားသည်တို့ကို အသင့်လုပ်သည်။ သမီးကိုလည်း တောင်းသမျှလိုက်လျောပြီး လုပ်ပေးသည်။ ကျွေးသည်။

ကြွလာသောသံဃာ(၆)ပါးတွင် အရှင်ထောမိတသည် ဝါကြီးမထေရ်ဖြစ်၍ သူ၏အစီအမံအတိုင်းပင် ပရိတ်ကမ္မဝါ ရွတ်ချိန်ကို သတ်မှတ်အချိန်ပေးကြသည်။ ပဌာနေ်ယကမ္မဝါ ကလည်း ရွာဦးကျောင်းတွင် မရ၍ ညောင်ပင်သာဘူတာရွာ အရှေ့ကျောင်းသို့ အချိန်မီ လှည်းဖြင့် သွားယူနိုင်းသည်။

ကမ္ဘဝါလည်းရပြီး ညနေဘက် သတ်မှတ်ချိန်ရောက်လာသည်။ သံဃာတော်ခြောက်ပါးသည် သင်္ကန်းများ အသင့်ရုံပြီး ဦးစပ်ဝဏ္ဏအိမ်သို့ကြွလာသည်။

သံဃာတော်ခြောက်ပါး အိမ်ခြံထဲဝင်လာကတည်းက နန်းအေးကြည်သည် ဖောက်တော့သည်။ သောင်းတော့ မသောင်းကျန်းချေ။

"ငါ့မောင်လေးတွေ ကြွလာပြီတော့။ ငါ့မောင်လေးတွေက ခေါင်းပြောင်ပြောင်လေးတွေနဲ့ ချောမှချောသတော့" ဟု ရယ်မောပြီး ဆီးပြောသည်။ ကြွလာသောသံဃာများ အနက် အရှင်မုနိန္ဒအပါအဝင် သုံးပါးက ပြုံးပါသည်။ သံဃာတော်သုံးပါး ပြုံးသည်ကို မြင်သွားသော နန်းအေးကြည်က–

"ငါ့မောင်လေးတွေက ပြုံးစိစိနဲ့တော့၊ သီလလေးတွေကလဲ မစင်ကြယ်ကြဘူး။ အာပတ်ကလေးတွေနဲ့တော့။"

သာမန်မိန်းကလေး နန်းအေးကြည်က သီလတွေ၊ အာပတ်တွေ ပြောလာ၍ ကြွသွားကြသော သံဃာတော်ခြောက်ပါးသည် အနည်းငယ်တော့ ကြောက်လန့်စိုးရိမ်ဖြူသွားမိကြသည်။

"အိမ်ပေါ်ခင်းထားသောနေရာသို့ ဣန္ဒြေရပြပင်ကြွသွားကြသည်။ နန်းအေးကြည်သည် သံဃာများကို ကြည့်လိုက် ရယ်လိုက် ပြောလိုက်လုပ်နေသည်။ တားမရ၊ ငေါက်မရ။

"တပည့်တော်တို့ ဒေသနာကြားပြီးမှ ပရိတ်ကမ္မဝါ ရွတ်မှ သင့်မယ်ထင်တယ်"

ထေရ်ဝါအကြီးဆုံး ဦးတောမိတက အကြံပြုသည်။

သံဃာတော်ခြောက်ပါးသည် သဘောတူကြပြီး အသီးသီး ဘုရားစင်ရှေ့တွင် ဒေသနာ ကြားကြသည်။ နန်း အေးကြည်ကတော့ ဆက်လက်သရော်မြဲပြောမြဲပင် ဖြစ်သည်။

သံဃာတော်တို့သည် နန်းအေးကြည် သရော်ပြောနေ သည်ကို ဂရုမစိုက်ကြတော့ဘဲ မိမိတို့၏ အစီအစဉ်အတိုင်း သမန္တာရွတ်ပြီး နတ်ပင့်သည်။ သမ္ဗုဒ္ဓေါက္ကဋ္ဌိပဋ္ဌာဖြင့် စည်းချ ကြသည်။

စည်းချပြီးသောအခါ နန်းအေးကြည်သည် သရော်မှု ပြောဆိုမှု ငြိမ်သွားပြီး သံဃာတော်များကို တင်ပလ္လင်ခွေ ချိတ်ထိုင်ပြီး စိုက်ကြည့်နေသည်။

သံဃာတော်များက ပရိတ်တွင် မေတ္တသုတ်ကို အရင် ရွတ်ဖတ်ကြသည်။ သံဃာတော်များသည် ပရိတ်တော်ကို တစ်သုတ်ပြီးတစ်သုတ် လူနာအပေါ်မေတ္တာထားပြီး သမာဓိ တရား တည်ကြည်စွာဖြင့် ရွတ်နေကြသည်။

အာဋာနာဋိယသုတ်အပြီးတွင် နန်းအေးကြည်သည် မျက်လုံးပြူးကာ တုန်လှုပ်ချောက်ချားလာသည်။ နတ်ပူးသလို

တစ်ကိုယ်လုံး တုန်လှုပ်နေသည်။ မျက်ရည်များ တတွေတွေ ကျနေသည်။ စကားကို လုံးဝမပြောတော့။

သံဃာတော်များက ကမ္မဝါစာကို ဆက်လက်ဆောင်ရွက်သည်။ အမိန့်တော်ပြန်ကြသည်။

"တပည့်တော်မကို သနားကြပါဘုရား၊ တပည့်တော်မ စားချင်လို့ လုပ်တာပါဘုရား၊ တပည့်တော်မ ပြန်ပါမယ်ဘုရား"

နန်းအေးကြည်က အသံ စူးစူးဝါးဝါးဖြင့် အော်သည်။

"ငါတို့ သံဃာတော်များက ပင့်ဖိတ်၍ ရောက်လာကြသောနတ်များတို့ ဤသူမကို ငါတို့စီစစ်စရာ ရှိသေး၍ ငါတို့ ကမ္မဝါစာဖတ်ပြီးသည့်အထိ ချုပ်ထားကြကုန်"

ထေရ်ဝါကြီး အရှင်ထောမိတက မိမိသံဃာ အာဏာတော်ဘက်က နိုင်လာသည်ကို သတိပြုမိပြီး အထက်ပါအတိုင်း အာဏာတော်ထုတ်ပြန်ကာ ပဋ္ဌာနဒေသနာကမ္မဝါကို ဆက်လက်သရဇ္ဈာယ်နေကြသည်။

ကမ္မဝါအဆုံးတွင် နန်းအေးကြည်သည် မျက်ရည်များကျပြီး တလှုပ်လှုပ်ဖြင့် တုန်နေပါသည်။

"အသင် မည်သူလဲ၊ ဘာကြောင့် ဒီကလေးမထံ ပူးဝင်ပြီး နှိပ်စက်နေရသလဲ"

"တပည့်တော်မ စားရမဲ့ သောက်ရမဲ့ဖြစ်နေတဲ့ ပြိတ္တာ သရဲမပါဘုရား။ တပည့်တော်မ စားချင်လို့ လုပ်မိတာပါဘုရား။ တပည့်တော်မ နောက်ကို မလုပ်တော့ပါဘူးဘုရား။ ခွင့်လွှတ်ပြီး ပြန်ခွင့်ပေးပါဘုရား"

"အေး၊ ငါတို့ကလဲ နင့်ကို သနားသည်။ နင်သည် အတိတ်ဘဝကလဲ မကောင်းတာလုပ်ခဲ့၍ ယခု စားရမဲ့ သောက်ရမဲ့ ပြိတ္တာသရဲ ဖြစ်နေသည်။ ယခုတစ်ဖန် အကုသိုလ် လုပ်ပြန်သည်။ ဒီကပြောင်းလျှင် နင် ငရဲသို့ သွားရတော့မည်။ သို့အတွက် နင် အကုသိုလ် မလုပ်နဲ့တော့။ နင့်ဘဝကို နင် ထိန်းပြီး တရားကိုစောင့်ပါ။ ယခု နင် ဘာစားချင်သေးလဲ ကျွေးမယ်"

အရှင်ထောမိတ တရားဟော မိန့်ကြားသည်။

"တပည့်တော်မ ဘာမှ မစားလိုတော့ပါဘုရား"

"ကောင်းပြီ၊ နင် နောက်ကို ဒီကလေးမကို အနှောက်အယှက် မပြုတော့ဘူးဆို ကတိပြုပါ။ ပြီးတော့ နင်ပြုထားတဲ့ ရောဂါတွေပါ ပြန်ယူသွား ဟုတ်လား"

"တင်ပါ့ဘုရား၊ ကတိပြုပါတယ် ဘုရား"

"အေး ဒါဆို သွားတော့"

ထိုခဏမှာဖင် သရဲမပြိတ္တာသည် ထွက်သွားပါသည်။

နန်းအေးကြည်သည် မျက်စိကလယ်ကလယ်နှင့် မိဘတွေရော ရဟန်းသံဃာတော်များကို ကြည့်ကာ-

"မေမေ၊ သမီးဘာဖြစ်နေသလဲ၊ သမီးအခု စိတ်ကြည်လင်လိုက်တာ" ဟု အားရပါးရ ပြောကြားပြီး သံဃာတော်များကို ရှိခိုးသည်။

အရှင်ထောမိတက နန်းအေးကြည်ကို ပရိတ်ရေ တိုက်သည်။ ပရိတ်ချည်ကို လက်ဖွဲ့လုပ်ကာ ချည်ပေးထား လိုက်သည်။

ထိုအခါကျမှ မိဘနှစ်ဦးမှာ ဝမ်းသာဝမ်းနည်း ငိုကြွေးကြပြီး သံဃာတော်များကို အထပ်ထပ်ကျေးဇူးတင်ပြီး ရှိခိုးကြသည်။

နောက်နေ့ ဆွမ်းကပ်ကြသည်။ သံဃာတော်များသည် ထိုရွာတစ်ရွာလုံး အန္တရာယ်ကင်းအောင် ပရိတ်ရွတ်ပေးခဲ့ ကြသည်။ ပဋ္ဌာဇနိယကမ္မဝါစာ ဖတ်ပေးခဲ့ကြသည်။

နန်းအေးကြည်သည် ထိုမှနောက် ကျန်းမာလာကာ ယခုအခါတွင် သားသမီးရတနာတို့ဖြင့် ထွန်းကားပြီး သားတစ်ဦး ပဉ္စင်းဘဝရောက်သဖြင့် ရဟန်းမယ်တော် ဒေါ်နန်းအေးကြည် ဘဝသို့ပင် ရောက်ခဲ့ရလေပြီ။

ပြိတ္တာသရဲတို့ဘဝကား စားရမဲ့ သောက်ရမဲ့ သနား စရာ ကောင်းသော်လည်း ရတနာသုံးပါး မမြဲသူတို့ဌ ဤကဲ့

သို့ပင် အခွင့်အခါကြုံက ဝင်ရောက်ပူးကပ် စားသောက်တတ်ကြသည်။ ထိုပြိတ္တာတို့ကိုနိုင်သည်မှာ သံဃာတော် အမိန့်ပြန်တမ်းခေါ် ဤပဗ္ဗာဇနီယကမ္မဝါစာပင် ဖြစ်သည်။

***

# ပဗ္ဗာ ဇနီယကမ္မဝါစာ နှင့် ကျတ်သရဲနီရဲ

ကျွန်မတို့ ဖွားမြို့ဆိုတဲ့မြို့ရဲ့ အရှေ့တောင်ထောင့်မြို့နှင့် (၄)မိုင်အကွာလောက်မှာ အမရဝတီဆိုတဲ့ မြို့ဟောင်း ရှိပါတယ်။ မြို့ကတော့ ဘုရင့်နောင်မင်းတရားကြီး တည်သွားတဲ့မြို့လို့ ရှေးရိုးအစဉ်အဆက်ပြောပါတယ်။ ကေတုမတီ၊ ဇေယျဝတီ၊ အမရဝတီဆိုတာ ရှေးက ထင်ရှားတဲ့မြို့ကြီးများ လို့ ဆိုပါတယ်။

မှန်ပါလိမ့်မယ်။ ယခုထက်ထိ မြို့လေးထောင့်မှာ စေတီဟောင်းလေးဆူ တည်ရှိနေပါတယ်။ ကေတုမတီ၊ ဇေယျဝတီတို့က ယခုထက်တိုင် ထင်ရှားရှိနေပေမယ့် အမရဝတီကတော့ လူသူကင်းဆိတ်တဲ့ မြို့ပျက်ကြီးဖြစ်နေပါပြီ။

ဒီမြို့ဟောင်းရဲ့ အရှေ့ဘက်မှာကတော့ ဥတ်သျှစ်ခင်ဆိုတဲ့ ကျေးရွာရှိပြီး မြို့ဟောင်း မြောက်ဘက်မှာတော့ ကျောက်တိုင်ဆိုတဲ့ရွာ ရှိပါတယ်၊

ကျောက်တိုင်ဆိုတဲ့ရွာကတော့ မွန်၊ မြန်မာ၊ အနှစ်(၄၀)စစ်ပွဲကာလက နယ်ခြားသတ်မှတ်တဲ့ရွာ၊ အင်္ဂလိပ်မြန်မာ ဒုတိယစစ်ပွဲအပြီးမှာ အထက်မြန်မာပြည်၊ အောက်မြန်မာပြည်

နယ်ခြားသတ်မှတ်တဲ့ ရွာဖြစ်ပြီး နယ်ခြား ကျောက်တိုင် သတ်မှတ်တဲ့ရွာမို့ ကျောက်တိုင်ရွာလို့ ခေါ်ကြောင်း ရှေး လူကြီးသူမ အစဉ်အဆက် မှတ်သားရပါတယ်။

ကျွန်မက ကျောက်တိုင်သူပါ။ ကျွန်မခင်ပွန်းက ရွှေဘို နယ် ညောင်ပင်သာကနေ အောက်ပြည်အောက်ရွာမှာ လာပြီး လယ်ကူလီလယ်သူရင်းငှားလာလုပ်ရင်း ကျွန်မနှင့်အိမ်ထောင် ကျခဲ့သူပါ။

ကျွန်မတို့အိမ်ထောင်ကျတော့ အမရပူရမြို့ဟောင်း ဘေး လယ်ယာတွေမှာ အဖေအမေကအမွေပေးလို့ ကျွန်မ တို့ လယ်လုပ်ခွင့်ရပါတယ်။ အဲဒီမြို့ဟောင်းဘေး တောစပ် မှာပဲ လယ်ယာတဲထိုးပြီး ကျွန်မတို့နေထိုင်ကာ လယ်လုပ် ကြပါတယ်။

ကျွန်မတို့ လယ်လုပ်တဲ့ကွင်းကို မြက်နီကွင်းလို့ခေါ်ပြီး ကွင်းပိုင်ကြီးက ဦးနီရဲလို့ ခေါ်ပါတယ်၊ ကွင်းပိုင်ကြီးဆိုတာက လူသားမဟုတ်ပါဘူး၊ ဤကွင်းကို အပိုင်စားရသော ကွင်းပိုင် ကြပ်သရဲကို ပြောတာပါ၊ ကျောက်တိုင် ဥတ်သျှင်ခင်ရွာက လူတွေက ဒီကွင်းပိုင်ကြီးကို ကြောက်ကြပါတယ်၊ လေးစား ရိုသေကြပါတယ်၊ လယ်ယာလုပ်ငန်း ဆင်းတိုင်း ကွင်းပိုင် ကြီးကို တင်မြှောက်ပသပြီးမှ လုပ်ကြရပါတယ်။

ကျွန်မခင်ပွန်း ရွှေဘိုသားက ဒီကွင်းပိုင်ဆိုတာ မယုံပါဘူး၊ လယ်ယာဆင်းတိုင်း ကွင်းပိုင်ကိုတင်ဖို့ ကျွန်မ ပြောတာကို လက်မခံပါဘူး၊ ကွင်းပိုင်က မြွေတွေနှင့်ပြတယ်၊ သူကရိုက်သတ်ပစ်တယ်၊ ကွင်းပိုင်ကညဥ့်အချိန် အိမ်လာပြီး အိုင်တိုင်ကို လှုပ်ပြတယ်၊ သူကကော်တုတ်ဆဲပြီး လှုပ်တဲ့တိုင်ကို ဓားနှင့်လိုက်ခုတ်တယ်၊ ကျွန်မကတော့ အလွန်ကြောက်ပါတယ်၊ ကြောက်လို့ အိပ်ရာဝင်တိုင်း ဘုရားရှိခိုးပြီး ကွင်းပိုင်ကြီးကို အမျှဝေပြီး တောင်းပန်ပါတယ်၊ ကျွန်မယောကျ်ားအမိုက်အမဲကို ဗွေမယူဖို့ အမြဲမေတ္တာပို့ပြီး တောင်းပန်ပါတယ်။

အဲဒီနောက် အိမ်ကိုတော့ လာဒုက္ခမပေးတော့ပါဘူး၊ သူ့ကိုတော့ မြွေပြတာတို့၊ အရိပ်နိမိတ်ပြတာကို့ လုပ်ပါတယ်၊ အဲဒီလိုပြတိုင်း ကျွန်မယောကျ်ားက ဆဲဆိုပြီး နီးရာနှင့် ကောက်ပေါက်တာပါဘဲ။

သူ့ကံလေးက မြင့်နေတော့ ကြပ်သရဲနီရဲလည်း ဘာမျှ မတတ်နိုင်ဘူးထင်ပါရဲ့။ ပြီးတော့ လူကြမ်းတော့ နတ်ကြမ်း မခံနိုင်တာ ဆိုသလို သရဲဦးနီရဲ လက်လျှော့သွားဟန်တူပါ တယ်။ သမီးဦးလေးမွေးသည်အထိ ဘာမျှအနှောက်အယှက် မရှိတော့ပါဘူး။

သမီးလေး သုံးနှစ်သမီးအရောက်မှာ ပြဿနာစပေါ် တော့တာပါဘဲ။

သမီးလေးဟာ ညညလန့်ပြီ ထအော်တယ်၊ ငိုတယ်၊ နေ့လည်ကတော့လည်း တမှိုင်မှိုင်တတွေတွေဖြစ်လာတယ်၊ အစားအစာလဲ စားတဲအခါစားပြီး မစားတဲ့အခါ မစားဘူး၊ အစားမမှန်ဘူးပေါ့။

ကျွန်မတို့က ပထမတော့ သာမန်ကလေးရောဂါလို့ ထင်ခဲ့ပါတယ်။ နောက်တော့ ညညကလေးလန့်မှု၊ အော်ငိုမှုက ခဏခဏဖြစ်လာတော့ ကျွန်မသံသယဝင်လာပါတယ်။

ရွာပြန်ပြီး အမေအဖေကို ပြောပြအကြံဉာဏ်တောင်း ရပါတယ်။ ရွာကဆေးဆရာကို ပြရပါတယ်။ ဆရာက သင့်ရာ ဆေးပေးပါတယ်။

ကလေးက ရွာမှာနေရင်ကောင်းတယ်။ လယ်တဲပြန် ရောက်လာရင် ပြန်ဖြစ်ပြန်တယ်။

နောက်တော့ ညောင်ပင်သာဘူတာရွာက ပယောဂ ဆရာတစ်ယောက်နှင့် ပြရပါတယ်။ ဆရာက "ပယောဂရှိတယ်၊ ကွင်းပိုင်လုပ်ထားတယ်၊ သူ့ကို ပ,သပူဇော်လိုက်ပါ"လို့ မှာတယ်။ ကလေးအဖေက အစဉ်အလာ ဖြစ်သွားလိမ့်မယ်၊ မပူဇော်ဘူးဆိုပြီး ကွင်းပိုင်ကို ဆဲဆိုပြီး "မင်းနေတဲ့နေရာကို သိလို့ကတော့ ကောက်ရိုးပုံပြီး မီးရှို့သတ်မယ်"လို့ ကြိမ်းဝါး နေတာပဲ။

ကျွန်မက တောင်းပန်ပြောလည်း မရဘူး။ "ငါ့သမီး သာ သေအောင်လုပ်ကြည့်၊ မင်းငနီရဲ့ကို လက်စားချေပြမယ်"

သရဲကို လူက ကြောက်ရတယ်ဆိုတာ ဟုတ်ကို မဟုတ်ဘူး။ နာနာဘာဝကသာ လူကို ကြောက်ရတာကွ"လို့ ပြောပြီး ကြပ်သရဲနီရဲ့နေတဲ့ နေရာကို စုံစမ်းရှာဖွေတယ်။ သူမားကိုင် စောင့်နေတဲ့အချိန် ဘာမျှမဖြစ်ပေမယ့် သူမှေးကနဲ အိပ်ပျော်ချိန်မှ ကလေး လန့်လန့်အော်တော့တာပါပဲ။

သူက ဓားကြိမ်းကြိမ်းပေမယ့် တစ်ဘက်သူကို မြင်ရ တာမဟုတ်ပါဘူး။ တစ်ဘက်သူက ကမ္ဘာ့ဇီဝွိတန်ခိုးရှိတဲ့ နာနာ ဘာဝ တစ္ဆေသရဲဆိုတော့ ပကတိမျက်စိနှင့် မမြင်နိုင်ပါဘူး။ ကြားက သမီးကလေး ဒုက္ခရောက်မှာကို ကျွန်မအလွန် စိုးရိမ်ကြောက်လန့်လာမိပါတယ်။ ကျောက်တိုင်ပြန်ပြီး ဖေဖေ မေမေတို့ကို တိုင်ပင်ရပါတယ်။

ဖေဖေက ပရိတ်ကမ္ဗဝါရွတ်ပြီး သမီးငယ်ကို ပရိတ် ချည် အရံအတားလုပ်ဖို့ ပြောပါတယ်။

အဲဒါနဲ့ ကျွန်မမိဘတွေက ရွာကဆရာတော်နှင့် တိုင်ပင်ပြီး ရွာကဆရာတော်၊ ဥတ်သျှစ်ခင်ဆရာတော်၊ အုန်းပင်စုဆရာတော် စတဲ့ သံဃာတော်ငါးပါး ပင့်ပြီး ဆွမ်းကျွေး ပရိတ်နာပါတယ်။ သမီးရဲ့အဖြစ်အပျက်ကိုလည်း

ဆရာတော်ကို လျှောက်ထားပါတယ်။ ဥတ်သျှစ်ခင်ဆရာတော်က ပဋ္ဌာနကျမ်းဝါရှိ ကမ္မဝါစာရွတ်ဖတ်ရန် မိန့်ကြားပါတယ်။

ဆွမ်းကျွေးရန် စီမံကတည်းက ကြပ်သရဲနှောက်ယှက်မှုက ပိုမိုပြင်းထန်လာပါတယ်။ ကလေးဟာ တငိုငို တရီရီနဲ့ အိပ်ကို အိပ်ကိုအိပ်မရတော့ပါဘူး၊ ဆရာတော်တွေကြွလာခါနီးမှာ ကလေးဟာ တက်မတတ် သတိမေ့မတတ်ကို ဖြစ်ရပါတယ်။ ဆရာတော်တွေ ကြွလာတော့ အနည်းငယ် ငြိမ်သွားပါတယ်။

ဆရာတော်များဟာ ဆွမ်းမစားခင် ပရိတ်ချည်၊ ပရိတ်သဲများစီမံပြီး ပရိတ်ကို အရင်ရွတ်ဖတ်သရဇ္ဈာယ်ပါတယ်။ စည်းချုပ်ဂါထာဆိုတဲ့ သမ္ဗုဒ္ဓေ ဇိနပဉ္စရဂါထာဆိုတဲ့ ဂါထာတွေ ရွတ်ကတည်းက ကလေးဟာ တုန်တုန်ခိုက်ခိုက် ဖြစ်နေပါတယ်။

ကျွန်မလည်း တအားကြောက်လန့်ပြီး ဥတ်သျှင်ခင် ဆရာတော်ရှေ့သို့ ကလေးကို ချထားပေးမိလိုက်ပါတယ်။ ဆရာတော်က ကလေးကို ပရိတ်ချည် ရစ်ပတ်ထားပေးပြီး နတ်များပင့်ဖိတ်ကာ မေတ္တာပရိတ်ကို စတင်ရွတ်ဖတ်ပါတယ်။

ပရိတ်ရွတ်ဖတ်ပြီးတော့ သမီးလေးဟာ ဆရာတော်များရဲ့ရှေ့မှာ ငြိမ်သက်နေပါတယ်။

ဆရာတော်များက ပဗ္ဗာဇနီယကမ္မဝါစာကို ရွတ်ဖတ်ဖို့ အမိန့်စာပြန်ပါတယ်။ အဲဒီအချိန်မှာပဲ ပရိတ်တရားလာနာတဲ့ ရွာက မကျင်ပြုးကို ဝင်ပူးပြီး–

"တပည့်တော် သွားပါတော့မယ်ဘုရား။ တပည့်တော် ကြောက်ပါပြီဘုရား" လို့ အသံနက်ကြီးနှင့် အော်တော့တာ ပါပဲ။

အဲဒီအချိန်မှာပဲ ဥတ်သျှစ်ခင်ဆရာတော်ဘုရားက–

"သက်ဆိုင်ရာပုဂ္ဂိုလ်များ သူ့ကိုချုပ်ထားဦး၊ မလွှတ် နဲ့ဦး၊ တို့မေးစရာရှိတယ်" လို့ မိန့်ကြားတယ်။

ပြီးတော့ ဆရာတော်က–

"သင် ဘယ်သူလဲ၊ ဘာပြုလို့ ကလေးကို ဒုက္ခပေး နေရသလဲ" ဟု ဆက်မေးပါတယ်။

"တပည့်တော် ကွင်းပိုင်နီရဲပါဘုရား။ ကလေးအဖေက တပည့်တော်ကို မတင်မပြောက် မလေးမစားလုပ်လို့ ကလေး ကို လုပ်တာပါဘုရား"

"အေး . . . မင်း အတိတ်ဘဝကလဲ အကုသိုလ်တွေ များလို့ ခုသရဲဖြစ်နေရတယ်၊ ယခုလဲ အကုသိုလ်တွေ လုပ်ပြန်ပြီ မင်း ဒီကတစ်ဖန်သွားရင် ငရဲကျတော့မှာဘဲ၊ အကုသိုလ် အမှုတွေ မလုပ်ပါနဲ့"

ဆရာတော်က တရားကို တော်တော်ရှည်ရှည် ဟော ပါသည်။ ဆရာတော် တရားစကားအဆုံး၌ ကြပ်သရဲနီရဲ သည် မျက်ရည်တွေတွေကျပြီး " နောက်မလုပ်တော့ပါဘူး" ဟု ဝန်ခံပြီး ထွက်သွားပါတယ်။

ဆရာတော်များက ကျွန်မတို့အိမ်ကို ပဋ္ဌာဇနိယ ကမ္မဝါစာ ဆက်လက်ရွတ်ဖတ်ပြီး အရံအတား ပြုလုပ်ပေး ပါတယ်။ ကြပ်သရဲနီရဲနှင့် ဝေမာနိက ပြိတ္တာများကိုလည်း အမျှပေးဝေစေပါတယ်။

"ဟဲ့ ဖိုးချစ်ရဲ့၊ ရွှေဘိုသားမိုက်တယ် ဆိုတာကလဲ နေရာတကာ မိုက်လို့ မသင့်ဘူးကွဲ့၊ ဒီနေရာမျိုးဟာ မိုက်လို့ ရတဲ့ ကိစ္စမဟုတ်ဘူး၊ ကိုယ်က ရတနာသုံးပါးမြဲပြီး မေတ္တာထား ရတယ်၊ မေတ္တာပို့ရတယ်။ ကုသိုလ်အဖို့ဘာဂ အမျှပေးဝေ ရတယ်၊ ဒါမှ သူတို့လဲ ကောင်း၊ ကိုယ်လဲအန္တရာယ် ကင်းတာကွယ့်။ မင်းဟာက ကိုယ်က ရတနာသုံးပါးမမြဲ၊ မေတ္တာမပွားဘဲ ဒေါသချည်းထားလေတော့ ကြားက ကံနိမ့်သူ ကလေးခံရတာပေါ့။ လိမ္မာပါကွယ် တပည့်တို့ရယ်"

ဆရာတော်ဘုရားက အထက်ပါအတိုင်း ကျွန်မ ခင်ပွန်းကို ဩဝါဒစကားပေးပါတယ်။

ကျွန်မလည်း ထိုအချိန်မှစ၍ ဆရာတော်အမိန့်အတိုင်း သူ့ကို တင်မြှောက်ပေးပါတယ်။ ကုသိုလ်အဖို့ဘာဂကိုလည်း အမျှဝေပါတယ်။ မေတ္တာလည်း ပို့ပါတယ်။

ထိုအချိန်မှစပြီး ကျွန်မတို့အိမ်နှင့်မိသားစုတွင် ဘာမျှ အန္တရာယ်မပေါ်တော့ဘဲ ချမ်းမြေ့စွာ လယ်ယာကို လုပ်ကိုင်နိုင်ပါတော့တယ်။ လယ်ယာလုပ်ငန်းလည်း အထွက်တိုးပြီး စီးပွားတိုးတက်ခဲ့ပါတယ်။

ပဋ္ဌာန်းနိယ ကမ္မဝါတန်ခိုးနှင့် သံဃာတော်များ၏ အာဏာစက်တန်ခိုးသည် တကယ်ပင် ထက်မြက်လှကြောင်း ကျွန်မလက်တွေ့မို့ ယုံကြည်အားကိုးပြီး ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးကို ရှေးကထက်ပိုပြီး ရှိခိုးပူဇော် ကြည်ညိုသဒ္ဓါပွားလာပါတော့တယ်။

* * *

# ပုဏ္ဏကတိုက်နှင့် ပဗ္ဗာ ဧနိယကမ္မဝါစာ

ကျွန်မခင်ပွန်းဟာ အစိုးရဌာနတစ်ခုမှ အရာရှိတစ်ဦးပါ။ ဌာနနှင့်ကျွန်တဲ့ပုဂ္ဂိုလ်တွေ ဂုဏ်သိက္ခာငဲ့ပြီး ဘယ်ဌာနဆိုတာကိုတော့ မပြောပါရစေနဲ့တော့။

ကျွန်မခင်ပွန်းဟာ ဘာသာတရား အလွန်ကိုင်းရှိုင်းပြီး နေ့စဉ်ထာဝရ သီလဆောက်တည်သူပါ။ သားသမီး၊ သားမယားအပေါ်မှာ မေတ္တာစေတနာအပြည့်အဝနှင့် လင့်ဝတ္တရားငါးပါးနှင့်အညီ စောင့်ရှောက်သလို သူ့ရုံးက သူ့လက်အောက်က တပည့်သားတွေအပေါ်မှာလည်း ရင်ဝယ်သားကဲ့သို့ ကျောသားရင်သား မခွဲခြားဘဲ စီမံအုပ်ချုပ်သူပါ။

အဲဒီလို မေတ္တာစေတနာ အပြည့်အဝထားတဲ့အတွက် တပည့်သားမြေးများကလည်း သူတို့ဆရာအပေါ် ယုံကြည်ကြပါတယ်။ ရိုသေလေးစားမြတ်နိုးကြပါတယ်။ ချစ်ကြောက်ရိုသေကြပါတယ်။

လူ့ဘဝဆိုတာက ကိုယ်က ဘယ်လိုပဲကောင်းကောင်း အတိတ်ဘဝက အကုသိုလ်ကံဟောင်းပါလာလျှင်တော့ အဲဒီအကုသိုလ်ကံက အကျိုးပေးခွင့်ကြုံလာလျှင်တော့ ပုဂ္ဂိုလ်သတ္တဝါဟူသမျှ ပြုသမျှခံကြရစမြဲပါ။

တစ်နေ့မှာတော့ ကျွန်မခင်ပွန်းဘဝ ဘဝနိဂုံးချုပ်ရမယ့် ပြဿနာက ပေါ်လာပါတယ်။ သူ့လက်အောက်က တပည့်တစ်ယောက်ဟာ ပြင်ပစီးပွားရေးသမားတစ်ယောက်ရဲ့ လှည့်ပတ်ဖြားယောင်းမှုကို ခံရပြီး ငွေသောင်းချီတဲ့ အလွဲသုံးစားမှုတစ်ခု ကျူးလွန်မှု ဖြစ်လာပါတယ်။

အဲဒီခေတ် အဲဒီအခါက ငွေတစ်သောင်းဆိုတာ အိမ်တစ်လုံး မြေတစ်ကွက် ကောင်းကောင်းဝယ်နိုင်တဲ့ ကာလပါ။ ရွှေတစ်ကျပ်သားမှ ရာထောင်ရှိတဲ့ ကာလပါ။

ကျွန်မခင်ပွန်းရဲ့တပည့်ကလဲ စီးပွားရေးသမားရဲ့ လှည့်စားချက်ကို ပကတိရိုးသားစင်ကြယ်မှုဟု ထင်ခဲ့ပါတယ်၊ အဲဒီလို ထင်ခဲ့လို့လဲ သူ့အထက်က အရာရှိဖြစ်တဲ့ သူ့ဆရာ ကျွန်မခင်ပွန်းကို လက်မှတ်ထိုးခိုင်းပါတယ်။ ကျွန်မခင်ပွန်းကလည်း တပည့်ရိုးသားမှုကို အစဉ်လက်ခံလာခဲ့တဲ့ ဆရာဆိုတော့ တပည့်အပေါ် ယုံကြည်ပြီး လက်မှတ်ထိုးပေးလိုက်တယ်။

အဲဒီလိမ်လည်မှုကြီးဟာ တစ်ပတ်အတွင်းပေါ်လာပြီး ပါဝင်ပတ်သက်သူ အားလုံးကို သက်ဆိုင်ရာက ဆွဲတော့တာပါပဲ။

ကျွန်မခင်ပွန်းဟာ သူ ဒီလိုခံရတော့ သူ့ဘဝကို သူ တရားနဲ့ဖြေရှာပါတယ်။

"ငါ့ဘဝမှာ အစစအရာရာ စင်ကြယ်ခဲ့ပါတယ်။ အတိတ်က မစင်ကြယ်ခဲ့လို့ ဝဋ်ကြွေး ဆပ်ရတာပါ။ ငါ့ဘဝကို ငါဖြေပါတယ်။ မင်းလဲ မင်းဘဝကိုဖြေပါ။ ဒီအမှုဟာ ထောင် တစ်သက် သေဒဏ်ကျနိုင်တဲ့အမှု မဟုတ်ပါဘူး။ ဒါပေမယ့် ငါ့သားသမီးလေးတွေ ငါ့အတွက် မျက်နှာငယ် သွားရတာ အရှက်ရသွားရတာကိုတော့ ငါဝမ်းအနည်းဆုံးပဲ ဖိငယ်"

အချုပ်ကို သွားတွေ့သောကျွန်မကို သူက ဤသို့ တရားချပါတယ်၊ ကျွန်မက သူ့တရားကို လက်ခံပါတယ်။ သို့သော် ခံစားရသော ဝမ်းနည်းချက်ကတော့ တားမရပါ။ သူတော်ကောင်းကြီးအတွက် ဖြစ်ရလေခြင်းဟု ယူကြုံးမရ ဖြစ်ကာ ငိုကြွေးခဲ့ရပါတယ်။

တရားရုံးထုတ် အမှုစစ်ဆေးနေစဉ်မှပဲ ကျွန်မခင်ပွန်းက ကျွန်မကို ကျွန်မဆွေမျိုးသားချင်းတွေရှိရာ အပေါင်သို့ သွားရောက်နေထိုင်ဖို့နှင့် သူ၏ဘဏ်စုငွေကို ထုတ်ယူပြီး အပေါင် ပတ်ဝန်းကျင်မှာ အိမ်မိုးတဲ့ တောင်ထန်းခြံ ဒူးရင်းခြံ ဝယ်ပြီး ရောင်းဝယ်စားဖို့ ဒီလိုဘဝဇာတ်မြုပ်မှ သူ့သားသမီး လေးတွေ မျက်နှာမငယ်ရမှာ ဖြစ်ကြောင်း၊ ဟိုမှာ ခြံဝယ် ဖို့လဲ သူ့ရဲ့ သူငယ်ချင်းအရာရှိနှင့် စီစဉ်ထားကြောင်း ပြောပါတယ်။

ကျွန်မခင်ပွန်း အမှုစစ်ဆေးစဉ်မှာပဲ ထိုသူငယ်ချင်းက ကျွန်မနဲ့လာတွေ့ပြီး အားပေးစကားပြောပါတယ်။ ခြံအတွက်လည်း စီစဉ်ထားပြီးဖြစ်ကြောင်း လာပြောပါတယ်။

ကျွန်မခင်ပွန်း အမှု စီရင်ချက်ချမည့်နေ့မှာ တရားခွင်က ကျွန်မခင်ပွန်းဟာ ကျွန်မတို့ မိသားစုကို တစ်ချက်စိုက်ကြည့်ပြီး စီရင်ချက် ဖတ်နေသော တရားသူကြီးကို အတန်ကြာ ငေးစိုက်ကြည့်ရင်း အရုပ်ကြိုး ပြတ်သလို တရားခွင်မှာ ခွေလဲကျသွားပြီး အသက်ပါ ပါသွားပါတော့တယ်။

"စိတ်ထိခိုက်ပြီး နှလုံးလေဖြတ်ကာ အသက်ပါ ပါသွားသည်"ဟု ဆိုကြပါတယ်။

ကျွန်မလည်း ကျွန်မခင်ပွန်း ကိစ္စဝိစ္စ အားလုံးပြီးစီးသောအခါ ကျွန်မကိုယ်တိုင်ကလည်း ပတ်ဝန်းကျင်မှာ နေလိုသောစိတ် မရှိတော့ပါ။ ကျွန်မခင်ပွန်းပြောထားခဲ့သလို ကျွန်မဂုဏ်သိက္ခာ ကျွန်မသားသမီးလေးတွေရဲ့ ဂုဏ်သိက္ခာမျက်နှာမငယ်ရလေအောင် ကျွန်မခင်ပွန်းရဲ့မိတ်ဆွေ ကိုထွန်းအောင် စီစဉ်ပေးတဲ့အတိုင်း အပေါင်မြို့နယ်ရှိ ဝယ်ယူထားသော ဒူးရင်းခြံသို့ ပြောင်းရွှေ့ခဲ့ရပါတယ်။

ကျွန်မတို့ ဝယ်ယူထားတဲ့ ဒူးရင်းခြံ၊ တောင်ထန်းခြံကြီးများဟာ ကျယ်ဝန်းလှပါတယ်။ ခြံကြီးအလယ်မှာ ကျွန်မ

တို့နေရတဲ့ အိမ်ကလေးကလည်း ကျွန်မတို့မိသားစုအတွက် အသင့်တော်ဆုံး အိမ်ကလေးဖြစ်ပါတယ်။

ခြံထဲကျွန်မတို့ စဝင်လာကတည်းက အေးကနဲစိမ့်ကနဲ ဖြစ်ပြီး ကြက်သီးထမိပါတယ်။ ကျွန်မကတော့ စိမ့်စမ်းသဘော ကြောင့်အေးသည် စိမ့်သည်ဟု ထင်ခဲ့ပါတယ်။

ကျွန်မတို့မိသားစု ပတ်ဝန်းကျင်ခပ်လှမ်းလှမ်းမှာနေတဲ့ ခြံအလုပ်သမားမိသားစု နှစ်ဦးသုံးဦးနှင့်အတူ ဒီခြံကြီးဝယ်နေရ သည်မှာ ညဥ့်အချိန်ဆို တိတ်ဆိတ်ပြီး ကြောက်စရာပင် ကောင်းလှပါတယ်။

အိပ်ရာမဝင်ခင် အာလာဒင်မီးရောင်ကြောင့် နေသာ ထိုင်သာ ရှိပေမယ့် အိပ်ရာဝင် မီးမှိတ်လိုက်တဲ့အခါ ပတ်ဝန်းကျင်က မှောင်မည်းတိတ်ဆိတ်ပြီး ကြောက်စရာ ကောင်းလှပါတယ်။

ကျွန်မတို့ ရွှေ့ပြောင်းလာတာက ခုံးမျက်စသုံးရက်လ အချိန်ဖြစ်လို့ လကလေးက မှုန်ဝါးဝါးသာနေတော့ တော်ပါ သေးတယ်။

ကျွန်မတို့ အိပ်ရာဝင်ပြီး ၁၁ နာရီကျော်လောက်မှာ အိမ်ခေါင်မိုးသွပ်ပြားပေါ်ကို ခဲသုံးလေးလုံးကျသံ ကြားလို့ ကျွန်မလန့်နိုးလာပါတယ်။ ခဲလုံးများ ဆက်တိုက်မကျပါ။ ၁၅-မိနစ်နေမှ တစ်ခါလောက်ကျပါတယ်။

ဒုတိယအကြိမ် ခဲကျတော့ ကျွန်မ ကိုယ့်ကိုယ်ကို သတ္တိမွေးပြီး လက်နှိပ်ဓာတ်မီးနဲ့ အိမ်အောက်ဆင်းပြီး ပတ်ဝန်းကျင်ကို ဓာတ်မီးနဲ့ထိုးပြီး ခဲပစ်သူကို ရှာဖွေကြည့်မိပါတယ်။ မတွေ့ပါ။

ဘာဖြစ်လို့ ခဲနဲ့ပစ်ရသလဲ၊ တို့ကို မကျေနပ်လိုလား။ ဒီခြံက ဘယ်လို အရှုပ်အရှင်းများ ရှိပါသလဲ။

ကျွန်မအတွေးပေါင်းစုံတွေးပြီး အိမ်ပေါ်ပြန်တက်ခဲ့ရပါတယ်။ ကျွန်မအိမ်ပေါ်အရောက်မှာ ခဲကျလာပြန်တယ်။ သားကြီးနဲ့ သမီးငယ်တို့လည်း လန့်နိုးလာပြီး ကျွန်မထံ ပြေးဖက်ကြပြီး "မေမေ - ဘာဖြစ်တာလဲ၊ သမီးတို့ ကြောက်တယ်၊ ကြောက်တယ်" ဟု ပြောပြောဆိုဆို ငိုကြပါတယ်။

ကျွန်မမှာ ဘာလုပ်ရမှန်း မသိပါ။ ကိုယ်တိုင်ကလဲ ကြောက်နေမိပါတယ်။ ကိုယ်ကြောက်နေရင် သားသမီးတွေ အခြေအနေ ပိုဆိုးမှာစိုးလို့ ကိုယ့်ကိုယ်ကို သတ္တိမွေးပြီး သားနှင့်သမီးကို အားပေးရပါတယ်။ မကြောက်ဖို့ပြောရပါတယ်။

အာလာဒင်မီးကို ချက်ချင်းထွန်းပြီး အလင်းရောင်ရအောင် လုပ်ရပါတယ်။ မီးအလင်းရောင်ရလာတော့ (၁၁) နှစ်သားအရွယ် သားကြီးက အားရှိလာပြီး-

"မေမေ၊ ကျွန်တော့မှာ လောက်လေးခွနှင့် ဂေါ်လီလုံး တွေပါတယ်၊ ခဲပစ်တဲ့ဘက်ကို မှန်းပြီး ပြန်ဆော်ထည့်မယ်"

ဟုပြောကာ ပြူတင်းပေါက်တံခါးဖွင့်ပြီး လောက်လေး ကို အသင့်ကိုင်ကာ စောင့်နေပါတယ်။ မကြာခင် အိမ်ပေါ်သို့ ခဲကျလာပြန်ပါတယ်။

"ဟေ့- ခဲနှင့်ပစ်တာ ဘယ်ကောင်တွေလဲကွ၊ သတ္တိ ရှိရင် ထွက်ခဲ့ကြကွ"

သားက အော်ဟစ်ပြောပြီး လောက်လေးခွနှင့် ပတ်ဝန်းကျင်ကို ပစ်ပါတယ်။

"မောင်များ မကျွတ်မလွတ်ဖြစ်ပြီး သံယောဇဉ်တွယ် လိုက်လာသလား။ သူလိုက်လာကြောင်းကိုများ သတိပေးနေ သလား"

ကျွန်မစဉ်းစားမိပြီး သားကို ဆက်မပစ်ရန် တားမြစ်လိုက် ပါတယ်။ ကျွန်မတို့မိသားစု (၁၂)နာရီကျော်အထိ အာလာဒင် မီးရောင်အောက်မှာ တိတ်တိတ်ဆိတ်ဆိတ် စုဝေးနေရပါတယ်။ (၁၂)နာရီကျော်တော့ ခဲပစ်မှု မရှိတော့ပါ။ ကျွန်မတို့မိသားစု လည်း တစ်ညလုံး မီးထွန်းပြီး အိပ်ရပါတော့တယ်။

နောက်နေ့မိုးလင်းမှာ ကျွန်မက ခြံအလုပ်သမား တဲများဆီသွားပြီး အသက်ကြီးတဲ့ခြံလုပ်သားမွန်အမျိုးသား ကြီး ဦးကြီးစိန်ကို ညကအိမ်ကိုခဲနဲ့ပစ်ပုံကို ပြောပြပါတယ်။

"အဲဒါ လူပစ်လာမဟုတ်ဘူး၊ ပုဏ္ဏကတိုက်ပစ်တာ။ ဒီလိုပဲ ပစ်လို့ ပထမလူ၊ ဒုတိယလူတွေ မနေရဲကြလို့ ရောင်းပြီး ပြေးကြတာ။ ယခု သမီးတို့ရောက်လာတာ။ တို့အဖို့တော့ ဒီပုဏ္ဏကတိုက်ပစ်တာမို့ ရိုးနေပြီ"

မှန်အဘိုးကြီး ဦးကြီးစိန်က သိထားပြီး မဆန်းသော ပုံပြင်သဖွယ် ပြောပါတယ်။

"ပုဏ္ဏကတိုက်ပစ်တယ်ဆိုတာ ဘာလဲ ဘကြီး"

"ပုဏ္ဏကတိုက်တယ်ဆိုတာ ဆေးစီရင်ထားတာလို့ ပြောတာပဲ။ ငါတို့လဲ သေသေချာချာ မသိဘူး။ တို့ ဒီမရောက်ခင်က ဒီခြံက အမွေပြဿနာဖြစ်တယ်။ တစ်ယောက်နှင့် တစ်ယောက် ဆေးဝါးအစီအမံတွေနှင့် လုပ်ကြတယ်လို့ ပြောတယ်။ အဲဒီလူတွေလဲ မရှိကြတော့ဘူး။ ဒါပေမယ့် ဒီပုဏ္ဏကတိုက် ဆိုတဲ့ ခဲပစ်နေတာကတော့ ယခုထိ ရှိနေတာ ပဲလေ"

ပုဏ္ဏကတိုက်ဆိုတာ ကျွန်မဘဝတစ်သက် ကြားလဲ မကြားဘူးပါ။ သိလဲမသိပါ။ ဒီလိုဆို ဒီခြံကြီးဟာ ပြဿနာ ခြံကြီး ဖြစ်နေပါတယ်။ ပြဿနာခြံဖြစ်နေလို့လည်း ဈေးပေါပေါ နှင့် ရောင်းသွားကြခြင်းလည်း ဖြစ်ပါလိမ့်မယ်။

ကျွန်မ ဘာလုပ်ရမှန်း မသိတော့ပါ။ ဤခြံရောင်းပြီး ကျွန်မလည်း သင့်တော်ရာပြောင်းဖို့ စိတ်ကူးရပါတော့တယ်။

ခဲပေါက်တာဟာ ဒုတိယညလည်း ဆက်ဖြစ်ပါတယ်။ သားကလဲ လောက်လေးခွနှင့် တုံပြန်ပါတယ်။ ကျွန်မအဖို့ ဇာတ်လမ်း တစ်စိတ် တစ်ဝက်နှင့် ပြဿနာ ဇစ်မြစ်ကို သိထား၍ ကြောက်လန့်မှုကိုတော့ ထိန်းထားနိုင်ခဲ့ပါတယ်။

နောက်နေ့ တနင်္ဂနွေဖြစ်လို့ ကျွန်မခင်ပွန်းရဲ့ သူငယ်ချင်း ကိုထွန်းအောင်က ကျွန်မတို့ မိသားစုအခြေအနေ သိရအောင်ဆိုပြီး လာပါတယ်။ သူ့ဇနီးမိသားစုလည်း ပါလာပါတယ်။ ကျွန်မ ကိုထွန်းအောင်ကို တွေ့ရလို့ အားလည်း ရှိသွားပါတယ်။

ကျွန်မက ဖြစ်စဉ်အကျိုးအကြောင်း ပြောပြတော့ ကိုထွန်းအောင်က ဒီကိစ္စတွေ သူလည်း ,စောစောက မသိကြောင်း။ သူ့မိတ်ဆွေထံမှတစ်ဆင့် ဤခြံကို ဈေးချို၍ သူ့ သူငယ်ချင်းဖြစ်တဲ့ ကျွန်မခင်ပွန်းအတွက် ကူညီတဲ့အနေနဲ့ ဝယ်ပေးကြောင်း ပြောပြပါတယ်။ မနေလိုက သူပင် ပြန်ရောင်းပေးမည်။ ရွှေ့လိုတဲ့နေရာကို ပြောပါ။ သူစီစဉ်ပေးမည် ဟု ပြောပါတယ်။

"ညီမကို ကိုယ်တစ်ခုမေးမယ်။ ညီမ ဒီခြံကို သဘောကျသလား"

ကိုထွန်းအောင်ဇနီး မမမြက မေးပါတယ်။

"ခြံကိုတော့ သဘောကျပါတယ်၊ ဒါပေမယ့် ဒီလို အနှောက်အယှက်တွေနဲ့ဆိုတော့ ကျွန်မမှာက မိန်းမသားကလဲ ဖြစ်ပြန်၊ သားသမီးကလေးတွေနဲ့ဆိုတော့ ရှေ့ရေးကို ရင်လေးတယ် မမမြရယ်"

"ဒါဆို ဒီလိုလုပ်။ ဒီကိစ္စ မမက အတွေ့အကြုံရှိတယ်။ ကြုံလဲကြုံဖူးတယ်။ ပုဏ္ဏကတိုက်တယ်ဆိုတာက အောက်လမ်းဆရာတွေက တစ္ဆေသရဲတွေမွေးပြီး စေခိုင်းတာ။ တစ်ဖက်လူက တစ်ဖက်လူ မနေနိုင်အောင်၊ အောက်လမ်းဆရာဆိုတဲ့ ဆရာတွေနဲ့ပေါင်းပြီး ဆေးစီရင်ပြီး တစ္ဆေသရဲပြိတ္တာတွေကို ခဲနှင့်ပေါက်ဖို့ စေခိုင်းတာ။ အဲဒါကို ပုဏ္ဏကတိုက်တယ်လို့ ခေါ်တယ်။ ငါ့ညီမက ဗုဒ္ဓဘာသာပဲ။ ရတနာသုံးပါးလဲ ယုံကြည်တာပဲဟာ။ တစ္ဆေသရဲကို ပြန်နိုင်ဖို့ဆိုတာက အထက်လမ်းဆရာမှ နိုင်တာတဲ့"

"ဒီအထက်လမ်းဆရာ ဆိုတာကိုလဲ ဘယ်မှာ သွားရှာလို့ လွယ်မလဲ"

"အလွယ်ဆုံးရှိသားပဲ၊ ညီမတို့ မမတို့ကိုးကွယ်ဆည်းကပ်နေတဲ့ သံဃာတော်တွေ၊ အဲဒီသံဃာတော်တွေရဲ့ ဓမ္မစက် အာဏာစက်ဖြစ်တဲ့ ပရိတ်တရားတွေ၊ ပဋ္ဌာန်နိယဆိုတဲ့ ကမ္မဝါစာတွေ ရှိနေတာပဲ။ အဲဒါတွေဟာ ဒီတစ္ဆေသရဲ မြေဘုတ်ဘီလူးတွေကို နိုင်တာပဲ။ အဲဒီတော့ ညီမ ဒီအိမ်မှာ

အိမ်တက်မင်္ဂလာ ဆွမ်းမကျွေးရသေးဘူး မဟုတ်လား၊ အိမ်တက်မင်္ဂလာ ဆွမ်းကျွေးလုပ်ရင် ပဗ္ဗာဇနီယ ကမ္မဝါပါ ဆရာတော်သံဃာတွေကို ရွတ်ဖတ်ခိုင်းပေါ့။ ဒါဆို ဒီ အန္တရာယ် ကင်းရမှာပေါ့"

ကိုထွန်းအောင်ဇနီး မမမြက သူ့ဘဝအတွေ့အကြုံနှင့်တကွ အကြောင်းစုံကို ပြောပြပါတယ်။ ကိုထွန်းအောင်ကလည်း ဤသို့ပြုလုပ်ရန် သဘောတူ တိုက်တွန်းပါတယ်။ ကျွန်မလည်း သဘောတူပါတယ်။ ကိုထွန်းအောင်က ဒီကိစ္စဆောင်ရွက်နိုင်ရန် မမမြကို နေခဲ့စေပြီး သူကတော့ နောက်နေ့ ရုံးတက်ရမည်ဖြစ်လို့ ပြန်သွားပါတယ်။ နောက် စနေကျမှ သူလာခေါ်မည်ဟု ပြောသွားပါတယ်။

ကျွန်မလည်း မမမြစီမံသည့်အတိုင်း အိမ်တက်မင်္ဂလာ ဆွမ်းကျွေးဖို့ အားခြင်းစီမံပါတယ်။ မမမြကပဲ စီမံပြီး သံဃာ ငါးပါး ပင့်ပါတယ်။

ဆွမ်းကျွေးဖို့စီမံတဲ့ညမှာပဲ ခဲပေါက်မှုက ဖြစ်ပေါ်လာပါတယ်။ သားကတော့ ထုံးစံအတိုင်း မမမြသားနှင့် တစ်ယောက်တလဲ လှောက်လေးနှင့် ပစ်ပါတယ်။ မမမြကတော့-

"ဟဲ့- ပြိတ္တာတွေ၊ ဒီည အားရအောင်ပစ်ထားကြ၊ နက်ဖြန်တော့ နင်တို့သိစေမယ်၊ မသာတွေ၊ နင်တို့ကို အမျှ

ကို မဝေဘူးဟော့” ဟု အော်ကြီးဟစ်ကျယ်ပြောပြီး သူလုပ်စရာရှိသည်တို့ကို လုပ်နေပါတယ်။

ခြံလုပ်သားကြီး မွန်အမျိုးသား ဦးကြီးစိန်နှင့်သူ့ဇနီး ကလဲ ဂာရောက်ကူညီလုပ်ပေးလို့ ကျွန်မတို့တတွေ အားရှိနေကြပါတယ်။

နောက်နေ့မှာ သံဃာတော်ငါးပါးကို ဆွမ်းကပ်ပါတယ်။ ဆရာတော်များက အကြောင်းစုံ သိကြပြီးဖြစ်ကြလို့ စည်းချအရံအတားများ ရွတ်ဖတ်ပေးပြီး ပရိတ်ရွတ်ပါတယ်။ ပြီးလျှင် ပဋ္ဌာနဒီပနီယ ကမ္မဝါစာရွတ်ဖို့ စပါတယ်။

ထိုခဏမှာပဲ ဝေယျာဝစ္စလာလုပ်ပေးတဲ့ ဦးကြီးစိန်ရဲ့သမီးကြီးဟာ တုန်တုန်ယင်ယင်ဖြစ်လာပြီး လျှောက်ထားပြီး ဆရာတော်များကို ရှိခိုးပြီး–

“တပည့်တော်ကို နေရာပေးပါဘုရား၊ တပည့်တော်ကို နေရာပေးပါဘုရား၊ သွားပါမယ်၊ သွားပါမယ်”

ဟုဆိုကာ လျှောက်ထားပါတယ်။

ကျွန်မတို့တတွေမှာ အလွန် အံ့အားသင့်သွားရပါတယ်။

**“အေး– နင့်ကို နေရာပေးဖို့ နင်တို့ကို အုပ်ချုပ်တဲ့ ဝေဿဝဏ်နတ်မင်းကြီးကို ငါတို့ပြောကြားပေးမယ်။ ပြီးတော့ ဒီကပေးတဲ့ အလှူအဖို့ဘာဂ အမျှလဲယူသွား။ သင်**

## ပဗ္ဗာဇနီယကမ္မဝါစာ နှင့် ကညင်ပင်ဖုတ်သရဲ

ခဝဲမြောင်းရွာကလေးသည် ခဝဲမြောင်းချောင်း ကမ်းနဖူးတွင် တည်ရှိသည်။ ရွာထဲသို့ အရှေ့ဘက်ထိပ်မှဝင်လျှင် ထိုချောင်းကို ဖြတ်ကျော်ပြီးမှ ဝင်ရသည်။ ရွာထိပ်ရှိ ကညင်ပင်ကြီးသည် အဓိကရသစ်ပင်ကြီးဖြစ်သလို ထိုကညင်ပင်ကို ကြီးစိုးနေသော ဖုတ်ပြိတ္တာကြီးကလည်း အလွန်သောင်းကျန်းနာမည်ကြီးလှပါသည်။

ရွာလမ်းသို့ ဝင်လာပါက ထိုကညင်ပင်ဘေးမှ ဝင်ထွက်သွားလာရသည်။ ညဉ့်အချိန် ဖား၊ ငါးရှာသူများ ဖြတ်သွားပါက ပြောင်ပင် ဖားငါးကို လုယက်စားသည်။ အသားစိမ်း၊ ငါးစိမ်းကိုင်သွားပါက လက်မည်းကြီးနှင့် ဆွဲယူပြီး စားသောက်လေ့ရှိသည်။ သူ၏အပင်အောက်မှ နေ၍ ခဝဲမြောင်း၌ ငါးမျှားနေသူ ကလေးနှစ်ဦးသည်လည်း ဖုတ်ပြိတ္တာကြီးကို မြင်တွေ့ရပြီး ကြောက်လန့်ကာသေဆုံးရသည်။

ကညင်ပင်ဖုတ်သရဲ စားသည်ဟု လူအများက လက်ခံယုံကြည်လာကြပြီး နောင်တွင် ထိုအပင်ကို ဝေးဝေးကရှောင်ကြသည်။ ထို ကညင်ပင်ရှိရာနေရာသည် ကွက်လပ်ဖြစ်ပြီး ကျန်ရစ်သည်။

ခဝဲမြောင်းရွာသည် ရွာတည်စလည်းဖြစ်၊ အိုးအိမ်ကလည်း သိပ်မများသေး၍ ရွာဘုန်းကြီးကျောင်းကလည်း မရှိပါ။ လူအများကလည်း တောဓလေ့အတိုင်း လယ်ယာလုပ်၊ ဖားငါးရှာအလုပ်ဖြင့် အသက်မွေးဝမ်းကျောင်းပြုနေသူများ ဖြစ်ကြ၍ ဘာသာရေးကိုလည်း များစွာအလေး လက်ခံထားပြီး တောဓလေ့တောသူတောင်သားသဘာဝအတိုင်း စုန်း၊ နတ်၊ ကဝေ၊ တစ္ဆေ၊ သရဲ၊ ဖုတ်ပြိတ္တာ စသည်တို့ကို ယုံကြည်ပြီး ကြောက်လန့်သူများ ဖြစ်ကြသည်။

များမကြာခင် ထိုရွာသို့ တောင်တွင်းကြီးနယ်မှ ဦးဘခင်တို့မိသားစု ပြောင်းလာသည်။ အိမ်ဆောက်ရန် မြေနေရာရှာရာ ထိုကညင်ပင်အဝိုင်းကိုတွေ့၍ သဘောကျကာ အိမ်ခြံလုပ်ရန် ဦးဘခင် သဘောကျသည်။ ရွာသားများက ကညင်ပင်တွင် ဖုတ်သရဲရှိကြောင်း၊ ဖုတ်သရဲက ပြုစားပြီး သတ်ကြောင်း ပြောဆိုပြီး အိမ်မဆောက်ရန် ဦးဘခင်ကို တားမြစ်ကြသည်။ အခြားနေရာတွင် ဆောက်ရန်ပြောကြသည်။

ဦးဘခင်က လက်မခံ။ ဖုတ်သရဲ သူ့အပင် သူ့ဘာသာသူနေပေါ့၊ ကျုပ်ကို လာလုပ်လို့ကတော့ သူသေ၊ ကျုပ်သေ အပြတ်ကို ဆော်ထည့်လိုက်မှာ။

ဦးဘခင်က ဤသို့ပြောပြီး အိမ်ကို ဆောက်သည်။ ကညင်ပင်ရှိ ဖုတ်သရဲကိုလည်း ယနေ့မှစ၍ ရွာသူကြီးက

ဤမြေကွက်ကို ငါ့ကိုအပိုင်ပေးထား၍ ဤမြေကို ငါပိုင်ပြီ။ ဤသစ်ပင်ကိုလည်း ငါပိုင်ပြီ။ မင်းလဲ မင်းနေရာမှာ နေမြဲ နေပါ။ ငါ့ကို အနှောက်အယှက် မပေးနဲ့။ ငါကလဲ မင်းကို အနှောက်အယှက် မပေးဘူး။ မင်းဘက်က စည်းကမ်းဖောက် လာရင်တော့ ငါနဲ့အတွေ့ပဲဟု ကညင်ပင်အောက်သို့ သွားကာ အမိန့်ပြန်တမ်းထုတ်ကာ ခြိမ်းခြောက်စကား ဆိုလေသည်။

ညဘက်တွင် ဖုတ်သရဲကို ဦးဘခင်ကို ကိုယ်ထင်ပြသည်။ မျက်စိကြီးက နီရဲနေပြီး အလွန်ကြီးသည်။ တစ်ကိုယ်လုံး ကြောက်စရာ အမွှေးတွေနှင့် ပြည့်နေသည်။ လက်ခြေတို့က လည်း တုတ်ခိုင်မာပြီး ကြောက်စရာကောင်းသော အသွင် သဏ္ဌာန်ရှိသည်။

ဖုတ်ပြိတ္တာသည် ထိုအသွင်ဖြင့် ဦးဘခင်ကို ပြပြီး "သူ့ပိုက်နက်ထဲ အိမ်မဆောက်ဖို့ အိမ်ဆောက်က သတ်ဖြတ် စားသောက်မည်" ဟု ကြိမ်းဝါး ပြောဆိုသွားသည်။

ဦးဘခင်မှာ ကြောက်တတ်သူ မဟုတ်။ ဒီနာနာဘာဝ ကများ ငါ့လိုလူကို လာခြောက်လှန့်ရမည်လား၊ ကြိမ်းရမလား ဟုဆိုကာ ကညင်ပင်ကို ခုတ်လှဲမည်ဟု ပြန်လည် ကြိမ်းမောင်း ခဲ့သည်။

ဦးဘခင်တို့ အိမ်ဆောက်ပြီး၍ ပြောင်းသောညတွင် ဦးဘခင်ပိုင် နွားမဒန်းမလေးသည် တုန်တုန်ရီရီဖြစ်ပြီး ဘုန်းကနဲ

ပစ်လိုက်ရ သေဆုံးလေသည်။ မိသားစုက ကြောက်လန့်ကြသည်။ အိမ်မှာ မနေရဲကြတော့။ ဇနီးနှင့် သားငယ်သမီးငယ် (၃)ယောက်တို့သည် ညတွင်းချင်းပင် ဆွေမျိုးများအိမ် ပြောင်းရွှေ့နေကြတော့သည်။

ကညင်ပင်ဖုတ်သရဲ မင်းနဲ့ငါ တွေ့ကြရောပေါ့ကွာ၊ ဦးဘခင်သည် သားသမီးတို့ ရွှေ့ပြောင်းပြီးသောအခါ ဒေါသကြီးစွာဖြင့်-

"ဟေ့ကောင် ဘုတ်သရဲ မင်းကိုများ ငါကြောက်မယ်ထင်သလား၊ တောင်တွင်းသားကွ၊ မင်းက တန်ခိုးရှိတယ်ဆိုပြီး ငါ့ကိုလာစမ်းသလား၊ ငါကလဲ တန်ခိုးရှိတဲ့လူသားကွ၊ သိကြသေးတာပေါ့"

ဟုကြိမ်းဝါးပြီး ကညင်ပင်ကို မီးမပြတ်တိုက်ပါတော့သည်။ ကညင်ပင်ကို မီးတိုက်သောအခါ အပင်ပေါ်မှာ မိန်းမ၊ ကလေးငိုသံများ ကြားရသည်ဟု ဆိုပါသည်။

ဦးဘခင်သည် ထိုအပင်ကို မီးရှို့ပြီး ခုတ်လှဲရန် စီမံသည်၊ ခုတ်လှဲဖို့ လူရှာသည်။ မည်သူမျှ မခုတ်ရဲပေ။ မလှဲရဲပေ။

"ဘိုးခင်- မင်း ကြပ်ကြပ် သတိထား၊ ငါ့သားသမီးတွေ ဒုက္ခရောက်သလို မင်းလဲ ရောက်ရမယ်။ မင်းက ငါ့နေရာလဲ လာကျူးသေးတယ်။ ငါ့ကိုလဲ လာစော်ကားတယ်။ မင်းအလှည့်ကျရင်တော့ ခံပေတော့" ဟု ညတွင် ဖုတ်သရဲက ဦးဘခင်ကို အိပ်မက်လာပေးပြန်သည်။

ဦးဘခင်က အရေးမစိုက်။ မင်းလုပ်နိုင်ရင် လုပ်ပေါ့၊ လူဆိုတာ တစ်ခါသေစမြဲပဲဟု ဆုံးဖြတ်ပြီး ဖုတ်သရဲကို ရင်ဆိုင်ရန် ဆုံးဖြတ်ထားလိုက်သည်။

တစ်ပတ်လောက် ကြာသွားသည်။ ဖုတ်သရဲကလည်း ဦးဘခင်ကို ဘာမျှ ဆက်မလုပ်တော့။ ဦးဘခင်ကလည်း ကညင်ပင်လှဲရန် လူရှာမရ၍ မလှဲဖြစ်သေး။

ထိုကာလတွင် တောင်တွင်းကြီးမှ ဦးဘခင်သားချင်း ဦးလေးတော်ပြီး မန္တလေးမြင်းဝန်တိုက်၌စာချနေသောဘုန်းကြီး ဦးတိလောကသည် ညောင်ပင်သာအရှေ့ကျောင်း ဆရာတော် ဦးပညာဝံသထံ ကြွလာရင်း ဦးဘခင်ထံ ကြွလာသည်။

ဦးဘခင်ဇနီးက ဘုန်းကြီးဦးတိလောကကို အကျိုးအကြောင်းစုံ လျှောက်ထားသည်။ ဘုန်းကြီးဦးတိလောကက ဦးဘခင်ကို ခေါ်ယူဆုံးမကာ ကမ္မဇိဒ္ဓိတန်ခိုးရှိသော နာနာဘာဝများကို မယှဉ်ပြိုင်ဖို့၊ မေတ္တာထား ဗလိနတ်စာပေးဖို့၊ မိမိပိုင်နက်အတွင်း မနေစေလိုက ပဗ္ဗဇနီယကမ္မဝါစာနှင့် နှင်ပြီး နေရာပေးဖို့ အကြောင်းစုံ မိန့်ကြားသည်။

ဦးဘခင်သည် ထိုအခါကျမှ ဆရာဘုန်းကြီး၏ စကားကို လေးစားနားထောင်သောအားဖြင့် အန္တရာယ်ကင်း ပရိတ်ရွတ် အိမ်တက်မင်္ဂလာပွဲ ကျင်းပရန်နှင့် ပဗ္ဗဇနီယကမ္မဝါရွတ်ဖတ်နှင်ထုတ်ပြီး နေရာပေးရန် သဘောတူညီလေသည်။

ဦးဘခင်သည် ဘုန်းကြီးဦးတိလောကကို အားလုံး အပ်နှံပြီး အိမ်သစ်တက် ဆွမ်းကျွေးမင်္ဂလာ ပြုလုပ်ရန် ရက်ချိန်း သတ်မှတ် စီစဉ်သည်။ ဘုန်းကြီးဦးတိလောက ကလည်း အကြောင်းစုံ သိထားပြီးဖြစ်၍ ညောင်ပင်သာဆရာတော် ဦးပညာကိုအမှူးထားပြီး ကျောက်တိုင်ဆရာတော် ဦးပါမောက္ခ ဇေယျားလေးဆရာတော် ဦးဇဝနစသော ထေရ်ကြီးဝါကြီး ဆရာတော်များ အပါအဝင် သံဃာ(၇)ပါး ပင့်စေသည်။

ဆွမ်းများ ချက်ပြုတ်စီမံသောညတွင် ကညင်ပင် ဖုတ် သရဲသည် ခဝဲမြောင်းရွာထဲရှိ မောင်ခင်မောင်ဆိုသူထံ ဝင်ပူး ကပ်ကာ–

"ဘခင် ငါ့ကို နှင်ထုတ်ဖို့ လုပ်နေတယ်။ ဘိုးခင်ကို ငါမကျေဘူး။ ဘိုးခင်ကို ငါသတ်မယ်၊ ငါ့နေရာက မဖယ်ဘူး။ ဒီဘုန်းကြီးတွေက ဘယ်လောက်စွမ်းလို့လဲ။ ဘုန်းကြီးတွေပါ သတ်မယ်။ ဘခင်တို့ မိသားစုကိုလဲ သတ်စားမယ်။ ငါ့ကို နှင်မထုတ်ကြနဲ့"ဟု ကြိမ်းမောင်းလိုက် ငိုယိုလိုက်နှင့် ပြောပြ သည်။

ထိုအကြောင်းကို ဦးဘခင်ကို ခေါ်ပြောကြသည်။ ဦးဘခင်မိသားစုရော၊ ရွာသူရွာသားများကလည်း ကြောက် လန့်ကြသည်။ ဦးဘိုးခင်ကတော့ မကြောက်၊ တရားမနာရဲတဲ့ လူ မလာနဲ့ဟူ၍ပင် ပြောလွှတ်လိုက်လေသည်။

နောက်နေ့ နေ့ဆွမ်းကပ်သည့်အခါ ရွာသူရွာသား များက ညက ဖုတ်သရဲဝင်ပူး ကြိမ်းဝါးကြောင်းကို ဆရာတော်များကို လျှောက်ထားကြသည်။ ဆရာတော်များက မည်သို့မျှ မမိန့်ကြားဘဲ သံဃာ့ကိစ္စ လုပ်စရာရှိသည်ကိုသာ ဆက်လုပ်သည်။

ပထမဦးစွာ ငါးပါးသီလ ဆောက်တည်စေပြီး သံဃာတော်များက မေတ္တာသုတ်ကို ဦးစွာ ရွတ်ဖတ်ပြီးမှ မင်္ဂလသုတ်၊ အာဋာနာဋိယသုတ်၊ ပုဗ္ဗဏှသုတ်များကို ရွတ်ဖတ်ကြသည်။ ပြီးလျှင် ပဗ္ဗဇနီယကမ္မဝါစာဖတ်ရန် စီမံသည်။ ညောင်ပင်သာဆရာတော်ကြီးက–

"မောင်ဘိုးခင် ပိုင်ဆိုင်သော ဤခြံဝင်း၌ ဖုတ်ပြိတ္တာ၊ တစ္ဆေသရဲများနေထိုင်တာကို ကြိုက်သလား၊ မကြိုက်ဘူးလား" ဟု သုံးကြိမ်မေးသည်။

ဦးဘိုးခင်ကလည်း မကြိုက်ကြောင်း သုံးကြိမ် ဖြေသည်။ ဆရာတော်ကြီးက ဖုတ်ပြိတ္တာတစ္ဆေများကို အမိန့် ပြန်သည်။

"ဤအိမ်၌လည်းကောင်း၊ ဤအိမ်ပိုင်ရှင် ပိုင်ဆိုင်သော ဝန်းခြံ၌လည်းကောင်း၊ အသင် ဖုတ်၊ ပြိတ္တာ၊ တစ္ဆေ၊ ဘီလူး၊ သရဲတို့ နေထိုင်သည်ကို အိမ်ရှင်ဝန်းရှင်တို့က မကြိုက် မနှစ်သက် မလိုလားကြပါ။ ငါတို့ သံဃာတော်များကလည်း

မလိုလား မနှစ်သက်ပါ။ သင်တို့သည် ဝေဿဝဏ်နတ်မင်းကြီးထံ ခွင့်တောင်းခံ၍ သင့်နေရာမှာ ရွှေ့ပြောင်းနေကြစေ"။

ဆရာတော်က ဤသို့ အမိန့်ပြန်တမ်း ထုတ်ပြီးနောက် သံဃာတော်များက ပဗ္ဗဇနီယကမ္မဝါစာကို ဆက်လက် ဖတ်ကြားကြရလေသည်။

ထိုအချိန်မှစ၍ ခဝဲမြောင်းရွာကလေးဝယ် ကညင်ပင် ဖုတ်သရဲနှင့် ဦးဘိုးခင်တို့ ပြဿနာသည် ငြိမ်းအေးသွားသည်။ ဦးဘိုးခင်သည် ဘုရားတရားမြဲပြီး ဥပုသ်သီတင်း ဆောက်တည်ကာ နာနာဘာဝများကို အမြဲ မေတ္တာပို့ အမျှပေးဝေခဲ့သည်။

ဦးဘိုးခင်သည် ခဝဲမြောင်းရွာကလေးတွင် အေးချမ်းစွာ နေထိုင်လုပ်ကိုင် စားသောက်ခဲ့ရာ တဖြည်းဖြည်း စီးပွားတက်လာခဲ့သည်။ ၁၉၅၀ ခုနှစ် ပြည်တွင်းစစ်ကာလတွင် ရွာပျက်၍ ညောင်ပင်သာဘူတာရွာသို့ ပြောင်းရွှေ့နေထိုင်ခဲ့သည်။

*****

# ပရိတ်နှင့် ပဋ္ဌာန ဓနိယကမ္မဝါစာ အကျိုး ကျွန်ုမ ဂုဏ်ယူမိပါသည်

ကျွန်မသည် မိမိကိုယ်ကို ဗုဒ္ဓဘာသာအဖြစ်ကို ထိုနေ့က အတိုင်းမသိသော ဝမ်းသာကြည်နူးမှုဖြင့် ဂုဏ်ယူမိပါသည်။

ကျွန်မတို့ မြန်မာနိုင်ငံမှနေပြီး စင်္ကာပူနိုင်ငံသို့ လာရောက်ပြီး အလုပ်လုပ်နေသည်မှာ သုံးနှစ်ကာလ ရှိခဲ့ပါပြီ။

ကျွန်မ ခင်ပွန်းက စင်္ကာပူရှိ စက်ရုံတစ်ရုံတွင် စက်ရုံမှူး လုပ်နေပြီး ကျွန်မကလည်း တစ်ဘက်တစ်လမ်းကနေပြီး အချိန်ပိုင်းတုန်း လသာတုန်းဗိုင်းငင် သဘောဖြင့် စင်္ကာပူနိုင်ငံ မြို့လယ်ရှိ နာမည်ကြီး အယ်လီဇဘက် ဟိုတယ်ကြီး၌ အဝတ်အစား ပြင်ဆင်ရေးဌာနတွင် ဝင်ရောက်လုပ်ကိုင်ခဲ့ပါသည်။

ဤ ဟိုတယ်တွင် ဗုဒ္ဓဘာသာဝင်ဆို၍ ကျွန်မ တစ်ယောက်သာရှိပါသည်။ ကျန်ဝန်ထမ်းများမှာ အကြီးအကဲမှ အစ အားလုံး အခြားဘာသာဝင်တွေ များပါသည်။ သူတို့ ဘာသာဆိုင်ရာပွဲတော်များတွင် ကျွန်မတက်ရောက်ခွင့် မရှိခဲ့ပါ။

တစ်နေ့သောအခါတွင် ဟိုတယ် တယ်လီဖုန်းဌာနမှ အမျိုးသမီးငယ်တစ်ဦးသည် ဟိုတယ်အပေါ်ထပ်မှ ခုန်ချ၍ ကိုယ့်ကိုယ်ကို သတ်သေသွားခဲ့ပါသည်။

ထို အမျိုးသမီးငယ်မှာ ဗုဒ္ဓဘာသာ တရားတော်အရ ကျွတ်လွတ်မှု မရှိဘဲ ဤဟိုတယ် တယ်လီဖုန်းဌာနတွင် ညဥ့်အချိန် သောင်းကျန်းပါတော့သည်။ တယ်လီဖုန်းခုံများမှာ ရွှေ့လျားစက်ခုံများဖြစ်၍ ညဥ့်အချိန်တွင် ဖုန်းခုံများ ရွှေ့လျားပြီး အသံများ အမြဲမြည်နေတတ်ပါသည်။

ပထမတော့ စက်ချွတ်ယွင်းသည် ထင်ကြ၍ စစ်ဆေးကြည့်ကြပါသည်။ စက်များမှာ မချွတ်ယွင်းပါ။ ကောင်းနေပါသည်။ သို့သော် အချိန်ကျလာလျှင် တယ်လီဖုန်းများ နှောက်ယှက်မှုသည် ပေါ်လာပြန်သည်။ တဖြည်းဖြည်း ဝန်ထမ်းများပင် ကြောက်လန့်လာပြီး တယ်လီဖုန်းကိုင်ရ၊ လုပ်ရ ပြောရမည်ကို ကြောက်လန့်လာကြပါသည်။

တယ်လီဖုန်းမြည်လာ၍ ကောက်ကိုင်လိုက်ပါက တစ်ဘက်က ဆက်သွယ်မှု မပေါ်လာဘဲ ပျောက်သွားသည်။ ဖုန်းပြန်ချလိုက်ပါက ဖုန်းသံက ပြန်မြည်လာပြန်သည်။

တစ်ခါတစ်ရံ စကားပြောရာတွင် အသံတွေ ရှုပ်ရှုပ်ထွေးထွေး နားမလည်သော အသံဖြင့် ပြောပါသည်။

သို့အတွက် ဤပြဿနာကို ဟိုတယ် အကြီးအကဲများသည် အမျိုးမျိုး ဖြေရှင်းကြပါသည်။ မိမိတို့ ဘာသာရေးအရလည်း ပြုလုပ်ဆောင်ရွက်ကြပါသည်။ လုပ်၍ မရကြပါ။

တယ်လီဖုန်းသရဲက သောင်းကျန်းမြဲ သောင်းကျန်း နေပါသည်။ နောက်ဆုံး မည်သို့မျှ လုပ်၍မရသောအခါ ဗုဒ္ဓဘာသာ ဘုန်းတော်ကြီးများကို ပင့်ဖိတ်ပြီး ဗုဒ္ဓဘာသာ နည်းအရ ပြုလုပ်ရန် ဟိုတယ်အုပ်ချုပ်ရေးအဖွဲ့မှ ဆုံးဖြတ် ကြပါသည်။

ထို ဆုံးဖြတ်ချက်အရ ဟိုတယ်ကြီးကြပ်ရေးအဖွဲ့သည် မြန်မာနိုင်ငံမှ စင်္ကာပူနိုင်ငံသို့ လာရောက် သာသနာပြုနေသော စင်္ကာပူဆရာတော်နှင့်တကွ သံဃာတော်များကို ပင့်ဖိတ်ရန် စီမံကြသည်။

ဆရာတော်၏ တပည့်သာဝကများနှင့် ဆက်သွယ်ပြီး ဟိုတယ်တွင် ပရိတ်၊ ကမ္မဝါရွတ်ဖတ်ပေးရန် ဆရာတော်များကို ပင့်ဖိတ်ကြသည်။

စင်္ကာပူဆရာတော်သည် သံဃာတော် (၆)ပါးနှင့်အတူ ဟိုတယ်သို့ ကြွလာပါသည်။

ကျွန်မသည် ဟိုတယ်အုပ်ချုပ်ရေးအဖွဲ့မှ စင်္ကာပူ ဆရာတော်အပါအဝင် သံဃာတော်ခြောက်ပါး ပင့်ဖိတ်ရန်

စိမ်သည်ကို မသိပါ။ ဆရာတော်များ ဟိုတယ်သို့ ကြွလာသည်ကို မြင်မှ အံ့သြနေမိရပါသည်။

ဆရာတော်များ ဘာပြုလို့ ဟိုတယ်ကြွလာပါလိမ့်၊ ဆွမ်းစားပင့်ရအောင်လဲ ဒီဟိုတယ်က ဗုဒ္ဓဘာသာဝင်တွေ ဦးစီးတဲ့ ဟိုတယ် မဟုတ်ဘူး။ ခရီးသွားဖို့အတွက် ယာယီလာတည်းခိုသလား။

ကျွန်မသည် အတွေးအခေါ် "သလား"များဖွားနှင့် စဉ်းစားရင်း ဆရာတော်များ နောက်မှ လိုက်ပါသွားမိပါသည်။

ကျွန်မစိတ်ထဲတွင်လည်း နိုင်ငံရပ်ခြားဒေသ၊ ကျွန်မအလုပ်လုပ်နေသော နေရာဌာနသို့ ယခုကဲ့သို့ သံဃာတော်များ စုစုဝေးဝေး ကြွလာပြီး ယခုလို စုစုဝေးဝေး ဖူးတွေ့လိုက်ရသဖြင့် အံ့သြခြင်းနှင့်အတူ ဝမ်းမြောက်ဝမ်းသာလည်း ခံစားမိသွားရပါသည်။

ဆရာတော်များ သီတင်းသုံးရာ ဆွမ်းကပ်ရာ ဟိုတယ်ခန်းမကို ကျွန်မ လိုက်သွားပြီး ဆရာတော်များကို ရှိခိုးဦးချကန်တော့ရပါသည်။

ကျွန်မသည် ဆရာတော်များကို ဖူးရသည်မှာအားမရသေး၍ အလုပ်ဌာနခွင် ခဏပြန်သွားပြီး လက်ထောက်

ကို မှာသင့်သည်များ မှာကြားပြီး ဆရာတော်များထံ ပြန်တက်လာခဲ့ပါသည်။

ဗုဒ္ဓဘာသာဆိုင်ရာ နားလည်သော ပုဂ္ဂိုလ်များ ဖိတ်ကြားထားဟန် တူပါသည်။ ထို ပုဂ္ဂိုလ်များကပင် သံဃာတော်များ ဝေယျာဝစ္စကို ဆောင်ရွက်ကြပါသည်။

စကၠာပူဆရာတော်အပါအဝင် သံဃာတော်များသည် ဆွမ်းကပ်ပြီးသောအခါ ဟိုတယ်အပေါ်ထပ်မှ ခုန်ချသတ်သေခဲ့သော တယ်လီဖုန်းအော်ပရေတာ မိန်းကလေးကို သွားရောက်ဖိတ်ခေါ်စေပါသည်။

ဗုဒ္ဓဘာသာထုံးစံအရ ငါးပါးသီလ ခံယူစေပြီး ပရိတ်မေတ္တာ ရွတ်ဖတ်ပေးပြီး ထိုမိန်းကလေးကို နာမည်ခေါ်ကာ အမျှပေးဝေစေပါသည်။ ထို့နောက် ဤဟိုတယ်တွင် နောက်နောင် သရဲတစ္ဆေ အနှောက်အယှက် မပေါ်ရအောင်ဟုဆိုကာ ပဋ္ဌာနဇနီယကမ္မဝါစာ ဖတ်ကြား ချီးမြှင့်ပေးတော်မူကြပါသည်။

ဆရာတော်များ ပရိတ်ကမ္မဝါစာ ဖတ်ပြီးသည့်ညမှစ၍ တယ်လီဖုန်းသရဲမလေး၏ ချောက်လှန့်မှုသည် လုံးဝ မပေါ်လာတော့၍ ဟိုတယ်အုပ်ချုပ်ရေး အကြီးအကဲများလည်း အလွန် အံ့ဩဝမ်းမြောက် ကျေနပ်ကြပါသည်။

ဟိုတယ်လက်ထောက် မန်နေဂျာမက ကျွန်မကို–

" မသန္တာရေ မင်းတို့ မြန်မာဘုန်းကြီးတွေက သရဲကို သိပ်နိုင်တာပဲနော်၊ မင်း ဗုဒ္ဓဘာသာဖြစ်ရတာ သိပ်ကံကောင်းတာပဲ " ဟု အားပါးတရ လက်ဆွဲနှုတ်ဆက်ပြီး ပြောပါသည်။ ယခင်က ဗုဒ္ဓဘာသာဖြစ်ရသည်ကို သိမ်ငယ်သည်ဟု ထင်မြင်မိခဲ့သော ကျွန်မသည် ယခုတော့ ဗုဒ္ဓဘာသာဖြစ်ရခြင်းက ဂုဏ်ယူမဆုံး ပီတိတပြုံးပြုံးနှင့် ဖြစ်နေရပါတော့သည်။

(စင်္ကာပူနိုင်ငံ အယလီဇဘက်ဟိုတယ်မှ မသန္တာ၏ ပြောပြချက်ကို ပြန်လည် ရေးသားတင်ပြအပ်ပါသည်။)

*****

## ထူးဆန်းထွေလာ ပဗ္ဗာဇနီယကမ္မဝါစာ ကိုယ်တွေ့ဖြစ်ရပ်မှန်

၁၃၅၇ ခုနှစ်၊ နယုန်လဆန်း (၁၂)ရက်နေ့ည၊ (၁၁)နာရီခွဲအချိန် ဖြစ်သည်။ တစ်ကျောင်းလုံး အိပ်မောကျနေသည့်အချိန် ဖြစ်သည်။ ထိုအချိန်တွင် ကျောင်းအောက်ထပ်မှ တယ်လီဖုန်းသံသည် ည၏ တိတ်ဆိတ်မှုကို ဖြိုခွင်းလိုက်သည်။ ညသံဖြစ်သည်မို့ အသံသည် ဆူညံစွာ ထွက်ပေါ်နေသည်။ အိပ်မောကျနေသည့်အတွက် တယ်လီဖုန်းလာသည်ကို မည်သူမှ မသိကြ၊ အိပ်ယာမှ မနိုးကြ၊ စာရေးသူသည်ပင် တော်တော်နှင့် မနိုးပါ၊ နားထဲ၌ ဆူညံသံတွေ ကြားနေရသော်လည်း အိပ်မက်ထဲက အသံတွေလိုလို ဝိုးတဝါး ဖြစ်နေသည်။ တယ်လီဖုန်းသံဟု မဆုံးဖြတ်နိုင်သေး၊ အသံကား ဆူညံစွာ ထွက်ပေါ်နေဆဲပင်၊ မရပ်သည့်အပြင် ပို၍ပင် ဆက်ကာဆက်ကာ မြည်နေသည်။ မြည်သံများတော့မှ အိပ်ယာမှ လန့်နိုးကာ အောက်ထပ်သို့ ခပ်မြန်မြန် ဆင်းခဲ့ပြီး တယ်လီဖုန်းကောက်ကိုင်ကာ နားထောင်လိုက်သည်။

"ဆရာတော်လား ဘုရား"ဟု ဒကာမတစ်ယောက်၏ အသံကို ကြားလိုက်ရသည်။ ထိုအချိန်တွင် ဆရာတော်သည် ကျိန်းစက်နေပြီ ဖြစ်သည့်အတွက် ဆရာတော်မဟုတ်သည့် အကြောင်း၊ ဆရာတော် ကျိန်းနေသည့်အကြောင်း၊ အရေးကြီးပါသလား၊ ဆရာတော်ကို လျှောက်စရာရှိလျှင် ပြောပါ၊ မနက်လင်းမှ လျှောက်ပေးပါမည်ဟု ပြန်ပြောလိုက်သည်။ ထိုသို့ပြောသော်လည်း မရပါ။ အရေးကြီးသည့်ကိစ္စဖြစ်သည်။ ဆရာတော်ကိုသာ ပင့်ပေးပါရန် အထပ်ထပ် အခါခါ တောင်းပန်နေသည်။ သူ့ကိုယ်သူလည်း "တပည့်တော်မ မဝေပါ ဘုရား"ဟု နာမည်ပါလျှောက်လာပြီမို့ ဆရာတော်ကို သွားပင့်ဖို့ ကတိပေးလိုက်ပါသည်။ မဝေသည် ကျောင်းတိုက်ထဲ၌ ငါးခန်းကုဋီ ဆောက်လုပ်လှူဒါန်းထားသည့် ဦးမြင့်ကြွယ်၊ ဒေါ်ထွင့်ထွင့်တို့၏ညီမ ဖြစ်သည်။ ဆရာတော်နှင့် ရင်းနှီးကြသည့် ဒါယိကာ ဒါယိကာမများ ဖြစ်သောကြောင့် ဆရာတော်ကို သွားပင့်ပါသည်။

ဆရာတော် ကြွလာပြီး တယ်လီဖုန်းကို ကောက်ကိုင်စကားပြောသည်။ ဖုန်းထဲက စကားပြောသံ ကြားလိုက်ရသည်နှင့် ဆရာတော်သည် စိုးရိမ်သောအသံများဖြင့် "ဘာဖြစ်တာလဲ၊ ဘယ်အချိန်က ဖြစ်တာလဲ" စသည်ဖြင့် အတန်တန်မေးနေသည်၊ စာရေးသူသည်လည်း ထိုအနားမှာပင် ရှိနေ

သောကြောင့် ဖုန်းလာသောကိစ္စသည် သာမာန်ကိစ္စတော့ မဟုတ်တန်ရာ၊ အရေးကြီးသောကိစ္စ ဖြစ်လိမ့်မည်ဟု တွေးကာ ဆရာတော် ခိုင်းစရာရှိလျှင် အလွယ်တကူရအောင် သတိအနေအထားဖြင့် စောင့်လျက် ရှိနေပါသည်။

ဆရာတော်သည် တယ်လီဖုန်းကို အတန်ကြာအောင် မေးမြန်းပြောဆိုပြီး "အေး တို့အခုလာခဲ့မယ်ဟေ့"ဟု အဆုံးသတ်ကာ ဖုန်းကို ပြန်ချလိုက်ပါသည်။ ထို့နောက် စာရေးသူဘက် လှည့်ကာ "သွားကွာ ဦးဇင်းသုံးပါး သင်္ကန်းအရုံခိုင်း၊ မင်းပါလိုက်ခဲ့၊ ခု ပရိတ်ရွတ်သွားမယ်၊ ပဗ္ဗဇနီယကမ္မဝါစာပါ ယူခဲ့၊ ဒကာမ မထွင်ငွေတစ်ယောက် ပယောဂဝင်ပူးပြီး စကားတွေ ထင်ရာပြော ငိုလိုက် ရယ်လိုက် ဖြစ်နေတယ်တဲ့၊ အဲဒါ တို့ကို ပရိတ်ဖတ်ပေးဖို့ ပင့်နေတယ်၊ မြန်မြန်သွား၊ ကားလာရင် လိုက်ဖို့ တစ်ခါတည်း ပြင်ထားကြ"ဟု တစ်ဆက်တည်း ခိုင်းကာ ဆရာတော်ကိုယ်တိုင်လည်း သင်္ကန်းလဲရန် ပြင်စ ပြုပြီမို့ စာရေးသူသည်လည်း အခြား ဦးဇင်းသုံးပါးကို သွားရောက် နှိုးကာ ဆရာတော် မှာသည့်အတိုင်း ပြောပါသည်။

ဆရာတော်နှင့် စာရေးသူတို့ (၄)ပါးပေါင်း (၅)ပါး သင်္ကန်းရုံပြီး စောင့်နေကြရာ မကြာမီ ကားရောက်လာသည်။ အချိန်မဆွဲတော့ပဲ လာပင့်သော ကားကလေးနှင့် မုံရွာမြို့၏

တောင်ဘက်(၂)မိုင်ကျော်ကျော် ဝေးသည့်ရပ်ကွက်သို့ လိုက်ပါသွားကြပါသည်။

(၁၂)နာရီ ထိုးကာနီးတွင် အဆိုပါ အိမ်သို့ ရောက်ပါသည်။ အိမ်ရောက်၍ အိမ်တံခါးမကြီးကို ဖွင့်လိုက်သည်နှင့် ဒေါ်ထွင့်ရွှင်တစ်ယောက် ငိုယိုကာ စကားတွေ ထင်ရာပြောနေပြီး ဘေးကလူတွေက ဝိုင်းဝန်းထိန်းထားရသည်ကို တွေ့မြင်လိုက်ရပါသည်။ ကက်ဆက်မှ တရားခွေဖွင့်ပေးထားသည်ကိုလည်း ကြားရသည်။ ဒေါ်ထွင့်ရွှင်ကို ဘုရားစင်ရှေ့တွင် ပြုစုနေကြသည်။ ချော့နေကြသည်။ သတိထားဖို့ ပြောနေကြသည်။ ဆရာတော်နှင့်တကွ သံဃာတွေ ကြွလာကြောင်း သူ၏ ခင်ပွန်း ဦးမြင့်ကြွယ်က ပြောသည်။ သတိပေးသည်။ ထိုသို့ ပြောဆို သတိပေးသော်လည်း မရပါ။ လက်အုပ်ချီဦးချိုင်းသည်ကိုလည်း ဂရုမစိုက်ပါ၊ သူပြောချင်တာကိုသာ ဆက်ပြောနေပါသည်။ ဆရာတော်နှင့် စာရေးသူတို့အဖွဲ့သည် ဒေါ်ထွင့်ရွှင်၏ရှေ့ မလှမ်းမကမ်းတွင် ခင်းထားသော နေရာပေါ်၌ တန်းစီထိုင်လိုက်ကြသည်။

ဆရာတော်က ဒေါ်ထွင့်ထွင့်အား သတိထားဖို့အကြောင်း၊ ဘာမှ မဖြစ်အောင် ပရိတ်ရွတ်ပေးမည် ဖြစ်ကြောင်း စသည်များဖြင့် သက်သာရာ သက်သာကြောင်း စကားများကို ပြောကာ နှစ်သိမ့်ပါသော်လည်း ဘာမျှပြန်

မလျှောက်ပါ၊ ခါတိုင်းဆိုလျှင် ဆရာတော်ကို အလွန်ကြည်ညို ပြီး ဆရာတော်၏ အဆုံးအမသြဝါဒကို လိုက်နာသမျှသည် တစ်ခါတွင်မှု ဘာမျှ မလိုက်နာပါ၊ ပြောသမျှစကားကို နား မထောင်၊ သူထင်ရာ ပြောနေပြီး မျက်စိကြည့်ပုံကလည်း မျက်စောင်းထိုး ကြည့်ကြည့်နေသည်။ မျက်စိကလည်း နီနေ သည်။ ဆံပင်တွေ ဖားယားကျနေပြီး အရူးမကြီးနှင့် တူနေ သည်။ သူ့ခင်ပွန်း ဦးမြင့်ကြွယ်က ဖြစ်သမျှအကြောင်းကို လျှောက်သည်မှာ 'နေလယ်က သူ့မိတ်ဆွေ ကုန်သည် တစ်ယောက်ထံမှ လက်ဖွဲ့နှင့် အင်းကွက်များ စာတိုက်မှ ပါဆယ်ထုပ်နှင့် ရောက်လာကြောင်း စီးပွားရေးတိုးတက်ရန် ခါး၌ အမြဲဆောင်ထားရမည်ဟု အမှာပါသည်နှင့် ခါးမှာ ပတ်ထားကြောင်း၊ ထိုသို့ ပတ်ထားသည့်အချိန်မှစကာ စိတ် ဖောက်ပြန်လာကြောင်း စိတ်ဖောက်ပြန်ပြီး ထင်ရာတွေပြော၊ ငိုသည့်အခါ ငိုနှင့် ဖြစ်နေ၍ အိမ်မှာရှိသည့် တရားခွေများကို ဖွင့်ပေးပြီး အနာခိုင်း၊ သူ့ကို ကိုယ်တိုင်ဘုရားစာ တရားစာ ရွတ်ပေးသော်လည်း မရ၊ ပြက်ရယ်ပင် ပြုနေကြောင်း၊ နောက်ဆုံး ကြံရာမရဖြစ်ပြီး ဆရာတော်တို့ကို ပင့်ရပါ ကြောင်း'ကို လျှောက်ထားပါသည်။

ဦးမြင့်ကြွယ် လျှောက်ထားသော စကားများကို နားထောင်ပြီး ဆရာတော်က ဘာမျှ အထူးမပြောတော့ပဲ

ပရိတ်ရေ၊ ပရိတ်သဲ၊ ပရိတ်ချည်၊ ပရိတ်ပန်းများကို အပြင် ခိုင်းကာ ပရိတ်ရွတ်ဖတ်ဖို့ စီစဉ်ပါသည်။ ရတနသုတ်၊ မေတ္တာ သုတ်၊ အာဋာနာဋိယသုတ်၊ ပုဗ္ဗဏှသုတ်များကို ရွတ်ဖတ်ရန် စိတ်ဖောက်ပြန်နေသည့် ကျောင်းဒါယိကာမအပေါ် မေတ္တာ ကရုဏာရှေ့ထားပြီး ရောဂါဝေဒနာ ပျောက်ကင်းရန် စေတနာ နှင့် ရွတ်ဖတ်ကြရန် သတိပေးပါသည်။ ထို့နောက် သမ္ဗုဒ္ဓေက စပြီး အစီအစဉ်အတိုင်း ရွတ်ဖတ်ကြပါသည်။

ပရိတ်စရွတ်သည်မှ ရတနသုတ်၊ မေတ္တာသုတ်များကို ရွတ်ပြီးသည့်တိုင်အောင် ဒေါ်ထွင်ရွှင် သတိမရသေးပါ၊ သူ ပြောမြဲ စကားတွေကိုသာ ပြောနေဆဲ ဖြစ်သည်။ ငိုလိုက် ပြောလိုက်နှင့်ပင် ရှိပါသေးသည်။ ဆရာတော်နှင့် တရေးသူ တို့ အဖွဲ့သည် ရောဂါဝေဒနာ ပျောက်ကင်းစေရန် ရည်သန်၍ မေတ္တာကရုဏာ ရှေ့ထားပြီး ဖြေးဖြေးမှန်မှန်ဖြင့် ပရိတ် တရားတော်များကို ရွတ်ဖတ်ပေးနေပါသည်။

အစီအစဉ်အတိုင်း ရွတ်ဖတ်လာရာ အာဋာနာဋိယ သုတ်သို့ ရောက်လျှင် ဒေါ်ထွင်ရွှင်တစ်ယောက် သတိရ လာပါသည်။ဆရာတော်ဘက်သို့ လက်အုပ်ချီကာ ဘာစကားမှ မပြောတော့ပဲ ငြိမ်သက်လာပါသည်။ ပရိတ်ကို အာရုံစိုက်ပြီး နာနေပါသည်။ ငိုလည်း မငိုတော့ပါ။ တရေးသူသည် ပရိတ် ရွတ်ဖတ်သည်မှ စပြီး အခြေအနေကို အကဲခတ်လာရာ ယခု

အာရှောနာဋ္ဌိယသုတ် ရောက်လျှင် အခြေအနေ ပြောင်းလာသည်ကို သတိထားမိပါသည်။ ထိုသို့ အခြေအနေ ကောင်းလာသည်မို့ အားတက်သရောဖြစ်ကာ ပရိတ်ကို ပုဗ္ဗဏှသုတ်ကုန်သည်အထိ ဖြေးဖြေးမှန်မှန် ရွတ်ပေးလိုက်ကြပါသည်။ ပရိတ်ရွတ်ပြီးသည်နှင့် ဒေါ်ထွင့်ထင့်တစ်ယောက် လူကောင်းပကတိ ဖြစ်လာပါပြီ၊ ထင်ရာမပြော မငိုတော့ပါ၊ စိတ်တွေကြည်လင်လာပြီး ဆရာတော်ကို ပုံမှန်အတိုင်း စကားတွေလျှောက်ထားပါသည်။

ဆရာတော်အနေနှင့် ဘာမှ အထူးအထွေ မပြောဘဲ ပိုပြီး စိတ်ချသွားရအောင် အမိန့်တော်ပြန်ပြီး ပဗ္ဗဇနိယကမ္မဝါစာကို ဖတ်ကြပြန်ပါသည်။ ထို့နောက် ပဋ္ဌာန်း(၂၄)ပစ္စည်းကို စည်းချပေးသည်။ သမ္ဗုဒ္ဓေဂါထာ၊ သမ္ဗေဗုဒ္ဓါဗလပတ္တာ အစရှိသော အန္တရာယ်ကင်းဂါထာ စည်းချဂါထာများကိုပါ မေတ္တာ ကရုဏာရှေ့ထားပြီး ရွတ်ပေးကြပါသည်။ ပြီးဆုံးသောအခါ အခြေအနေမှာ ပို၍ ကောင်းမွန်လာပြီး လုံးဝ ပျောက်ကင်းသွားပါတော့သည်။ ပယောဂမှန်သမျှ ဘာမှမရှိတော့ပါ၊ စိတ်မှန် လူမှန်ဖြစ်သွားပြီမို့ ဒေါ်ထွင့်ထွင့်နှင့်တကွ တစ်အိမ်သားလုံး ဝမ်းသာပီတိတွေ ဖြစ်နေကြသည်၊ အံ့သြမဆုံး ဖြစ်နေကြပါသည်။ ဆရာတော်နှင့်တကွ စာရေးသူတို့သည် မိမိတို့ကိစ္စ ပြီးပြည့်စုံပြီဖြစ်၍ ကျောင်းသို့ ပြန်ခဲ့

ကြပါသည်။ ကျောင်းသို့ရောက်၍ နာရီကြည့်လိုက်ရာ (၁) နာရီထိုးနေပေပြီ။

နောက်ရက်များ၌ ဒေါ်ထွင့်ထွင့်၏ သတင်းကို နားစွင့်နေရာ ဘာမှ မဖြစ်တော့ပဲ စီးပွားရေးများပင် ကောင်းမွန်လာပြီဟု သတင်းကြားရသဖြင့် ဝမ်းသာမဆုံး ဖြစ်ရပါသည်။ ဘုရားရှင်၏ ပရိတ်တော်များသည် အမှန်ပင် အန္တရာယ်ကင်းပျောက်သည့်အကြောင်းကို ကိုယ်တွေ့ကြုံလိုက်ရပါသည်။

ဓမ္မစရိယ အရှင်ဉာဏဝံသ
မဟာဝိဇ္ဇာသိပ္ပံကျောင်းတိုက်
ရှပ်စုံကျောင်းလမ်း၊ မုံရွာမြို့။

*****

## ပုတ်တစ္ဆေကပ် ကျွန်မအမေဘဝ
## ပဋ္ဌာ ဧနိယကမ္မဝါစာ နှင့် နှင်ချရ

"သမီး - သမီးအမေရောဂါက ကျွမ်းနေပါပြီ၊ သက်တမ်းကလဲ (၇၀)ကျော်ဆိုတော့ ကံကုန်သက်တမ်းကုန် သဘောသာ စိတ်အာရုံထားပြီး စိတ်ဖြေပါတော့၊ ဆေးဖိုးဝါးခ ငွေတွေလဲ အပိုကုန် မလုပ်ပါနဲ့တော့၊ ဆရာဘက်ကလည်း ဆေးစွမ်းကုန်ပါပြီ၊ အဲဒီတော့ သူ့ဘာသာ ဆန္ဒရှိတာ လုပ်ပေး၊ ကျွေးပေးပါသမီး"

သမားတော်ကြီး ဆရာစကက ကျွန်မအမေနှင့် ပတ်သက်ပြီး တရားချပါသည်။ ကျွန်မသည် မိခင်ကို ခွဲရတော့မည်ဟူသော အသိဖြင့် ကြေကွဲဝမ်းနည်းကာ မျက်ရည် တတွေတွေ ကျနေမိပါသည်။

ကျွန်မတို့အရပ်တွင် လူ(၁၀၀)လျှင် ကံနာ ဝဋ်နာ မဟုတ်က (၉၉)ယောက် ရောဂါပျောက်အောင် ကုသနိုင်သော အကျော်ဒေးယျသမားတော်ဟူ၍ နာမည်ကြီးလှသော ဆရာစ ကပင် လက်လွှတ်ပြီဆိုတော့ ကျွန်မဟာ အမေကို ဤရက် အတောအတွင်း လက်လွှတ်လိုက်ရတော့မှာပါလားဟု အမေ ကို တစိမ့်စိမ့်ကြည့်ရင်း တသိမ့်သိမ့် ငိုရှိုက်မိပါသည်။

အမေကတော့ ဘာမျှ မပြောနိုင်၊ မလှုပ်ရှားနိုင်တော့ပါ။ အရိုးပေါ် အရေတင် အိပ်ယာထက်တွင် ပက်လက်ကလေး ဖြင့်သာ မှိန်းနေပါသည်။ အမေ၏ အာရုံများသည်လည်း ပတ်ဝန်းကျင်ကို မြင်နိုင်စွမ်း မရှိတော့၊ အရာရာအားလုံး မှေးမှိန်မှုန်ဝါးနေဟန် တူပါသည်။

ကျွန်မတို့ တောခလေ့၊ တောသဘာဝအရ ဆေးရုံကလည်း မရှိတော့ ဆေးရုံမှာ မထားနိုင်ပါ၊ သူနာပြုဆရာမလည်း မရှိ၍ အမေကို နေ့စဉ် ထာဝရကြီး အနီးကပ်စောင့်၍ မပြုစုနိုင်ကြပါ၊ ကျွန်မတို့မှာက ဖခင်ကြီး ဆုံးပါးသွားပြီး ကတည်းက မိခင်လက်ငုတ် လယ်ယာကလေးကို လူငှားနှင့် ကိုယ်တိုင်ကြီးကြပ် လုပ်နေရလေတော့ ဤအိမ်မှာ ကျွန်မသည်ပင် အိမ်ထောင်ဦးစီး ကျွန်မသည်ပင် ယောကျာ်းလေး သဖွယ် စီးပွားရေးကို လုပ်နေရပါသည်။ သို့အတွက် မိခင်ကို ဒီအတိုင်းဘဲ ထားပြီး လုပ်စရာရှိသည်တို့ကို လုပ်ရပါသည်။ တောခလေ့ထုံးစံအရ ညပိုင်း အစော အားလပ်ချိန်တွင် ရပ်ရွာရပ်မိရပ်ဖများက လာရောက်အားပေးကြ သတင်းမေးကြ ရှိပါသည်။

ညဥ့်နက်သော် အမေနှင့် ကျွန်မသာ ကျန်ရစ်ခဲ့ပါတော့သည်။ ဒါကလည်း နေနေကျ သဘာဝမို့ အထူးမဟုတ်တော့ပါ။

ဆရာ့စလက်လွှတ်ပြီး (၆)ရက်ညမြောက် သန်းခေါင် အချိန်လောက် ဖြစ်ပါသည်။

"သမီး-ထပါဦး၊ အမေ တစ်ခုခု စားချင်လို့၊ စားစရာ လုပ်ပေးပါ"

လနှင့်ချီ၍ မထနိုင်သောအမေ စကားမပြောနိုင်သော အမေသည် ယခု ထထိုင်ပြီး ကျွန်မကို လှုပ်နှိုးကာ စကား ပြော အစာတောင်း၍ ကျွန်မ အံ့အားသင့်ကာ ငေါက်ကနဲ ထထိုင်မိပါသည်။ အမေကို တအံ့တသြ ကြည့်မိပါသည်။ အမေထိုင်နိုင် စကားပြောနိုင်၍ ဝမ်းသာမိပါသည်။

မီးအလင်းရောင် မှိန်ထားသော မီးအိမ်ကို အလင်း ရောင် အမြန်မြှင့်ပြီး အမေကို သေချာစွာ စူးစိုက်ကြည့်မိ ပါသည်။

"သမီး-အမေ တစ်ခုခုစားချင်တယ်၊ ဟင်းလေးနဲ့ပေါ့"

ခါတိုင်းက ရေနှင့်အစာကို အတင်းအဓမ္မ ခွံ့ကျွေး နေရသောအမေသည် ယခု အစာတောင်းလာ၍ ကျွန်မသည် အားရဝမ်းသာဖြစ်ကာ-

"အမေ အစာစားချင်လို့လား စားရမယ် အမေ စားရမယ်"

ကျွန်မသည် အားရဝမ်းသာ ပြောဆိုရင်း မီးဖိုချောင် ထဲဝင်ကာ အမေ့အတွက် ပြုလုပ်ထားသော ကြက်သား

စွပ်ပြုတ်ရည်နှင့် အသားများကို ယူပြီး ကျွေးပါသည်။
အမေသည် ထမင်းကို အားရပါးရ စားပါသည်။ အမေထမင်းစား၍ ကျွန်မ အားရဝမ်းသာ ဖြစ်မိပါသည်။ အမေတော့ နတ်သကြားမ၍ ရောဂါက ထလာသည်ဟု ထင်မိလာပါသည်။

အမေသည် စားသောက်ပြီးသောအခါ ပြန်အိပ်ရန် ပြန်လှဲချပါသည်။ ယခင်က လူကထူမှ ထိုင်နိုင်လှဲချနိုင်သော အမေသည် ယခု သူ့ဘာသာသူ ထခဲ့သည်။ ယခုအိပ်တော့လည်း သူ့ဘာသာသူ လှဲချအိပ်သည်။

အမေက ကျွန်မကို ဘေးမှာလာအိပ်ခိုင်း၍ ယခင်က အမေ့ဘေး ခပ်လှမ်းလှမ်းမှာနေပြီး အိပ်သော ကျွန်မသည် အမေ့ဘေးသို့ကပ်ကာ အိပ်၍ အိပ်ယာကို ရွှေ့ခဲ့ပါသည်။ အမေ့ဘေးမှာပင် အိပ်ပါသည်။ အမေသည် ကျွန်မကို အားရပါးရ ဖက်ကာ အိပ်ပါသည်။ စကားတော့ သိပ်မပြောပါ။

နောက်နေ့ မိုးလင်းသော် အမေသည် မထပါ၊ ယခင်ကလိုပင် အိပ်ယာထဲ ပက်လက်နေပါသည်။ စကားမေးပြောသော်လည်း မရပါ၊ ညက အစာတောင်း စကားပြောသော အမေသည် ယခုနေ့ကျတော့ စကားလဲမပြော အစာလဲ မတောင်းပါ။

ရောဂါဖောက်ပြန်လာ၍ စကားမပြော၊ အစာမတောင်းဟု ကျွန်မဖြေသိမ့်ပြီး ဆရာစ ပေးခဲ့သော ဆေးကို တိုက်ရန် ဇီ.ပံ့ပြီး ဆေးကို တိုက်ပါသည်။

ရပ်ရွာထဲမှ အဒေါ်များ၊ ဘကြီးဦးလေးက သတင်းလာမေးသောအခါ ညက အဖြစ်အပျက်ကို ပြောပြရာ သူတို့လည်း အံ့အားသင့်ကြပြီး ရောဂါ သက်သာလာလို့ ဖြစ်မည်ဟု ထင်မြင်ချက် ပေးကြပါသည်။

ကျွန်မသည် အမေ အစာတောင်းသောအခါ စားနိုင်ရန် အသားများကို ကြိုတင်ဝယ်ယူပြီး ချက်ထားပါသည်။

အမေသည် တစ်နေ့လုံး မထ၊ စကားမပြော၊ အစာမတောင်းဘဲနေပြီး ညဥ့်အချိန် လူမမာ သတင်းမေးသူများပြန်သွားသောအခါ ထပြီး အစာတောင်းပါသည်။ စကားပြောပါသည်။ ကျွန်မကိုလည်း သူ့နားမှာ အိပ်စေပါသည်။

ဤကဲ့သို့ ပြုလာသည်မှာ (၃–၄)ည ရှိလာသောအခါ ရပ်ရွာထဲမှ ရပ်မိရပ်ဖလည်းဖြစ်၊ ရဟန်းဝတ်ခဲ့ပြီး စာပေလည်း အနည်းငယ်တတ်မြောက်သင်ကြားခဲ့ဘူးသော ဘကြီးဦးချစ်က–

"နင့်အမေ ဖြစ်နေပုံက ရိုးမှ ရိုးရဲ့လားဟဲ့"ဟု စကားမတင်မကျ ပြောပါသည်။

"ဘာဖြစ်လို့လဲ ဘဘချစ်"

"နင့်အမေ ဖုတ်များ ဝင်နေသလားလို့"

"ဘယ်လို ဖုတ်ဝင်တာလဲ ဘဘ"

"ဖုတ်ဝင်တယ်ဆိုတာ အစိမ်းသရဲတစ္ဆေတစ်ကောင်ကောင်က ညဥ့်အချိန် ဝင်ကပ်ပူးပြီး အစာတောင်းစာနေတာပေါ့၊ တို့ မဟာဝင်မှာ အာသောကမင်းကြီးရဲ့ဖခင် ဘုရင်ဗိန္ဒုသာရဟာ သေကာနီးမှ အဲဒီလို ဖုတ်ဝင်နေတာ၊ နောက်တော့ အမတ်တွေက ရိပ်မိပြီး လုပ်ကြံမှ ဖုတ်က ထွက်သွားတယ်၊ တို့ အတွေ့အကြုံအရလဲ ဒီလို နာနာဘာဝတွေက ဖုတ်ဝင်နေပြီး အစာတောင်းစားတာတွေ တွေ့ဘူးတယ်"

"ဒါဆို ဘဘချစ်-ဖုတ်ဝင်တယ် မဝင်ဘူးဆိုတာ ဘယ်လို သိရမလဲ ဘဘချစ်၊ သမီးကို ကူညီပေးပါဦး"

"ကြားဘူးတာတော့ သြဇာရွက်ကို သူအိပ်တဲ့ ဖျာအောက် ထည့်ပေးထားရတယ်၊ တချို့ကလဲ လူစီးတဲ့ခုံဖိနပ်ခံပေးထားရတယ်လို့ ဆိုကြတယ်"

"ဒါဆို ကျွန်မ ဒီည စမ်းကြည့်မယ်"

"အေးပေါ့၊ စမ်းကြည့်ပေါ့-နာနာဘာဝဆိုတာက သူ့ကို အန္တရာယ်လုပ်ရင် ကိုယ်လဲ အန္တရာယ်ပြုတတ်တယ်၊ အဲဒီတော့ ဒီည သမီးအဖော်တစ်ယောက်နှစ်ယောက်လောက်ခေါ်အိပ်ရင် ကောင်းမယ်"

ကျွန်မသည် ဘဘချစ်၏ အကြံပြုချက်အရ ထိုညတွင် လိုအပ်သည်များကို စီစဉ်ပြီး သားချင်းမကင်းသော တူမ

တစ်ယောက်နှင့် တူတစ်ယောက်နှင့် အိပ်မှ စာရင်းငှားကို အိမ်မှာ လာအိပ်စေပါသည်။

အမေသည် ခါတိုင်းလိုပင် ထထိုင်ပြီး အစာတောင်းပါသည်။ ကျွန်မကလည်း စီမံချက်ပြုတ်ထားသော အစာများကို ကျွေးပါသည်။ အိပ်သောအခါတွင်လည်း ယခင်ကလိုပင် သူ့နားမှာ အိပ်စေပါသည်။

ကျွန်မသည် အမေအိပ်ရာနားတွင် အိပ်ယာခင်းရင်း အမှတ်မထင် ဩဇာရွက်များကို အမေ့ဖျာအောက် သွင်းလိုက်ပါသည်။ တစ်ညလုံး ဘာမျှ ထူးထူးခြားခြား မဖြစ်ပါ။

နောက်နေ့တွင် အမှတ်တမဲ့ ခုံဘိနပ်ကို ဘေးဘက်ဖျာအစပ်တွင် ထားပါသည်။ ဘာမျှမထူးခြားပါ။

အမေကတော့ ထုံးစံအတိုင်းပင် ညဥ့်အချိန် အစာတောင်းမြဲ စားဆဲပင် ဖြစ်ပါသည်။ ကျွန်မသည်ပင် တဖြည်းဖြည်း ဘာဘာချစ်စကားအရ အမေကို ကြောက်လန့်လာမိပါသည်။ သူ့အနား သွားအိပ်ရမှာကိုပင် လန့်လာမိပါသည်။ အဖော်တွေ လာ၍ အကြောက်ကတော့ အနည်းငယ် သက်သာသွားပါသည်။

နောက်ဆုံးလေးရက်တွင် ဤကဲ့သို့ ဆက်ဖြစ်နေပါသည်။ ဩဇာရွက်လဲ မရ၊ ခုံဖိနပ်လဲ မရ ဖြစ်နေ၍ ဘာဘာချစ်

**ကပင် ရွာဦးကျောင်းဆရာတော်ကို အကျိုးအကြောင်း သွား** ရောက် လျှောက်ထားပြသည်။

ဘဘချစ်နှင့် ရွာဦးကျောင်းဆရာတော်တို့ တိုင်ပင်၍ ညနေတွင် ကျွန်မအိမ်၌ ကမ္မဝါစာနှင့် ပရိတ်ရွတ်ရန် စီမံပေးကြပါသည်။

ဘဘချစ်က ထိုကိစ္စကို ကျွန်မအိမ်သို့ လာပြောသောအခါ ဘဘချစ်ကို မြင်တွေ့ရသော အမေသည် ရုတ်တရက် ထပြီး–

"ဟဲ့ ဖိုးချစ် နင်သေသွားချင်သလား၊ နင် ဘာတွေ လာရှုပ်တာလဲ"

ဟု ကြိမ်းမောင်းပါတော့သည်။ ဘဘချစ်သည် ပထမတော့ အံ့အားသင့်သွားသည်။ နောက်တော့ သဘောပေါက်ကာ–

"မမအိကလဲဗျာ၊ ကျွန်တော် ဘာမှ မလုပ်ပါဘူး၊ မမအိ နေကောင်းအောင် ကျန်းမာအောင် ဘုရားကု ကုပေးမလို့ စီမံထားတာပါ၊ ဒါကို သမီးကို လာပြောတာပါ"

"ဟဲ့ ဖိုးချစ်၊ ငါ့ကို ဘာမှ ဘုရားကု ကုစရာမလိုဘူး နင်ဘာမှ မစီစဉ်နဲ့ ငါ့သမီးကိစ္စ ငါ့သမီးဘာသာ စီစဉ် ဆောင်ရွက်လိမ့်မယ်"

"ဟုတ်ပါပြီ မမအိ၊ ကျွန်တော်ဘာမှ မလုပ်ပါဘူး၊ ပြန်တော့မယ် မမအိ၊ နေကောင်းအောင် နေနော်"

ဘဘချစ်သည် ထိုသို့ပြောပြီး ပြန်ထွက်သွားပါသည်။ ယခင်က ဘဘချစ်ကို "ဟဲ့ ဖိုးချစ်"ဟူ၍ ရိုင်းရိုင်းစိုင်းစိုင်း မခေါ်ဘူးသော အမေသည် ယခု ရိုင်းစိုင်းစွာ ခေါ်၍ ကျွန်မသည် ဘဘချစ်ကို အားလည်းအားနာပါသည်၊ အမေ၏ အပြုအမူများကိုလည်း အံ့သြသွားရပါသည်။

ညနေ (၅)နာရီလောက်တွင် ဘဘချစ်နှင့် ရွာဦး ဆရာတော်အပါအဝင် သံဃာတော်(၅)ပါး ကြွလာပါသည်။ ရပ်ရွာထဲမှ သက်ကြီးပုဂ္ဂိုလ်များလည်း တရားနာရန် အတော် များများ လာကြပါသည်။ လူငယ်များက ဖုတ်ဝင်သည်ကို သိရှိလိုကြ၍ အချို့လာကြသည်။

အစောက ဘဘချစ်ကို ရန်တွေ့လွှတ်သော အမေ သည် ယခု မလှုပ်တော့၊ အိပ်ရာထဲတွင် မှိန်းနေသည်၊ ဘာမျှ မပြောတော့။

ရွာဦးဆရာတော်နှင့် သံဃာတော်များ ကျွန်မအပါ အဝင် ပရိသတ်များကို ငါးပါးသီလ ခံယူစေပါသည်။ မြီးလျှင် နတ်ပင့်နှင့် မေတ္တာသုတ်ပရိတ်တော်များကို ရွတ်၍ မေတ္တာ ပို့သအပ်ပါသည်။

ပြီးလျှင် ပဋ္ဌာဇနီယကမ္ဘဝါစာ အမိန့်ပြန်တမ်းဖြစ်ရန် စီမံပေးပါတော့သည်။ ဆရာတော်အမိန့်ပြန်တမ်း ပြန်စဉ်ပင် အမေသည် ရုတ်တရက် ထထိုင်ပြီး-

"တပည့်တော်မ၊ သွားပါတော့မယ်ဘုရား၊ တပည့်တော်မကို သနားပါဘုရား၊ တပည့်တော်မ စားချင်လို့ လာနေတာပါဘုရား"

ဟု လက်အုပ်ချီကာ ဆရာတော်ကို လျှောက်ပါသည်။

"သင် ဘယ်သူလဲ၊ ဘယ်မှာနေလဲ"

"တပည့်တော်မ လှယုံပါဘုရား၊ တပည့်တော် ယခု အငတ်ငတ် အပြတ်ပြတ်နဲ့ ချောင်းဘေးက နဘဲပင်မှ နေရပါတယ်ဘုရား"

"အင်း လှယုံ၊ နင် လူ့ဘဝတုန်းကလည်း ကုသိုလ် ဒါန သီလမပြု၊ အဲဒီလို မပြုခဲ့လို့ ယခု အစားဆင်းရဲ အနေဆင်းရဲ ပြိတ္တာတစ္ဆေဘဝ ရောက်နေရပြီ ယခုတဖန် သူတကာကို ညှင်းဆဲနှိပ်စက်ပြန်ပြီး ဒီကသေလျှင် ငရဲရောက်ပေတော့မည်၊ ယခု သင့်အတွက် အမျှဝေပေးမည်၊ သာဓု ခေါ်သွား"

ဆရာတော်က ဤသို့ မိန့်ကြားပြီး အမျှပေးဝေစေပါသည်။ ထိုခဏမှာပင် အမေသည် ထိုင်ရာမှ အရုပ်ကြိုးပြတ် လဲကျပြီး အသက်ထွက်သွားပါတော့သည်။

ဆရာတော် သံဃာတော်များသည် အခြားသော နာနာဘာဝများ နောက်ထပ် ပူးကပ် မနှောက်ယှက်စေရန် ပဋ္ဌာန်နိယကမ္မဝါစာကို ရွတ်ဖတ်ပေးပြီး အရန်အတားအဆီး များ ပြုလုပ်ပေးပါသည်။ ရတနာသုံးပါးကို မမေ့ကြဖို့လည်း မှာကြားပါသည်။

ထိုအခါကျမှ ကျွန်မသည် မိခင်အတွက် အားရပါးရ ဝမ်းနည်းငိုကြွေးနိုင်ပါတော့သည်။ ရပ်ရွာလူကြီးများက အမေ အသုဘကိစ္စ စီမံဆောင်ရွက်ကြပါသည်။

ကျွန်မဘဝတစ်သက် ထူးခြားသော ဤအဖြစ်အပျက် သည် မမေ့ရက်စရာ ဖြစ်ခဲ့ပါသည်။

ကျွန်မမိခင်ထံ ဘာဖြစ်လို့ ဖုတ်သရဲဝင်နိုင်သည်၊ ပူးကပ်စားနိုင်သည်ကို ကျွန်မ စဉ်းစား ဆင်ခြင်မိပါသည်။ ထိုအကြောင်းကိုလည်း ဆရာတော်ထံ လျှောက်ထားပါသည်။

"နင်တို့ ဘုရားတရား မမြဲလို့ပေါ့ဟဲ့"

ဆရာတော်က အတိုဆုံး မိန့်ကြားပါသည်။ မှန်ပါ သည်။ ကျွန်မတို့သည် တောသူတောင်သားများပီပီ ဗုဒ္ဓ ဘာသာကိုတော့ လက်ခံပါသည်။ ရွာဦးကျောင်းဆရာတော် ကိုလည်း လေးစား ကြည်ညိုကြပါသည်။ သို့သော် နေ့စဉ် ထာဝရ ဘုရားရှိခိုးခြင်း၊ ပရိတ်ရွတ်ခြင်း အမျှပေးဝေခြင်း

စသည်တို့ကို မပြုလုပ်နိုင်ကြပါ။ ဝါတွင်း၌သာ အခါ အားလျော်စွာ ဥပုသ်သီတင်း စောင့်ထိန်းနိုင်ကြပါသည်။

ရတနာသုံးပါး အရုံအတားမရှိသော ကျွန်မတို့အိမ်နှင့် အသိအာရုံ အားနည်းနေသော လူမမာမိခင်ထံ ဖုတ်သရဲ ဝင်ပူးကပ်နိုင်သည်မှ ဘာမျှ မဆန်းပါ။

ရတနာသုံးပါးမြဲပြီး သီလတရားရှိခဲ့၍ နတ်ကောင်း နတ်မြတ်များ အစောင့်အရှောက်ထားရှိလျှင် ကျွန်မတို့အိမ်ဝင်း အတွင်း ဤကဲ့သို့ မကောင်းဆိုးဝါးများ မဝင်နိုင်သည်ကို ယခုတော့ ကျွန်မ သဘောပေါက်မိပါသည်။

သို့အတွက် ကျွန်မသည် ကျွန်မနှင့် ကျွန်မအိမ် ပတ်ဝန်းကျင်ကို ပရိတ်အဆီးအတား ပဋ္ဌာန်းအဆီးအတား ချပါသည်။ ရတနာသုံးပါးကို နေ့စဉ်ရှိခိုးပြီး သတ္တဝါအားလုံး ကို မေတ္တာပို့သကာ အိပ်စက်ခဲ့ပါသည်။

ကျွန်မဘဝ ထာဝရ အေးချမ်းသာယာပြီး စိတ်ချမ်း သာ ကိုယ်ချမ်းသာ ရှိပါတော့သည်။

**တက္ကသိုလ်သျှင်သီရိ(ဓမ္မာစရိယ၊ ဘီ-အေ)**

*****